

ရှင်အုန်းညို

ဂါထာခြောက်ဆယ်ပျို့

ဟံသာဝတီ



ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။
တအုပ် ၂ ကျပ်။

ဟံသာဝတီ
(၅၄၆)
ဂါထာခြောက်ဆယ်ပျို

[redacted]

H 546—A [ဟံသာဝတီ]

ကာဠုဒါယီမဟာထေရ်အရှင်
လျှောက်တင်အပ်သော
ဂါထာခြောက်ဆယ်ကို
ပေလေးပင် ရှင်လေးပါးသိုက်ဝင်
တောင်တွင်းရှင်အုန်းညို

ဖွဲ့ဆိုစီရင်အပ်သော

ဂါထာခြောက်ဆယ်ပျို့

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်
၁၃၂၇-ခု၊ (သာသနာ-၂၅၀၉) ၁၉၆၅-ခု၊

ဂါထာခြောက်ဆယ်ပျို့
ပုံနှိပ်ခြင်း
ပထမအကြိမ် ၁၉၂၈-ခု၊
ဒုတိယအကြိမ် ၁၉၆၅-ခု၊ နိုဝင်ဘာလ

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon.

★

ရန်ကုန်မြို့၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်ရှိ
ဟံသာဝတီပုံနှိပ်တိုက်အတွက်(မှတ်ပုံတင်အမှတ် ၀၀၀၃-
၀၀၀၄)ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

မာတိကာ

ဦးရေ အကြောင်းအရာ မျက်နှာနံပါတ်

၁။ နိဒါန်း
၂။ နေပြည်ဌာန သားဗုဒ္ဓကြွစေလိုကြောင်း မင်းသုဒ္ဓေါ ပင့်စေခန်း ... ၁
၃။ ဆောင်းကူးနွေစ တပေါင်းလသာယာပုံ လျှောက်တင်ခန်း ... ၇
၄။ လယ်ယာအတူ အလှူဖြစ်ကြောင်း လျှောက်တင်ခန်း ... ၁၂
၅။ ဘ,မိ နှစ်ဦး ကျေးဇူးကြီးပုံ လျှောက်တင်ခန်း ... ၁၉
၆။ တောလမ်းခရီး သစ်သီးမျိုးစုံသီးကြပုံ လျှောက်တင်ခန်း ... ၂၆
၇။ တောလုံးအနှံ့ ပန်းရနံ့ သင်းပျံ့နေပုံ လျှောက်တင်ခန်း ... ၃၃
၈။ သားမျိုးစုံစုဝေး၍ ဟစ်ကြွေးနေပုံ လျှောက်တင်ခန်း ... ၃၉
၉။ ငှက်ပေါင်းဆင့်ဆင့် ကျူးရင့်နေပုံ လျှောက်တင်ခန်း ... ၄၇
၁၀။ ရေကန်သာလှ အေးမြနေပုံ လျှောက်တင်ခန်း ... ၅၅
၁၁။ အများလူမိုလ် ကြည်ညိုကြပုံ လျှောက်တင်ခန်း ... ၆၂
၁၂။ များစွာနတ်လူ ပူဇော်ကြပုံ လျှောက်တင်ခန်း ... ၇၅
၁၃။ နိဂုံးလင်္ကာ ... ၈၂

နိဒါန်း

ဂါထာဘိဂီတာ ဒေသနာဖြင့် သေအချာခြွက်ဟ၍ ဆုံးမ ချေချွတ်တော် မူလေ့ရှိတော်မူသော ပရမေဘဂ္ဂဝ, ရဝေသကျ, မဟေသက္ခ, မဟိဒ္ဓိက, မဟာနုဘာဝ, မဟာဇုတိက, မဟိဿရိယ, မဟာဒက္ခိက, မဟာတုလိက, မဟာယသ, အသမ္ဘိန္နခတ္တိယ, အာဒိစ္စဗန္ဓု သဗ္ဗညုရှင်တော်ဘုရားသည် ဇမ္ဗြိယနိုင်ငံတော် မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်၏ အရှေ့တောင်ထောင့် ဝါးတောပတ်ရံ ဥယျာဉ်မှန်သော ဝေဠုဝန်မင်းကျောင်း၌ ကိန်းအောင်းယာပိုထ် စံပယ်နိုက်တွင် အလိုက်သိစွာ ကာဠုဒါသည် ဂါထာခြောက်ဆယ် နိဒါန်းကျယ်ဖြင့် ဆန်းကြယ်နာသာ လျှောက်ခြင်းရာကို ကျဉ်းစွာဖော်ထုတ်၍ပြပေအံ့။

"တထာဂတော ဟိ မာတုပက္ခတော အသီတိယာ, ပိတုပက္ခတော အသီတိယာတိ-ဒွေ အသီတိဉာတိကုလ သဟဿေဟိ ကာရိတေ ဝိဟာရေ ဂေါ်ယေဝ ဝဿာ ဝါသံ ဝသိ"ဟူသော ဓမ္မပဒအဋ္ဌကထာ ၁-ယမကဝဂ် ၁-စက္ခုပါလတ္ထေရ ဝတ္ထု၁၃-၌ လာသည်နှင့်အညီ သူရုပဝန်အားဖြင့် ၁၆၀၀၀၀-ကုန်သော သာကီဝင် မျိုးတို့သည် ရှိကုန်၏၊ ၎င်းတို့တွင် သရုပ်အားဖြင့် ထင်လျှားရင်းချာ ကျမ်းဂန်လာပုံကား "သီဟဟနုမဟာ ရာဇာ ဇယ သေနဿ အတြဇော"အစရှိသော ပဋ္ဌံ ပဒေါရုဝံသ"ဒေါ် မဟာဝင်ကျမ်းနှင့်အညီ ကပိလဝတ်ပြည်ကြီးရှင် ဘုရင်ဇယသေနမင်း၏သားတော်

သီဟဟနုမင်းနှင့် ဒေဝဒဟပြည်ကြီးရှင် ဒေဝဒဟ သာကီဝင်မင်း၏သမီးတော် ကစ္စာနာဒေဝီကို စုံဘက်တော်မူသည်။

ဒေဝဒဟမင်း၏ သားတော် အဥ္ဇနမင်းနှင့် သီဟဟနုမင်း၏သမီးတော် ယသောဓရာဒေဝီကိုစုံဘက်တော်မူသည်။

၎င်းအဥ္ဇနမင်းသည် သက္ကရာဇ်ဟောင်း ၈၆၄၇-ကို ကာဠဒေဝိလရသေ့နှင့် တိုင်ပင်စိုင်းပြင်းတော်မူ၍ အကြွင်း ၂-ခုထားလျက် ဏာ,ဝ,စ,နှ ကိန်း ၈၆၄၅-ကို ချေတော်မူသည်။

၎င်းသက္ကရာဇ်မှတိုး၍ ၁၀-ခုနှစ် ဝါဆိုလပြည့် စနေနေ့ သုဒ္ဓေါဒနမင်းကြီးကို ကပိလဝတ်ပြည်၌ ဖွားတော်မူသည်၊ ၎င်းအဥ္ဇနမင်း ထားသက္ကရာဇ်၁၂-ခုတွင် ဒေဝဒဟပြည်၌ သိရိမဟာမာယာဒေဝီကို ဖွားတော်မူသည်။

သီဟဟနုမင်း, ကစ္စာနာမိဘုရားတို့၌ သုဒ္ဓေါဒနမင်းသား, ဓောတောဒနမင်းသား, သက္ကောဒနမင်းသား,သုက္ကောဒနမင်းသား,အမိတောဒနမင်းသား, အမိတာမင်းသမီး, ပမိတာမင်းသမီး (မြန်မာစာမူအလို ပါလိတာမင်းသမီး)အားဖြင့် ဩဒနအမည်နှင့် သားတော် ၅-ပါး, သမီးတော် ၂-ပါး ပေါင်း ၇-ပါး-ထွန်းကားတော်မူသည်။

အဥ္ဇနမင်း, ယသောဓရာမိဘုရားတို့၌ မဟာမာယာ မင်းသမီး, မဟာပဇာပတီမင်းသမီး, ဒဏ္ဍပါဏိမင်း

သား,သုပ္ပဗုဒ္ဓမင်းသား အားဖြင့် သမီးတော် ၂-ပါး, သားတော် ၂-ပါး ပေါင်း ၄-ပါး—ထွန်းကားတော်မူသည်။

သုဒ္ဓေါဒန မင်းသားနှင့် မဟာမာယာ မင်းသမီး, မဟာပဇာပတိမင်းသမီး တို့ကို စုံဘက်တော်မူသည်၊ ၎င်းတို့နှစ်သက္ကရာဇ် ၆၈-ခု ကဆုန်လပြည့် သောကြာနေ့နံနက် လုမ္ဗိနီမင်္ဂလာဥယျာဉ် အင်ကြင်းပင်အောက်တွင် ဘုရားလောင်းသိဒ္ဓတ်မင်းသားကို မဟာမာယာမိဘုရားက ဖွားတော်မူသည်၊ ၎င်းကဆုန်လပြည့်ကျော် ၇-ရက် သောကြာနေ့တွင် မဟာမာယာ မိဘုရား သက်တော် ၅၇-နှစ်အတွင်း သမ္မုတိမရဏာ စုတိကျ၍ ဘဝတတန် နတ်ပြည်စံတော်မူသည်။

ထို့ကြောင့် ရှေးဆရာတို့သည် "ဆ,ပဉ္စာသ၊ငါးမာသဝယ်၊သုံးရက်ပယ်၊အကာယ်မယွက်၊မယ်တော်သက်။ ။ နှစ်နှင့်ရက်ဝယ်၊ ကျော်သတ်ပတ်၊ လဝယ်ဒွေစွက်၊ သန္ဓေသက်"၊ ၁၁၅-ဟူ၍ မိန့်ကြကုန်၏၊ ဘုရားလောင်းကို ဖွားပြီးသည့်နောက် ခုနစ်ရက်မြောက်၌ မဟာပဇာပတိမိဘုရားက နန္ဒမင်းသားကို ဖွားတော်မူသည်၊ ၎င်းမင်းသား၏ နောက်မှပင်လျှင်၎င်းမိဘုရားက ဇနပဒ ကလျာဏီမင်းသမီးကိုဖွားတော်မူသည်။

ဘုရားလောင်း ဖွားတော်မူသောအချိန်၌ "အာ, ဗေါ,ကာ,ယ,င,ရှေ,ကဏ်"ဟူသော ဖွားဘက်တော် ခုနစ်ဦးတို့ ဖြစ်ထွန်းကြကုန်သည်ဟု ဆိုကြကုန်၏။ ယသောဓရာမင်းသမီး၏ နောက်မှသာလျှင် ဒေဝဒတ်

(ဃ) နိဒါန်း

မင်းသားကို ဒေဝဒဟပြည်၌ အမိတာမိဘုရားက ဘွားတော်မူသည်၊ ထိုကြောင့် မဟာဝင်ကျမ်း မဟာသမ္မတဝံသကိုပြရာ ဒုတိယပိုင်း၌—

၁၆။ ဇယသေနဿ ဓီတာစ၊
နာမေနာသိ ယသောဓရာ။
ဒေဝဒဟော ဒေဝဒဟ၊
သက္ကောနာမာသိ ဘူပတိ။ ။

၁၇။ အဉ္ဇနောစာထကစ္စာနာ၊
အာသုံ တဿ သုတာဒုဝေ။
မဟေသီစာသိ ကစ္စာနာ၊
ရညော သီဟဟနုဿ သာ။ ။

၁၈။ အာသိ အဉ္ဇနသက္ကဿ၊
မဟေသီ သာ ယသောဓရာ။
အဉ္ဇနဿ ဒုဝေ ဓီတာ၊
မာယာစာထ ပဇာပတီ။ ။

၁၉။ ပုတ္တာ ဒုဝေ ဒဏ္ဍပါဏိ၊
သုပ္ပဗုဒ္ဓေါစ သာကိယော။
ပဉ္စပုတ္တာ ဒုဝေ ဓီတာ၊
အာသုံ သီဟဟနုဿ တု။ ။

၂၀။ သုဒ္ဓေါဒနော ဓေါတောဒနော၊
သက္ကသုက္ကာမိတောဒနော။
အမိတာ ပမိတာ စာတိ၊
ဣမေ ပဉ္စ ဣမာ ဒုဝေ။ ။

၂၁။ သုပ္ပဗုဒ္ဓဿ သက္ကဿ၊
မဟေသီ အမိတာ အဟူ။
တဿာသုံ ဘဒ္ဒကစ္စာနာ၊
ဒေဝဒတ္တော ဒုဝေ သုတာ။ ။

၂၂။ မာယာ,ပဇာပတီစေဝ၊
သုဒ္ဓေါဒနမဟေသိယော၊
သုဒ္ဓေါဒနမဟာရညော၊
ပုတ္တော မာယာယ သော ဇိနော။ ။

ဟူ၍ မဟာနာမထေရ် မိန့်တော်မူသည်၊ ဒေဝဒတ်ကို ဂေါဓိပုတ္တောဟု စူဠဝါပါဠိတော် ၇-သံဃဘေဒကက္ခန္ဓက ၃၃၀-၌ ရှင်သာရိပုတြာ မိန့်တော်မူသည်။

သုက္ကောဒန၏သား မဟာနာမ်မင်းနှင့် အသျှင်အနုရုဒ္ဓါဟူ၍ မူလပဏ္ဏာသအဋ္ဌကထာ ၁၄-စူဠဒုက္ခန္ဓသုတ်အဖွင့် ၁၂၄-၌ ဆိုသည်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ပ၊၁၅၃၊ ဓမ္မပဒအဋ္ဌကထာ ၇-အရဟန္တဝဂ်၊ အနုရုဒ္ဓတ္ထေရဝတ္ထု ၈၂၊ ထေရဂါထာအဋ္ဌကထာ ဝိသတိနိပါတ်အဖွင့်သီဟိုဠ်စာ ၆၆၊ ထေရအပဒါန်အဋ္ဌကထာဗုဒ္ဓဝဂ် ၄-အနုရုဒ္ဓတ္ထေရာပဒါန်အဖွင့်၊ ဗုဒ္ဓဝင်အဋ္ဌကထာ၊ ရတနာစင်္ကမနကဏ္ဍအဖွင့်တို့၌ "အမိတောဒနဿ သက္ကဿ ဂေဟေ ပဋိသန္ဓိံ ဂဏှိ"ဟူ၍ အသျှင်အနုရုဒ္ဓါကို ဆိုသည်။

တိဿထေရ်ကို အမိတာ၏သားဟူ၍ စူဠဒုက္ခန္ဓအဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာယမကဝဂ်, ထေရဿ

ကင်္ခါဋီကာ, ပါစိတျာဒိယောဇနာ မဟာနာမသိက္ခာပုဒ်အဖွင့်တို့၌ ဆိုသည်၊ ပမိတာ၏ သားဟုဆိုသော် မဟာဝင်နှင့်ညီရာ၏။

“မဟာနာမောနာမ ဘဂဝတော စူဠပိတု ပုတ္တော မာသမတ္တေန မဟလ္လကတရော ဒွိသုဖလေသု ပတိဋ္ဌိတော အရိယသာဝကော”ဟု ၉၆-မဟာနာမသိက္ခာပုဒ်အဋ္ဌကထာ၌ ဆိုသည်။

ညီတော်အာနန္ဒာထေရ်ကို အမိတောဒန၏ သားဟူ၍ အဋ္ဌကထာ အစောင်စောင်တို့ ဆိုကုန်၏။

ညီတော်မင်းနန်ခေါ် နန္ဒထေရ်ကို “တေနခေါ ပန သမယေန အာယသ္မာ နန္ဒော ဘဂဝတော မာတုစ္ဆာ ပုတ္တော အဘိရူပေါ ဟောတိ ဒဿနီယော ပါသာဒိကော စတုရင်္ဂုလောမကော ဘဂဝတော”ဟု ဘုရား အောက်အရပ်တော် လက်လေးသစ်နိမ့်ကြောင်းကို ပါစိတ်ပါဠိတော် ၉-ရတနဝဂ် ၁၄၁- နန္ဒသိက္ခာပုဒ်၊ ဝတ္ထု၊ ၁၉၆-၌ ဆိုသည်။

မာ,ယာ မာ,ယာဝိနော ပုဒ်တို့၌လာသော မာယာသဒ္ဒါကား-မာ,ဓာတ်“၁၄၀-မာဆာပဟိယော”ဟူသော ကွာဒိမောဂ္ဂလာန်သုတ်ဖြင့် ယ,ပစ္စည်းသက်၍ ချုပ်ပြီးသည်၊ သင်္ဂီတိသုတ်အဋ္ဌကထာ, ဥဒါန်း, ပဋိသမ္ဘိဒါမဂ်စသော အဋ္ဌကထာတို့၌ “သန္တဒေါသ ကတပါပ ပဋိစ္ဆာဒနလက္ခဏာ”ဟု မိန့်ကုန်၏။

“ဗုဒ္ဓဿ မာတာ ပန မာယာနာမာ” ဟူသော ထေရဂါထာပါဠိ“ဇမဿ ဇနိကာ မာတာ၊ မာယာ

နာမဘာဝိဿတိ” ဟူသောဗုဒ္ဓဝံသ သုမေဓပတ္ထနာ ကထာတို့၌ လာသော မာယာသည် မာ,ပဋိသေဓ၊ ယာ,ဓာတ်တည်း။ထို့ကြောင့်“မာယာနာမာတိကုလ, ရူပ,သီလာစာရာဒိ သမ္ပတ္တိယာ, ဉာတိမိတ္တာဒီဟိ မာ ယာဟီတိ ဝဏ္ဏဗ္ဘဂုဏာဘာယ မာယာတိ လဒ္ဓနာမာ” ထေရဂါထာ အဋ္ဌကထာ-၄၉၇။ “မာယာ တိဧတ္ထ မာတိပဋိသေဓနတ္ထေ နိပါတော၊ယာသဒ္ဒေါ ဂမနဝါစကော။ နတ္ထိ ယာ မဟာဇနာနံ ဧတိဿာ ဟေတုဘူတာယာတိ မာယာ၊ တုမှေ မာ ယာထ မာဂစ္ဆထ ဣမိဿာ ကညာယ ရူပသမ္ပတ္တိံ ပဿထာတိ ဝစနမုပါဒါယ မာယာတိနာမံ လဘတီတိ အဓိပ္ပါယော” အဋ္ဌသာလိနီယောဇနာ၊ သုမေဓကထာအဘွင့် ၄၇-တို့၌ ဆိုကုန်၏၊ ၎င်းမာယာကိုပင် သိရိသဒ္ဒါ, မဟာသဒ္ဒါ, ဒေဝီသဒ္ဒါတို့ ရှေ့နောက်ထည့်၍ သိရိမဟာမာယာ ဒေဝီဟု ခေါ်ကြကုန်၏။

ပဇာပတိမင်းသမီးကို မဟာပဇာပတိ ဟူ၍,၎င်း၊ မိထွေးတော် မဟာပဇာပတိဂေါတမီ ဟူ၍၎င်း ခေါ်ကြကုန်၏၊ အထောက်ကား “နာမကရဏဒိဝသေ ပနဿာလဒ္ဓသက္ကာရာ ဗြာဟ္မဏာ လက္ခဏသမ္ပတ္တိံ ဒိသွာ“သစေ အယံ ဓီတရံ လဘိဿတိ၊ စက္ကဝတ္တိရညော အဂ္ဂမဟေသီ ဘဝိဿတိ၊သစေ ပုတ္တံ လဘိဿတိ၊စက္ကဝတ္တိရာဇာ ဘဝိဿတီ”တိ ဥဘယထာပိ မဟတီ ယေဝ ပဇာ ဘဝိဿတီတိ ဗျာကရိံသု၊အထဿာ မဟာပဇာပတီတိနာမံ အကံသု၊ဣဓ ပန ဂေါတ္တေန သဒ္ဓိံ သံသန္ဒိတွာ မဟာပဇာပတိဂေါတမီတိ

ဝုတ္တံ”။ ဥပရိပဏ္ဏာသအဋ္ဌကထာ ၄၁။ ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့်၊ ၁၉၀-၌လာသည်။

အလောင်းတော် သိဒ္ဓတ်မင်းသားသည် “ရမ္မော သုရမ္မောသုဘကော၊တယောပါသာဒမုတ္တမာ”ဟူသော ဗုဒ္ဓဝံသပါဠိတော်၊ ၎င်းအဓိပ္ပါယ်၊ ၎င်းအဋ္ဌကထာ၊ ဗုဒ္ဓဝံသဋီကာ၊ မဇ္ဈိမပဏ္ဏာသ ၂၅၊ မာဂဏ္ဍိယသုတ် ပါဠိ ၁၄၃၊ အဋ္ဌကထာ ၁၃၃၊ တိကင်္ဂုတ္တရ သုခုမာလသုတ်ပါဠိ၊ ၎င်းအဋ္ဌကထာ ၁၂၂၊ ဇာတ်အဋ္ဌကထာနိဒါန်းအဖွင့် ၇၁၊ဇိနာလင်္ကာရဋီကာ ၁၈၀-တို့အရ ရွှေနန်းသုံးဆောင်၌ ဘဒ္ဒကစ္စာနာ, ယသောဓရာ, ဗိမ္ဗာ,ရာဟုလမာတာ ၄-သွယ်ရ မိဘုရားအမှူး ရှိသောမောင်းမ ၄၀၀၀၀-ခြံရံလျက် ၁၃-နှစ်ပတ်လုံး နန်းစည်းစိမ်ကိုခံစားပြီး၍, မဟာသက္ကရာဇ် ၉၇-ခု၊ ဝါဆိုလပြည့် တနင်းလာနေ့၌ နိမိတ်ကြီး ၄-ပါး ထင် သဖြင့် ၎င်းည၌ သန်ခေါင်ယာမ်၌ မောင်ဆန်ကို နောက်ပါစေလျက် ကဏ္ဍကမြင်းဖြူ စီးတော်မူပြီးလျှင် ညဉ့်ထက်ဝက်နှင့် “တိံသ ယောဇနိကံ မဂ္ဂံ ဂန္တွာ ဥဏ္ဏုဂ်ံ တရဂ်ံ ဘဂ်ံ အသဂ်ံ ဂဂ်ံ နဒိံ ဥတ္တရိတွာ” ဟူသောဇိနာလင်္ကာရဋီကာ၊မဟာပဒါနဝဏ္ဏနာ ၂၃၄ ၌ လာသည်နှင့်အညီ ဥဏ္ဏုဂ်မြစ်,တရဂ်မြစ်, ဘဂ်မြစ်, အသဂ်မြစ်, ဂဂ်ါမြစ်-ဟူသော မြစ်ငါးစင်းတို့ကို ကူး ခြောက်“တီဏိ မဟာရဇ္ဇာနိ အတိက္ကမ္မ အနောမာနဒီ တီရေ ပဗ္ဗဇိတွာ”ဟူသော ၂၆-ပါသရာသိသုတ် အဋ္ဌကထာ ၇၉၊ အဋ္ဌသာလိနီ အဋ္ဌကထာ နိဒါန်း ၆၉၊ ဇာတတ္တကီ ၇၆-တို့နှင့်အညီ ကပိလဝတ်, ကောဠိယ,

မလ္လာ သုံးပြည်တို့ကိုလွန်၍ ယူဇနာသုံးဆယ်ခရီး အနော်မာ သောင်ယံသို့ ရောက်၍ ရဟန်း ပြုတော်မူပြီးလျှင် ကြွင်းယူဇနာ သုံးဆယ်ခရီး ဥရုဝေဠတောသို့ ကြွတော်မူ၍ ခြောက်နှစ် ဒုက္ကရစရိယာ ကျင့်တော်မူပြီး၍ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အကုန် အရုဏ်တက်ခါနီး အချိန် မဟာဗောဓိပင်၏ အနီး အရှေ့ဘက် အရပ် သောတ္ထိယ ပုဏ္ဏား လှူသောသမန်းမြက် ရှစ်ဆုပ်ဖြန့်ကြဲရာ ၁၄-တောင်မြင့်, ကျယ်သော ရတနာပလ္လင်တော်ထက်ဝယ် အရှေ့ အရပ်သို့ မျက်နှာမူလျက် ဘုရားဖြစ်တော် မူသည်။

၎င်းနောက် ဝါဆိုလဆန်း ၁၂-ရက် ကြာသပတေးနေ့အထိ ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်အနီး၌သီတင်းသုံးတော်မူပြီး၍ ၎င်းလဆန်း ၁၄-ရက်နေ့ မိဂဒါဝုန်တောသို့ ကြွတော်မူ၍ ၎င်းလပြည့်နေ့ ဓမ္မစကြာတရားတော်ကို ဟောတော်မူလျက် ပဥ္စဝဂ္ဂီအမှူး ရှင်ငါးဦးနှင့်တကွ ဗြဟ္မာ (၁၈၀ ၀၀၀ ၀၀၀) တို့ကို မဂ်ဖိုလ် တည်စေတော် မူသည်။

ယသ အမှူးရှိသော ၅၅-ဦးသော သူတို့ကိုလည်း ရဟန္တာဖြစ်စေ၍ ပဌမဝါ ဘုရားနှင့်တကွ ရဟန္တာ ၆၁-ဝါကျွတ်က ဘဒ္ဒဝဂ္ဂီ ၃-ကျိပ်တို့ကို တတိယဖိုလ်အထိ ရသေ့ညီနောင် ရှင် ၁၀၀၀-တို့ကိုလည်း ရဟန္တာဖြစ်စေ၍ ပြာသိုလပြည့်ရာဇဂြိုဟ်မြို့ ထန်းတောဥယျာဉ်၌ ၁၂၀၀၀၀-သော သူတို့တွင် ဗိမ္ဗိသာရ

မင်းလျှင်အမှူးရှိသော ၁၁၀၀၀၀-သော သူတို့ကို သောတာပန်,ကျွန် ၁၀၀၀၀-သောသူတို့ကို လောကီ သရဏဂုံတည် ဥပါသကာဖြစ်စေသည်၊ နောက်နေ့ ဝေဠုဝန်အာရာမ်ကို အလှူတော်ခံလျက် သီတင်းသုံးတော်မူသည်။

၎င်းအကြောင်း အလုံးစုံကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူ၍ "ငါသည် သက်ရွယ်ကြီးရင့်ပြီ၊ အသက်ရှိစဉ် သားတော်ဘုရားကို ဖူးတွေ့ချင်သည်၊ပင့်ရန် ယောကျ်ားတထောင်ခြံရံလျက် အမတ်တယောက်ကို လွှတ်သော်လည်း သတင်းစကားမျှ ပြန်ကြားခြင်းမရှိသဖြင့် ရှေ့အတူ အမတ်ရှစ်ယောက် ရှစ်ကြိမ်လွှတ်သော်လည်း ရှေ့အတူပင် မပြန်၍ သုဒ္ဓေါဒနမင်းကြီး၏ အလုံးစုံသောကိစ္စကို ပြီးစေသော ကာဠုဒါယီအမည်ရှိ အတွင်းဝန် အမတ်ကြီးအား ယောကျ်ားတထောင်အခြံအရံနှင့် ဘုရားပင့်သွားရန် သုဒ္ဓေါဒနမင်း စီမံတော်မူသောအခါ "သက္ခိဿာမိ ဒေဝ သစေ ပဗ္ဗဇိတုံ လဘိဿာမိ။လ။ ဓမ္မံသုတွာ သပရိဝါရော တတ္ထေဝ အရဟတ္တဖလံ ပတွာဧဟိဘိက္ခု ဘာဝေပတိဋ္ဌာသိ" (ထိုထိုအဋ္ဌကထာတို့၌ ထင်လျှားစွာရှိပါလျက် ကာဠုဒါယီကိုပင် အတင်းခေါင်းရိတ်၍ သင်္ကန်းဆီးရလေဟန်-စာဟော ကွက်စိတ်ပြော ကားရေးခြင်းတို့ကို အလျှင်းပင်မပြုကောင်းချေ၊ သတိရှိစေရန်သင့်၏)။

၎င်းကာဠုဒါယီ ရဟန္တာထေရ်သည် မဟာသက္ကရာဇ် အဥ္ဇနမင်းထားသောနှစ်၁၀၃-ခု၊ တပေါင်း

လပြည့် ကြာသပတေးနေ့ "အင်္ဂါရိနောဒါနိ"အစ ရှိသော ဂါထာ ၆၀-တို့ဖြင့် လျှောက်ထားရာ လျှောက်လွှာဂါထာ ၆၀-တို့တွင် ၁၀-ဂါထာမျှကိုသာလျှင် ထေရဂါထာပါဠိတော် ဒသကနိပါတ် ၂၃၃-ကာဠုဒါယိတ္ထေရဂါထာ၌ သင်္ဂါယနာ တင်တော်မူသည်၊ အင်္ဂုတ္တရအဋ္ဌကထာ၌ "နာတိသီတံ" အစရှိသော တဂါထာသာလျှင်ရှိသည်၊ ဝိနည်းမဟာဝါအဋ္ဌကထာ၌ တဂါထာမျှပင်မပါ၊ ဇာတ်အဋ္ဌကထာနိဒါန်း၌ ပေယျာလဖြုပ်၍ အစအဆုံး တဂါထာစီ၊ သီဟိုဠ်စာ ဗုဒ္ဓဝင် အဋ္ဌကထာ၌ ဇာတ်အဋ္ဌကထာ နည်းတူလာသည်၊ မြန်မာပေစာ ဗုဒ္ဓဝင် အဋ္ဌကထာပါဌ်, နိဿယတို့၌ ၆၄-ဂါထာလာသည်။

ဝိသုဒ္ဓဇနဝိလာသိနီအမည်ရှိသော ထေရအပဒါန် အဋ္ဌကထာ၊ ၅၅-ဝဂ်မြောက်၊ (၅၄၀)ကာဠုဒါယိတ္ထေရာပဒါနဝဏ္ဏနာ၌ ၄၀-ဂါထာ၊ အခွဲးနှင့် တကွရေတွက်မူ ၆၁-ဂါထာမျှရှိသည်၊ ၎င်းအပဒါန် အဋ္ဌကထာလာ ဂါထာတို့သည်သာလျှင် ဤဂါထာ ၆၀-ပုဒ်၏ မှီရာဂါထာတို့ဖြစ်သည်။

ဤဂါထာခြောက်ဆယ်ပုဒ်ကို "ထိန့်,ကျော်,ဟိုး၊ သတိုးဖျား" ဟူသောရှင်သံဒိုဆို မင်းရဲဒိဗ္ဗဧချင်းနှင့် အညီ သက္ကရာဇ်၇၂၆-ခု၊ ရတနာပုရ အမည်သခွဲ့သော အင်းဝရွှေမြို့တော်တည် သတိုးမင်းဖျားကစ၍ ရေတွက်သော် ၁၃-ဆက်မြောက် "ရှင်,သာ,စံ၊ နန်းကြော့ရှင်"ဟူသော ၎င်းဧချင်းအရ သက္ကရာဇ် ၇၆၃-

ခုနှစ်၊ ခမည်းတော်ဒုတိယမင်းခေါင်၏ ရိုက်ရာထီးနန်းကို ဆက်ခံ သိမ်းပိုက် စိုးစံတော်မူသော "သီရိတြိဘဝနာဒိတျ နရပတိပဝရ မဟာဓမ္မရာဇာဓိ ရာဇာဓိပတိ" ဟူ၍ ဘွဲ့တံဆိပ်နာမံတော်ရှိသော ရွှေနန်းကြော့ရှင် ဘုရင်နရပတိ မင်းတရားကြီး၏ လက်ထက်တော်အခါ သက္ကရာဇ် ၈၇၉-ခု၊ ဥတုဂိမှန္တ ကဆုန်လပြည့် သောကြာနေ့အပြီး တောင်တွင်းကြီးမြို့ ခပလေးပင် သျှင်လေးပါး ရှေးသူဟောင်းစကားအရ သျှင်ဥတ္တမကျော်, သျှင်သီလဝံသ, သျှင်အုန်းညို, သျှင်ခေမာလေး ဖြစ်သော မဟာထေရ်တို့တွင် သျှင်အုန်းညို မဟာထေရ်သူမြတ်သည် လေးလုံးစပ်ကာရန်ဖြင့်စီမံရေးသားတော်မူခဲ့ပေသတည်း။

၎င်းပျို့အတွင်းရှိ ကိုးသောပါဠိဂါထာတို့သည် များစွာပျက်စီးချွတ်ယွင်းနေပါသဖြင့် ဟင်္သာတမြို့အလယ်မြစ်ကွေ့ကျောင်းတိုက်ရှိ ထေရအပဒါန်အဋ္ဌကထာပါဠိပေမူနှင့်၎င်း၊ ရန်ကုန်မြို့ ဗားနတ်ပိဋကတ်စာကြည့်တိုက်ရှိ ထေရအပဒါန် အဋ္ဌကထာပါဠိ ပဌမ သင်္ဂါယနာတင် မင်းတရားကြီး၏ စာတော်ပေမူနှင့်၎င်း၊ "ကဝိသာရဓဇ မဟာဓမ္မရာဇဂုရု၊ ကဝိန္ဒာဘိသိရိ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော် ၂-ထပ်ရ ဆရာတော်ဘုရားသည် ၁၂၀၃-ခု စစ်ကိုင်းတောင်ရိုး မဟာအရိယာဝံသတိုက်၌ သီတင်းသုံးစဉ် စီရင်တော်မူပြီးသော ထေရအပဒါန် အဋ္ဌကထာနိဿယ တတိယထုပ် သာရဝေါတိုက် ရွာကလေးကျောင်းတိုက်ရှိ ပေစာမူနှင့်၎င်း၊ တိုက်ဆိုင်နှီးနှော၍

စွမ်းသမျှ သုတ်သင်ပြင်ဆင်ပြီးလျှင် သုတဂဝေသီ ထို ဤပုဂ္ဂိုလ်တို့အတွက် စက်တင် ပုံရိုက်ပါသည်။

ဤဂါထာ ၆၀-ချို့၌ ကျေနပ်လောက်အောင် စာမူ မရခဲ့၊ သို့ဖြစ်၍ မှားယွင်းသော အချက်များကို တွေ့ရှိ တော်မူပါက သူတော်ကောင်းတို့သည် ကရုဏာ ပညာ ရှေ့တင်၍ ပြင်ဆင်တော်မူကြပါစေကုန်သတည်း။

ဟင်္သာတမြို့၊ မြစ်ခေတ္တ ကျောင်းတိုက်၊ ဦးပညာဝံသ။

အတိတ်ကလိယုဂ် ၅၀၂၉၊ အနာဂတ် ကလိယုဂ် ၄၂၆၉၇၁။

အတိတ်သာသနာ ၂၄၇၂၊ အနာဂတ်သာသနာ ၂၅၂၀။

မြန်မာ သက္ကရာဇ် ၁၂၉၀-ပြည့် သီတင်းကျွတ် လဆုတ် ၁၀-ရက်၊ ၂-နေ့။

ရှင်အုန်းညိုအဋ္ဌုပ္ပတ္တိ

ဂါထာ မြောက်အယ်ပျို့ကို စီရင်ရေးသားတော်မူသော ရှင်အုန်းညိုမှာ ပေလေးပင် ရှင်လေးပါးအပါအဝင်ဖြစ်သည်၊ မိုးညှင်းမင်းတရားကြီး ဖြိုတော်မူပြီး နှစ်သက္ကရာဇ် ၈၀၈-ပြည့်အတွင်း တောင်တွင်းကြီးမြို့တွင် ထူးကဲစွာ ပေါ်လာသည့် တပေါင်စကားမှာ— “ဘုရားရှစ်သောင်း၊ လေးထောင်ဆောင်း၍၊ ကိန်းအောင်းစံရန်၊ ဓမ္မကျွန်သည်၊ သံတောင်ဖိုးမြင့် ရွှင်လိမ့်လေး။ ။အကိုက်လေးဘော်၊ မြေမှပေါ်သော်၊ ရှင်ကျော်လေးဦး-ခူးလိမ့်လေး။ ခူးလည်း ခူးလတ္တံ့၊ ထူးလည်းထူးလတ္တံ့၊ စူးလည်းစူးလတ္တံ့၊ မြူးလည်းမြူး လတ္တံ့” ဟူ၍ဖြစ်သည်။

ယင်းတပေါင်ကို သက်ကြီးရွယ်ရင့် အချို့တို့က တောင်တွင်းကြီးမြို့၏ မြောက်ဘက် ငှက်ပစ်တောင်၏ အရှေ့ ထူပါရုံအာရာမ်၏ အနီး သီဟပတေ့ကြီး ဆောက်လုပ်လှူဒါန်းအပ်သော ရတနာဗိမာန်ကျောင်း၌ သီတင်းသုံးတော်မူသည့် သီလာစာရာဘိဓဇ ဘွဲ့ခံ နတ်မှိုးလင်းဆရာတော်ထံ သွားရောက် လျှောက်ထားလေရာ ထိုဆရာတော်ဘုရားကြီးက ရှင်းလင်း မိန့်ဆိုတော်မူသည်မှာ— “အကိုက်လေးဘော်၊ မြေမှပေါ်သော်” ဟူရာ၌ ပေလေးပင် ပေါ်ထွက် လိမ့်မည်ဟု ဆိုလိုကြောင်း။ “ရှင်ကျော်လေးဦးခူးလိမ့်လေး” ဟူရာ၌ ရှင်လေးပါး ပေါ်ပေါက်လာပြီးလျှင် ပိဋကတ်စာပေကိုသင်အံကျက်မှတ် ဆွတ်ခူးကြ၍ အထူးတတ်ကျွမ်း

ကြကာ စူးရှသောစာပေ မြူးကြွသော စာပေများ ရေးသားစီရင်ကြလိမ့်မည်ဟု ဆိုလိုကြောင်း-ရှင်းလင်းမိန့်ဆိုတော်မူလိုက်၏၊ ထိုအခါမှစ၍ "ပေလေးပင် ရှင်လေးပါး" ပေါ်လာတော့မည်ဟု တောင်တွင်းကြီးမြို့အလုံး အုန်းအုန်းကျက်ကျက် ဖြစ်လေသည်။

တပေါင် ပေါ်ပြီးနောက် ၁၅-နှစ်ခန့် အလွန် သက္ကရာဇ် ၈၁၅-ခုနှစ်သို့ ရောက်သောအခါ တောင်တွင်းကြီးမြို့ မြောက်ဘက်ရှိ မြို့လုလင်ရွာ, သတိုးထမ်းရွာ, မန်ကျည်းယောင်ရွာတို့တွင် ပုဗ္ဗနိမိတ်အဖြစ် ပေဒိုကြီး လေးစို့ သည့် မြေမှပေါ်ထွက်လာရာ မြို့သူမြို့သားလူအများမှာ ပုဗ္ဗနိမိတ်ဆန်း ပေါ်ထွန်း လာပေပြီဟု အားရ ရွှင်လမ်း ဝမ်းပမ်း တသာ ရှိကြလေသည်။

ထိုနောက် များမကြာမီ ထိုသက္ကရာဇ် ၈၁၅-ခုနှစ်မှာပင် မြို့လုလင်ရွာအရှေ့ ပိုင်း၌ အဘဦးသောကြာ အမိဒေါ်နှင်းဆီတို့မှ ရှင်ဥတ္တမကျော်လောင်းလျာဖြစ်သော မောင်ဥတ္တာကိုဖွားမြင်သည်။

ထိုနေ့ထိုရက်မှာပင် သတိုးထမ်းရွာ၌ ရှင်အုန်းညိုကိုဖွားမြင်သည်၊ ရှင်ဥတ္တမကျော်က အချိန်နာရီမျှလောက်သာကြီးသည်၊ ရှင်အုန်းညို၏ မိ-ဘမည်ရည်ကို မသိရသော်လည်း "ပုဂံ,မြင်စိုင်း၊ စစ်ကိုင်း,ပင်းယ၊ အင်းဝဟူသည်၊ ဘုံနန်းတည်က၊ ရဲစည်အမျိုး၊ တို့ဘေးဘိုးကား၊ မတ်ရိုးမင်းစည်၊ ကောင်းဆက်ရှည်၏" ဟူသော ဤဂါထာချောက်ဆယ်ပျို့ နိဂုံးမိန့်ဆိုချက်အရ ဘေးဘိုးအစဉ်အဆက်မှာ မှူးမျိုး,မတ်မျိုးဖြစ်ကြောင်းကို သိရသည်။

ရှင်အုန်းညိုဖွားမြင်ပြီးနောက် ခြောက်ရက်မြောက်တွင် ရှင်ဥတ္တမကျော်ဖွားမြင်ရာဖြစ်သော မြို့လုလင်ရွာ အရှေ့ပိုင်းတွင် အဘ ဦးကြည် အမိ နုတ်ထိန်းကြီး ဒေါ်ခွေးတို့မှ ရှင်မဟာသီလဝံသလောင်း မောင်ညိုကို ဖွားမြင်၍ ၎င်းနောက်လေးရက်မြောက်တွင် မန်ကျည်းယောင်ရွာ၌ ရှင်ခေမာလောင်းကို ဖွားမြင်သည်၊ ရှင်ခေမာ၏ ငယ်နာမည်နှင့် မိဘမည်ရှည်ကိုကား မသိရပေ။

ရှင်အုန်းညိုသည် ရှင်ဥတ္တမကျော်,ရှင်မဟာသီလဝံသ,ရှင်ခေမာတို့နှင့်အတူ သက္ကရာဇ် ၈၃၅-ခုနှစ်တွင် ရဟန်းအဖြစ်သို့ရောက်သည်၊ ရှင်အုန်းညိုကား ရှင်မဟာသီလဝံသတို့ကဲ့သို့စာပေအများအပြားရေးသား၍ ကျော်ကြားသူမဟုတ်၊ ဂါထာခြောက်ဆယ်ပျို့ တစောင်တဖွဲ့တည်းနှင့်ပင် ကျော်ကြားသူဖြစ်သည်၊ ဂါထာခြောက်ဆယ်ပျို့မှာ ပါဠိတော်အဋ္ဌကထာတို့ကို မှီငြမ်းပြုရေးသားရသော်ငြားလည်း တိုတိုစင်းစင်း ခပ်ကျဉ်းကျဉ်းရေးသားဖွဲ့ဆိုသည်မဟုတ်၊ အကျယ်တဝင့်ချဲ့ဖွင့် ကာတောကား, တောင်ကား,ရေကားများတွင် သစ်ပင်မျိုးစုံ ပန်းမျိုးစုံ သားမျိုးစုံ ငှက်မျိုးစုံ ကြာမျိုးစုံ ရေကန်မျိုးစုံများကို သူ့နေရာနှင့်သူ အကွက်ကျအောင် ဆေးရောင်စုံချယ်သထားဘိသကဲ့သို့ စာရှုသူတို့စိတ်တွင်အာရုံခံစားချက် စွဲနေအောင် ရေးသားဖွဲ့နွဲ့ထားလေသည်။

"လောကအရာထက် လွန်ကဲစွာဖွဲ့ဆိုရေးသားသည်များကိုအတိသယဝုတ္တိအလင်္ကာမြောက်သည်"ဟုအဆိုရှိသည့်အတိုင်း စိတ်ဝိညာဉ်မရှိသော သစ်ပင်ပန်းမာလ်တို့သည် သဒ္ဓါတရားကြီးမားသည့် လူတို့အလားပမာ

ဘုရားမြတ်စွာ ကြွလာတော်မူသည်ကို ကြိုဆိုသည့်အနေဖြင့် ရာသီကိုဂရုမထား ကားကားစွင့်စွင့် ဖူးပွင့်လျက်တောလုံးအနှံ့ သင်းပျံ့မွှေးကြိုင် အဆိုင်အဆိုင်သောသီးနှသီးရင့် သီးမှည့်တို့ဖြင့် ဆက်ကပ်ကော်ရော် ပူဇော်နေကြပုံ၊ ခြင်္သေ့နှင့်ကျားစသော များစွာသော သားကြီးတို့သည် သမင်,ဒရယ်,ချေငယ်,စိုင်,ဆတ်စသောသားကောင်ငယ်တို့နှင့် အချင်းချင်း သင့်မြတ်ကြလျက်ရန်မပွားဘဲ မေတ္တာတရား ပွားများကြကာ တောအထပ်ထပ် တောင်အသွယ်သွယ် ရှိမြောင်ချောက်အလယ်မှ သပ္ပါယ်တော်မူသော ဘုရားသခင်၏ ရွှေမျက်နှာတော်ကို သူ့ထက်ငါပြီး ကြည်နူးဖူးတွေ့ကြရန်သဒ္ဓါပိုမိုလှသဖြင့် ကြိုဆိုဟစ်ကြွေးနေကြပုံ၊ ဥဒေါင်းဟင်္သာ သာလိကာ ကျေးငှက် ဆက်ရက် မကျန်အတန်တန်သော ငှက်အပေါင်းတို့ကလည်း ကောင်းကင်တမွှတ်သစ်ပင်အထွတ်ထက်မှ ဆင်းသက်လာကြကာဘုရားသခင်ကြွအလာကို ငုံ့မြော်ကြိုဆိုလျက် သာယာသောအသံတို့ဖြင့် ရင့်ကျူးပူဇော်နေကြပုံ-စသည်များမှာ စာရှုသူတို့မျက်စေ့ဖြင့် တွေ့မြင်နေရသည့်အလားစာအသွားဖွဲ့နွဲ့ထားနိုင်ခြင်းကို ထောက်ရှုခြင်းအားဖြင့်ရှင်အုန်းညို၏ ပင်ကိုယ်ဉာဏ်စခန်းကို ခန့်မှန်းနိုင်လောက်ပေသည်။

ပုံနှိပ်ခြင်းအကြောင်း

ဤဂါထာခြောက်ဆယ်ပျို့ကို ၁၈၂၇—ခုနှစ်ကဟံသာဝတီမှ ပထမအကြိမ်ရိုက်နှိပ်ခဲ့ပါသည်၊ ထိုစဉ်ကရိုက်နှိပ်ခဲ့သောစာအုပ်မှာ ကုန်နေရုံသာမက စာမူ

ကိုပင်ရအောင် အနိုင်နိုင် ရှာဖွေယူကြ ရပါသည်၊ ပထမရိုက် စာမူတွင် ပါဠိအချွတ်အချော် အမှား အယွင်းများလှသဖြင့် ဟံသာတမြို့ မြစ်ကွေ့ကျောင်း တိုက်ဆရာတော် ဦးပညာဝံသက သက်ဆိုင်ရာပါဠိ တော်အဋ္ဌကထာနှင့် နိဿယကျမ်းစာများရှာဖွေတိုက် ဆိုင်တည်းဖြတ်ပါသော်လည်း ကျေနပ်မှုမရှိလှသဖြင့် “ဤဂါထာခြောက်ဆယ်ပုဒ်၌ ကျေနပ်လောက်အောင် စာမူမရခဲ့သို့ဖြစ်၍ မှားယွင်းသော အချက်များကိုတွေ့ ရှိတော်မူပါက သူတော်ကောင်းတို့သည် ကရုဏာ ပညာရှေ့တင်၍ ပြင်ဆင်ဘတ်ရှုတော်မူကြပါကုန်”ဟု မှာကြားခဲ့ပါသည်၊ ယခုထပ်မံရိုက်နှိပ်ရာ၌ အကိုး သာဓကဂါထာပါဠိများကို ဆဋ္ဌသင်္ဂါယနာတင် စာတော် မူနှင့်ညှိနှိုင်းတိုက်ဆိုင်ကာ သုတ်သင်ပြင်ဆင် ထားပါ သည်၊

ထို့ပြင်ရှေးရိုက်စာအုပ်တွင် အခန်းများကို မခွဲ ခြား မသတ်မှတ်ဘဲ တပြင်တည်းရိုက်နှိပ် ထားသဖြင့် ခေတ်မမီတော့သည့်အပြင် စာရှုသူတို့ အဘို့လည်း အကန့်အသတ်ထား၍ ပိုင်းပိုင်းခြားခြား မကြည့်ရှုရ သဖြင့် စိတ်ကြည်နူးဘွယ်မဖြစ်နိုင်သည်ကို မြင်မြော် လျက် အခန်း(၁၁)ခန်း ပိုင်းခြားကာ ခေါင်းစီးစာ တမ်းများထည့်သွင်းလျက် ဆရာဦးခင်စိုး [သာသနဓဇ သိရီပဝရဓမ္မာစရိယ]နှင့် ဆရာ ဦးသိန်းဟန်(၁), ဦး တင်နွယ်,ဦးဟန်ထွန်း,ဦးပု,ဦးရွှေဖူး,ဦးသိန်းဟန်(၂) ဟံသာဝတီ ပါဠိဆရာများအဖွဲ့က ကြပ်မ သုတ်သင် ပြင်ဆင်ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း၊

“ဟံသာဝတီ”

ဂါထာခြောက်ဆယ်မျိုး

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁-နေပြည်ဌာန သားဗုဒ္ဓ ကြွစေလိုကြောင်း
မင်းသုဒ္ဓေါ် ပင့်စေခန်း

၁။ မဟာဗုဒ္ဓေဟော။ ဦးထိပ်ဗွေဟု၊ မြုတောထွတ်ခေါင်၊ မြရိပ်ဆောင်သား၊ ရွှေညောင်ပင်မင်း၊ ဗောဓိရင်းနှိုက်၊ စင်လင်းမိုဃ်းလ၊ ပြည့်ဝန်းပသို၊ ပုဏ္ဏမာသီ၊ ခါကောင်းပြီဟု၊ အညီကြိုက်ကုန်၊ ကဆုန်ဆန်းတက်၊ ဆဲ့ငါးရက်ဝယ်၊ မွန်းချက်နေ့သွင်၊ ပေါက်လတ်ကျင်သား၊ ပလ္လင်မြတ်စွာ၊ ရတနာထက်၊ သစ္စာညီးညီး၊ ပွင့်လတ်ပြီးသော်၊ ရောင်ကြီးခြောက်သွယ်၊ ဘဝဂ်ကယ်မျှ၊ ပြိုင်ဆွယ်မွှဲ့လျှင်း၊ တုလွတ်ကင်းသား၊ အောင်ခြင်းငါးပါး၊သုံးလူ့ဖျားကား၊ဘုရားအဖြစ်၊တိုင်တုံလင်္ကာ၊ခုနစ်ဌာန၊ ဒေသဆန်းကြွယ်၊ထိုရပ်ဝယ်နှိုက်၊ လေးဆယ်ကိုးရက်၊ လွန်ခဲ့လျက်တည့်၊ မိန့်ပွက်မကြား၊ လူနတ်ဖျား

ကား၊ တရားထုံးမှန်း၊ နိဗ္ဗာန်ပန်းကို၊ ထွန်းထွန်းမငှ၊ မုနိန္ဒလျှင်၊ ဓမ္မရသ၊၊ သပ္ပါယ်စံရှင့်၊ သဟံပတိ၊ ဗြဟ္မာသိ၍၊ မဏိရတနာ၊ ထွန်းဝါလျှံဖိုး၊ မြင့်မိုရ်လုံးရှိ၊ ရွှေကုံးပူဇော်၊ တောင်းပန်သော်မှ၊ ခြေတော်စက်ထို့၊ ကြွလတ်ဘိ၍၊ ဣသိပတန၊ တောရပ်မဝယ်၊ ပဉ္စဝဂ္ဂီ၊ ငါးယောက်ဖြိုတွင်၊ အညီညာတင်၊ ကောဏ္ဍည်းရှင်အား၊ မဂ္ဂင်ရွှေးဖျား၊ ချွတ်ပေကြားသည်။ ၊တရားဟောဦး အစတည်း။ ။

၂။ ဗာရာဏသီ၊ ဝေါ်ညီတွင်ထ၊ ပြည်မအချာ၊ မိဂဒါဝယ်၊ ဓမ္မာရစက်၊ ဟောနှုတ်ပွက်က၊ ဘဝင်ကျော်သည်း၊ မြေကြီးကြည်းမျှ၊ ကောဏ္ဍည်းအစ၊ ဘဒ္ဒိယနှင့်၊ ဝပ္ပမကျန်၊ မဟာနာမ်က၊ တသွန်ကျွတ်ဘိ၊ အဿဇိတို့၊ ကြားသိခကျူးဇူး၊ မြိုက်ရည်ဖြူးလျက်၊ လက်ဦးဆိုဝါ၊ ယင်းတွင်ကြာမှ၊ အခါထိန်းမှတ်၊ *သံတူကျွတ်သော်၊ မြင်တတ်စကျွ၊ သဗ္ဗညုကား၊ ဥရုဝေလ၊ တောသို့ကြွ၍၊ ကဿပမည်၊ ရသေ့ထေရ်ကို၊ ပြိုင်တည်မှားကြ၊ ဂယာယံဝယ်၊ အရံ့တစထောင်၊ ခြွေရွှေဆောင်သား၊ ညီနောင်သုံးပါး၊တပည့်များကို၊ တရားမြုတေ၊ ရကုန်စေမှ၊ ရင့်တွေ့သမျှာ၊ နောက်တော်ပါလျက်၊ ရွှေးခါတွေ့ဘူး၊ တောထွက်ဦးနှိုက်၊ ညွှတ်နူးကြည်စွာ၊ ဗိမ္ဗိသာရ၏၊ ပဋိညာလျှို၊ အဘိညာဉ်ကြောင့်၊ အစဉ်ခရီး၊တောရပ်မှီး၍၊ ပြည်ကြီးနဂိုရ်၊ ရာဇဂြိုဟ်သို့၊ ပုဂ္ဂိုလ်များမင်း၊ ကြွလေလျှင်းသည်။ ။ဆောင်းတွင်းဟောမန့် အစတည်း။

---

* သံတူ လဟုသည်ကား-သီတင်းကျွတ်လတည်း။

၃။ ရာဇဂြိုဟ်ပြည်၊ ;ရောက်သည်မကြာ၊ ဗိမ္ဗိသာလျှင်၊ ရတနာတွေ၊ရွှေငွေပုံစု၊ စွန့်ကြဲပြု၍၊ ဝေဠုဝန်မည်၊ ဝါးတိစည်သား၊နတ်ပြည်အဟန်၊ ဗိမာန်ထပ်တူ၊ ကျောင်းမြတ်လှူ၍၊ မြွေးထူပိဋကာ၊ မောဟာဥ္ခါ၍၊ သောတာပတ္တိ၊ တရားသိလျက်၊ သာရိပုတ္တရာ၊မဟာကဿပ၊ တေဇပြောင်းထန်၊ မောဂ္ဂလာန်လည်း၊ တသွန်ပုံရင့်၊ နေခြည်လင့်သို့၊ ကြာနှင့်မပြား၊ လူသုံးပါးဝယ်၊ ပွင့်ထွားထွေထွေ၊ သာဝကဟု၊ သံမြကောင်းချီး၊ ချီးမြှောက်ပြီးမှ၊ အကြီးရာထား၊ ထေရ်မြတ်များကို၊ တရားသဘင်၊ ပွဲညာတင်၍၊ မွမ်းဖြင်ပရိသတ်၊ လူနတ်တို့အား၊ ချွတ်စိမ့်ထားသည်။ ။ဘုရားသဗ္ဗ ညုတတည်း။

၄။ အခြားအခြား၊ နိုင်ငံပြားသား၊ တိုင်းကားပိုင်သ၊သောဌသတွင်၊သာလှပြောစည်၊ စိုးဆက်ရှည်သား၊ ထိုပြည်မင်းကောင်း၊ လှူနှင့်ရှောင်းသည်၊ ရွှေကျောင်းဗိမာန်၊ ဝေဠုဝန်နှိုက်၊ ငါးမာရ်အောင်မြင်၊သုံးလူ့သျှင်ကား၊ အကြွင်လူနတ်၊ ပရိသတ်အား၊ ခြေဋ္ဌတ်အပ်ရာ၊ ကရုဏာဖြင့်၊ ပညာစက္ခု၊ ရွှေးခြယ်ရှု၍၊ ကျွတ်ဆုကိုယ်စီ၊ ပေးနှံ့ညီရှင့်၊ ကပီလဝတ်၊ နေမှတ်လွှံ့ကျော်၊ ဘွားပြည်တော်က၊ သုဒ္ဓေါ်မည်ရင်း၊ မွေးဘမင်းလျှင်၊ သည်းတွင်းသွတ်ရွှေ၊ လွမ်းရက်ရေသော်၊ ကြာတွေမြင့်လစ်၊ ခုနစ်နှစ်လျှင်၊ မျှလောက်စင်တည့်၊ အသျှင်ဘုရား၊ စောထွတ်ဖျားကို၊ စကားတင်းသံ၊တို့ထံ သွတ်လှယ်၊ တုံ့ပယ်ကြောင်းစ၊ မသိရ၍၊ ကြင်ဆလွမ်းမှု၊ မြော်ရှာရှု၏၊ ယခုပင်ကို၊ ရာဇဂြိုဟ်သို့၊ ပြာသိုလက၊ ရောက်လေစွဟု၊ကြားကမဆည်၊နေမတည်ခဲ့၊ ချစ်သည်

လွန်ကျူး၊ ငါ့သားဦးကို၊ ကျွန်မှူးကိုးယောက်၊ ကိုးထောင်မြောက်လျှင်၊ ကိုးခေါက် မင်းစေ၊ ပင့်ရ လေလည်း၊ ပရမေမှန်ကင်း၊ လူ့သနင်းလျှင်၊ သံညင်းမိန့်ခြွေ၊ပောတုံးပေက၊ကျွတ်လေသည်သာ၊မပြန်လှာတည့်၊ထပ်ကာဆင့်ကဲး၊မခရောင့်ရဲးသော်၊သည်းထဲးဆွတ်ဆွတ်၊ကြာနှယ်ညွတ်သည်။ ။မင်းမြတ်သုဒ္ဓေါဒနတည်း။

၅။ အဘန်အဘန်၊ တမန်ကိုးခေါက်၊ ကိုးကြိမ်မြောက်လျှင်၊ တယောက်တထောင်၊ နောက်လိုက်ဆောင်လျက်၊ ယခေါင်ငါက၊ ပင့်လှာရလည်း၊ ငါ့ဘဘုရား၊ ငါ့ထွတ်ဖျားမှာ၊ မကြားခြင်းရာ၊ မြင့်မြီးကြာခဲ့၊ မြော်ရာမြော်ရှု၊ငါ့ဘဒ္ဒုကို၊ ကာဠုဒါယီ၊ အလျင်ချီရှဲ့၊ အင်္ဂီရသော်၊ တုမဲ့ကျော်သား၊ ဗုဒ္ဓေါဝိရ၊ သားချစ်ဘနှင့်၊ ဖူးရလွယ်အောင်၊ရှေးရှိုးဆောင်လျက်၊ တထောင်လည်းကောင်း၊ ခေါလေရှောင်းသော်၊ အကြောင်းမကျန်၊ လွမ်းခြင်းဝှန်ကို၊ မတ်မွန်ပညာ၊ လိမ္မာသောလျှောက်၊ နားတော်လျှောက်လျက်၊ နှောင်းခေါက်ငါက၊ မထပ်ရအောင်၊ ဌာနတ္တံမြေ၊ ရောက်ပါစေလော့၊ သွားချေမတ်ရင်း၊ဘွားဘက်ချင်းဟု၊အခြင်းရောပွမ်း၊ ကိုယ်နှင့်ကျွမ်း၏၊စူးစမ်းဆင့်လှောက်၊ဆယ်ထောင်မြောက်လျှင်၊ ဆယ်ခေါက်သံတော်၊ ပင့်ရခေါသည်။ ။သုဒ္ဓေါသုံးလူ့ မွေးဘတည်း။

၆။ အကြိမ်အကြိမ်၊ လွန်စိုးရိမ်လျက်၊ ရွှေအိမ်နန်းဝ၊ သုရမ္ဗက၊ မွေးဘသုဒ္ဓေါ၊ စေလိုက်သော်လျှင်၊ မမြော်နှိုင်းတု၊ သဗ္ဗညုသို့၊ ကာဠုဒါယီ၊ တိုင်းချပ်မှီရှဲ့၊

ချီလေပြောပို၊ သင်းထောင်စိုလ်နှင့်၊ နှောင်းစိုထပ်ဘိ၊ ရောက်လတ်ပြီ့ဟု၊ ပေါ်ဘိကျွူး၊ သံခြေကျူးက၊ ကျေးငှုး အရဟာ၊ ထေရ်ပျံရှေးနည်း၊ ကျွတ်သည်ချည်းသော်၊ ခမည်းတော်ဝန်၊ စေမှုကျွန်ဟု၊ လျှောက်ပြန်ကြားသိ၊ ဥဒါယိလျှင်၊ တရိလောက၊ မုနိန္ဒကို၊ ပွက်ဟနာဘွယ်၊ နိဒါန်းသွယ်လျက်၊ ခြောက်ဆယ်ဂါထာ၊ ပျိုလင်္ကာဖြင့်၊ ဟောမာချမ်းဆောင်း၊ ကြလှဲပြောင်းသား၊ တပေါင်း ဆန်းတက်၊ ပြည့်သည့်ရက်နှိုက်၊ ရပ်လျက်ရှေးရှု၊ ရှိညွှတ်မှုလျက်၊ တူရူထိပ်ပြင်၊ ရှိခိုးတင်သည်။ ။သဘင်ပုသ်နေ ပွဲ့မတည်း။

၇။ အခန်းအခန်း၊ သိမ်းပိုက်ဝန်းလျက်၊ နိဒါန်း နည်းသွယ်၊ ခြောက်ဆယ်ဂါထာ၊ ပျိုလင်္ကာဖြင့်၊ မဟာ ဝိရော်၊ သုံးလူ့ဘော်ကို၊ သုဒ္ဓေါမွေးဘ၊ ဖူးချင်လှ၍၊ ပင့်ရလှာဘိ၊ ဥဒါယိလျှင်၊ ကြားသိပန်ထွာ၊ လျှောက်ပတ် စွာသား၊ ပညာစကွူး၊ ဥဝဏ္ဏမှု၊ ကျမ်းပြုရှေးက၊ မာဂဓ ကို၊ မြန်မာ့ဘာသာ၊ အက္ခရာဖြင့်၊ သာသနာတော်၊ ပွါးကြောင်းမြော်၍၊ ဓမ္မော်မွန်ကြား၊ မျိုးလေးပါးအား၊ မှတ်သားပါဠိမ့်၊ ကြီးနှစ်သိမ့်လျက်၊ မြန်ဝိမ့်ခြင်းရာ၊ ပုံ နည်းနာနှင့်၊ ဂါထာနှင်းသည်၊ အရိုးတည်မှ၊ ဘွဲ့နည် လုံးတီး၊ ဆိုရာမှီးလျက်၊ ဆိုသီးပျူငှါ၊ ထိုပညာမှု၊ သကာ ပျားရည်၊ နှံ့ကြည်ပန်းရက်၊ ဖျော်ဘက်လက်ရွေး၊ ချို မြက်ဧးမျှ၊ ဩသဓော၊ သုခမသာ၊ ကောင်းမြိန်စွာသား၊ ရောဂါဘယ၊ သောကပယ်ဖြတ်၊ ငြိမ်းစေတတ်သည်၊ ဆေးမြတ်အတူ၊ နှလုံးမူ၍၊ ဖြောင့်ယူပြတ်ပြတ်၊ သူတော် ထွတ်တို့၊ နှုးညွှတ်စေတနာ၊ ထက်ကုန်စွာလျက်၊ ကောသ

ရာသီ၊ ချမ်းမြိုက်ဆိကို၊ သိင်္ဂီကောင်းနှစ်၊ ဇမ္ဗူရာဇ်ဟု၊ လျော်သစ်ရတနာ၊ ထွန်းဝါရောင်ချက်၊ နားရွှေဒွက်နှိုက်၊ ပြည့်နှက်မြိုးကိတ်၊ တည်သောစိတ်ဖြင့်၊ တိပိတ်သန္ဓေ၊ နေသည်သူအား၊တရားကုသိုလ်၊ပွါးစေလို၍၊သံချိဆင့်လောင်း၊ညှိရှုံးပေါင်းသည်။ ၊အကြောင်းဤသို့ ချီချတည်း။

နေပြည်ဌာန သားဗုဒ္ဓ ကြွစေလိုကြောင်း
မင်းသုဒ္ဓေါပင့်စေခန်းပြီး၏။

၂-ဆောင်းကူးနွေစ တပေါင်းလသာယာပုံ

လျှောက်တင်ခန်း

(၁) အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊
ဖလေသိနော ဆဒနံ ဝိပ္ပဟာယ။
တေ အစ္စိမန္တောဝ ပဘာသယန္တိ၊
သမယော မဟာဝီရ ဘာဂီရသာနံ။ ။

(၂) ဒုမာနိ ဖုလ္လာနိ မနောရမာနိ၊
သမန္တတော သဗ္ဗဒိသာ ပဝန္တိ။
ပတ္တံ ပဟာယ ဖလမာသသာနာ၊
ကာလော ဣတော ပက္ကမနာယ ဝီရ။ ။

(၃) နေဝါတိသီတံ န ပနာတိဥဏှံ၊
သုခါ ဥတု အဒ္ဓနိယာ ဘဒန္တေ။
ပဿန္တု တံ သာကိယာ ကောဠိယာစ၊
ပစ္ဆာမုခံ ရောဟိနိယံ တရန္တံ။ ။

၈။ လူ့ဘုံသုံးပါး၊ အထွတ်ထား၍၊ တရားရသာ၊ မြိုက်ညြစာဖြင့်၊ သတ္တဝါလူ၊ ခပ်သိမ်းသူကို။ ဆယ်ယူကယ်နိုင်၊ မျှော်ပြည်ခိုင်သို့၊ တိုင်တိုင်ဘေးလွတ်၊ ပို့ပေတတ်သည်၊ လူနတ်ဆရာ၊ ရတနာဟု၊ မဟာဝီရ၊ လို့လအခေါင်၊ ဗောဓိညောင်နှိက်၊ ခြောက်ရောင်လျှံဝါ၊ ဉာဏ်စကြာနှင့်၊ သစ္စာရဲရဲ၊ ပွင့်ဆဲဆဲလျှင်၊ အံ့အဲးမနိုင်၊ ဆွယ်ပြိုင်နိုင်းဘော်၊ တုမမြော်သည်၊ ဘုန်းတော်ထွန်းလစ်၊ တို့သျှင်ချစ်....။ အဖြစ်ကြောင်းလျှား၊ မှာစကားကို၊ ဦးဖျားထိပ်ထက်၊ လျှောက်ကြားဆက်အံ့၊

ဘွားချက်မြှုပ်တွေ၊ ဇာတိနေသား၊ အောင်မြေပြည်မ၊ ကပိလတွင်၊ မွေးဘသုဒ္ဓေါ၊ တကာတော်နှင့်၊ ယသော်ဓရာ၊ ဗိမ္ဗာမြောက်သား၊ သည်းချားရာဟု၊ မျှော်ရာရှုလျက်၊ တစုတရုံး၊ ပန်းနှယ်ကုံးမျှ၊ သက်လုံးမေတ္တာ၊ ပြတ်ကြင်နာသော်၊ ဖူးပါလှချင်၊ ငါ့သခင်ကို၊ သို့ပင်ဆိုတမ်း၊ နိစ္စလွမ်း၍၊ မျက်ယမ်းထိထိ၊ မြော်ချင်ဘိဟု၊ ကြားသိတုံလို၊ တသောင်းဗိုလ်တွင်၊ ကျွန့်ကိုနောက်ဆင့်၊ ရှိပင့်ရလှာ၊ ဤအခါကား၊ ဟေမာချမ်းဆောင်း၊ ကြွလွဲးပြောင်းသား၊ တပေါင်းနွေလ၊ ဂိမှာနှဟု၊ သာလှဥပျော်မှု၊ သည်ရတုနိုက်၊ ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကန့်အောင်လည်း၊ ပွင့်ရောင်တိချည်း၊ ဖြင့်ပေါပည်း၍၊ ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှါ၊ တောင်းပန်ထွာသည်။ ၊သွားခါကာလ တန်ပြီတည်း။

၉။ မျှော်ရှုမျှော်ရှု၊ မျိုးတစုတွင်၊ ရာဟုအမိ၊ တစ်ဘွားဘော်၊မြောက်သားတော်နှင့်၊ သုဒ္ဓေါမွေးဘ၊ ရှုတတင်းမေး၊ မိထွေးဂေါတမီ၊ ကလျာဏီတို့၊ ညီကားမင်းနန်၊ မကျန်လုံးခြုံ၊ ဇာတိဘုံဝယ်၊ အပုံမျိုးပေါင်း၊ ဆွေရှစ်သောင်းတို့၊ လွမ်းဟောင်းမပြေ၊ လွမ်းထွေကဲးဆင့်၊ကွာသည်မြင့်ဟု၊ ယခင့်ရှေးသော်၊ ရှေ့နန်းတော်နိုက်၊ နှစ်ဘော်မောင်နှံ၊ ဗိုလ်ရှုံလျက်၊ နတ်စံအလား၊ မိထွက်ဖျားနှင့်၊ သိကြားသူဇာ၊ သက်ကျလှာသို့၊ မတ်ရာများဘောင်၊ လူ့တန်ဆောင်ကို၊ ယခေါင်ထက်တိုက်၊ ချစ်ဝမ်းပိုက်လျက်၊ ခေါ်စိုက်မေးစမ်း၊ပြည်လုံးလွမ်း၍၊ ဆိုတမ်းအသံ၊ နှုတ်မညံ့တည့်၊ ကျုံကျုံသီးသီး၊ ပူပန်

ကြီးသော်၊ညီးညီးဝင်းဝင်း၊ တရားမင်းကြောင့်၊ သတင်းကြားကာ၊ မနေသာသွဲ့၊ သွားခါတန်စွ၊ ဤကာလက၊ ချမ်းမြမသန့်၊ ပြင်းထန်မပူ၊ လွင့်မြူမထောင်း၊ ညွန့်ပျောင်းမချဉ်း၊ လေပြင်းမလာ၊ သည်းစွာထစ်ကြိုး၊ အုံ့မှိုင်းမစွေ၊ ရေလည်းမကြီး၊ ခရီးဝွန့်ရှည်၊ နှစ်သောင်းထေရ်နှင့်၊ချောင်ခြည်ပြိုးပြက်၊အောက်ထက်မည်း၊ထွန်းရိပ်လျှံမျှ၊ မဿံတူရှူး၊ သကျမျိုးကို၊ မြတ်နိုးလွန်ကျူး၊ အံ့မိန်းမှူးလျက်၊ နှဖူးထိပ်ပြင်၊ရှိပန်ဆင်လျက်၊ ထိုတွင်ပြည်သူ၊ ဆုယူဆုတောင်း၊ မျှော်လင့်ရှောင်းသည်။ ။ **ချမ်းဆောင်းဟောမန် လွန်ပြီတည်း။**

၁၀။ မြော်ဆုမြော်ဆု၊ တောင့်တပြုလျက်၊ မျှော်ရှုမပြတ်၊ သုံးလူ့ထွတ်ကို၊ ရှိညွတ်ပြင်းစွာ၊ ချစ်သဒ္ဒါ၍၊ တကာတော်ရှင်း၊ မွေးဘမင်းကား၊ ကြောင်းခြင်းပြန်ခေါက်၊ဆယ်ထောင်မြောက်လျှင်၊ ဆယ်ခေါက်မင်းစေ၊ ပင့်ရထွေကို၊ပရမေထိပ်မိုး၊ ထွတ်ခေါင်စိုးသည်၊နွယ်ရိုးမြတ်လျှ၊မုနိန္ဒလျှင်၊ ဒေသရပ်ဟောင်း၊ ဆွေရှစ်သောင်းသို့၊ ရက်ပေါင်းခြောက်ဆယ်၊ ဝေးဝွန့်ကျယ်လည်း၊ သွားဘွယ်ချိန်ထောက်၊ ထိုပြည်ရောက်က၊ အနောက်တူရူ၊ ရှုတော်မူလျက်၊ မပြုနိုင်ပြီ၊ ရွှေစက်ချီ၍၊ ရောဟိနီမြစ်၊ ကူးတုံလစ်က၊ သျှင်ချစ်ဌာန၊ ကပိလနှင့်၊ ကောဠိယတွင်၊ သာကီဝင်တို့၊ ပျော်အင်နှစ်ခြိုက်၊ ရှိပန်းစိုက်အုံ့၊ ကျွတ်ထိုက်ရာရာ၊ လူတကာကို၊ ချမ်းသာရပ်တင်၊ ပို့စေချင်သည်။ ။**မဂ္ဂင်အမြိုက် တန်ပြီတည်း။**

၁၁။ ဘော်စုဘော်စု၊ ခေါ်သာဇုဖြင့်၊လွမ်းမှုစည်းဝေး၊ကြည်စိတ်ပြေးလျက်၊ ရေးရေးထင်လွှန်း၊ ဆယ်ခိုင်

ပန်းဖြင့်၊ဦးစွန်းတူရှု၊ပွင့်လူလူလျှင်၊မည်သူမပြိုင်၊ ထွတ်ဖျားတိုင်သားဦးကိုင်ချက်မ၊ သုံးလူ့ဘကို၊မြင်ရနိုးနိုး၊ ရှစ်သောင်းမျိုးတွင်၊ မင်းစိုးသုဒ္ဓေါ်၊ ခမည်းတော်က၊ ဖူးမြော်ချင်လှ၊ ခါနိစ္စဖြင့်၊ ပါဒနက်သန်၊ မြတ်ခြင်းလွန်သား၊ စက်မွန်နှစ်ဘော်၊ ဖဝါးတော်ကို၊ ကော်ရော်ထိပ်ထက်၊မြီးစွာရွက်၍၊ စုံမက်ပြင်းလှ၊ဖူးချင်တလျက်၊ ဘယ်လဘယ်နေ့၊ဘယ်နံ့တွေ့၍၊ စွေစွေခြင်းတ၊ ပြန်တုံရအံ့၊မြမြချီစွာ၊ မြွက်ရသာကို၊ တကာဆွဲကောင်း၊ လူ့အပေါင်းနှင့်၊ဆယ်ချောင်းဦးထိ၊ကြွားရဘိမူ၊ မြွေးငြိဝိဇ္ဇာ၊ ဘယာမောဟ၊ ရာဂဖြစ်စည်၊သံသာရှည်လည်း၊ ရှေ့ပြည်မဂ်ဖိုလ်၊ မခံငြိုတည့်၊ ကျွန့်ကိုမှာထား၊ လျှောက်လိုက်ကြားသည်။ **။တရားအရ မှန်ပြီတည်း။**

၁၂။ ပျော်မှုပျော်မှု၊မျှော်ကြည့်ရှု၍၊ရတုကောင်းစွာ၊ ဤအခါကား၊ သာသည်ညင်းညင်း၊ ခြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပုဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသား၊ တိမ်မည်းမဆိုင်၊ ပြည်အိုင်ရိုက်ကြူး၊ မင်းလွင်မြူးသား၊နွေဦးသရစ်၊အခါဖြစ်၍၊ သျှင်ချစ်ဘုရား၊ သုံးလူ့ဖျားလျှင်၊ ဖဝါးစက်တော်၊ ချီတုံသော်လည်း၊ ထော်လော်စုန့်လုန့်၊ မြေမှုန့်မြေကြမ်း၊ ခရီးလမ်းနှိုက်၊ သာချမ်းညံ့စေ၊ လွှဲဖယ်လေလျက်၊ ပရမေတ္တန်းပေါ်၊မြတ်နုဘော်ဖြင့်၊ သျှင်တော်မှန်စင်၊ ငါ့သခင်ကို၊ စက်ရှင်မြို့တော၊ ကြွသာစေဟု၊ ဝေးမြေတပါး၊ ဖဲနှင့်ရှား၍၊ ပြန်သွားမငြီး၊သဲမွှေ့ရှိုးသည်။ **။ခရီးသာစွ မှန်ပြီတည်း။**

၁၃။ ပေါ်လူ့ပေါ်လူ့၊ သွန့်သစ်နှင့်၊ ရတုသာတွေ့၊ နွေကားရောက်ပြီး၊ နဆောင်းအမြီးဟု၊ ခရီးလမ်း

လျှို၊ ခက်ချင်းယှဉ်သား၊ ပင်စည်ဖြိုးဖြိုး၊ ရိပ်စက်ကူး၍၊ ငုံဖူးစီစီ၊ တချို့ကားပွင့်၊ ကင်းနှင့်မည်း၊ မီးလျှံသဘွယ်၊ ဥင်းဝင်းကယ်မျှ၊ မြင်လယ်ရဲရဲ၊ အခဲခဲတိ၊ တောထဲစုံကောင်း၊ ပန်းအပေါင်းနှင့်၊ ရွက်ဟောင်းပင်အောက်၊ ဖူးညှောက်လူလူ၊ ထွက်စပြုလျက်၊ ပုံကြူးဖေးဖေး၊ လေညှင်းသွေးသော်၊ မွှေးမွှေးရရုံ၊ သင်းနံ့ထုံသို၊ ပြောစုံခန့်ချူး၊ ပွင့်ရောင်ဖုံးသည်။ ။တောလုံးညွန့်သစ် လှန်ပြီတည်း။

၁၄။ ယောင်နုယောင်နု၊ ရွက်သစ်ပြုလျက်၊ ရတုအလိုက်၊ ခက်ချင်းဆိုက်၍၊ အကိုက်ငုံဖူး၊ ဖြူးရရှုးလျှင် တန်းခူးမပြောင်း၊ တပေါင်းမတုန့်၊ ပုဟုန်မပြင်း၊ နှင်းလည်းစဲးစ၊ ကာလသာထွေ၊ ဆောင်းနွေဆိုးဆမ်း၊ ပူချမ်းနှစ်ပါး၊ ဆွေတော်များတို့၊ ဘုရားမြတ်စွာ၊ ဖူးအံ့ခါကား၊ သာယာသောတိ၊ ကြွဘွယ်ရှိစွ၊ ခရီးဆစ်ပိုင်း၊ လမ်းစဉ်တိုင်းတုံ၊ သစ်ကိုင်းညွန့်လန်း၊ ဂနိုင်ပန်းတို၊ ထက်ဝန်းဖြိုင်မျှ၊ ပွင့်လတ်ကြသော်၊ ရှင်ပျံမြည်ရွှန်း၊ ပိတုန်းမည်းနက်၊ ဝတ်ရက်ယူယူ၊ ချစ်မူဘော်နှော၊ ရဂုံတောဝယ်၊ ဥဩကျေးငှက်၊ ယှဉ်ဘက်မကွာ၊ ဟသ်ာပဲးတွေး၊ သံလေးကျူးဆင့်၊ ကြွေးရင့်မည်၊ ခုန်ပျံပြေးသွား၊ တပင်နားလျက်၊ ပင်ဖျားပင်ခြေ၊ မွှမ်းမွှမ်းတွေလျက်၊ စုံမြေရိပ်ကောင်း၊ ရွှေမျှားပေါင်းသည်။ ။ဥဒေါင်းမောရ တွန့်ပြီတည်း။

ဆောင်းကူးနွေစ တပေါင်းလသာယာပုံ
လျှောက်တင်ခန်းပြီး၏။

၃-လယ်ယာအတူ အရှုဖြစ်ကြောင်း

လျှောက်တင်ခန်း

(၄) အာသာယ ကသတေ ခေတ္တံ၊
ဗီဇံ အာသာယ ဝပ္ပတိ။
အာသာယ ဝါဏိဇာ ယန္တိ၊
သမုဒ္ဒံ ဓနဟာရကာ။
ယာယ အာသာယ တိဋ္ဌာမိ၊
သာ မေ အာသာ သမိဇ္ဈတု။ ။

(၅) နာတိသီတံ နာတိဥဏှံ၊
နာတိ ဒုဗ္ဘိက္ခ ဆာတကံ။
သဒ္ဒလာ ဟရိတာ ဘူမိ၊
ဧသကာလော မဟာမုနိ။ ။

(၆) ပုနပ္ပုနံ စေဝ ဝပန္တိ ဗီဇံ၊
ပုနပ္ပုနံ ဝဿတိ ဒေဝရာဇာ။
ပုနပ္ပုနံ ခေတ္တံ ကသန္တိ ကဿကာ၊
ပုနပ္ပုနံ ဓညမုပေတိ ရဋ္ဌံ။ ။

(၇) ပုနပ္ပုနံ ယာစနကာ စရန္တိ၊
ပုနပ္ပုနံ ဒါနပတီ ဒဒန္တိ။
ပုနပ္ပုနံ ဒါနပတီ ဒဒိတွာ၊
ပုနပ္ပုနံ သဂ္ဂမုပေန္တိ ဌာနံ၊ ။

၁၅။ ခန့်ကျုံးသတ္တဝါ၊ ဗြဟ္မာလူနတ်၊ ပရိသတ်ကို၊ အကျွတ်သုံးတန်၊ မြိုက်ဆုံးမှန်မှ၊ နိဗ္ဗာန်ပြည်ကြီး၊

တိုင်စေပြီးသော်၊ မင်း*မီးဓမ္မရာဇ်၊ ပွင့်သစ်စက်စက်၊ ကျော်ဇုန်တက်သား၊ တုဘက်မဲ့အောင်၊ တန်းဒိုးဆောင်လျက်၊ ထွတ်ခေါင်ရတနာ၊ မြတ်လှစွာသည်၊ သကျာဝတ၊ သုံးလူ့ဘ……။ ပွက်ဟာမကျန်၊ အဘန်ဘန်လျှင်၊ တောင်းပန်ပါရှောင်း၊ ကျွန့်အကြောင်းကား၊ အရောင်းအရင်း၊ ငယ်ချင်းကြီးဘက်၊ တနေ့နက်ဖြင့်၊ ဘွားရက်မခြား၊ ခုနစ်ပါးတွင်၊ ပေါမိပင်နှင့်၊ အသျှင်ဘုရား၊ မြောက်သားယသော်၊ မြင်းတော်ကားကဏ်၊ ညီတော်ဆန်နှင့်၊ အကျွန်ကာဠု၊ ကြီးထုရွှေအိုး၊ သုံးလူ့မျိုးနှိုက်၊ မြတ်နိုးတနော၊ မေတ္တာမြဲမြဲ၊ အသက်နှံ့၍၊ ကောင်းကြပြီးစီး၊ ကောင်းရာမှီးလျက်၊ ကောင်းခြီးလိုက်စွာ၊ ကောင်းအပ်ပါသည်။ ။ရင်းချာနှီးကပ် မြတ်သတည်း။

၁၆။ စရိုက်စရိုက်၊ သုံးဘုံတိုက်တွင်၊ ပြိုင်ထိုက်မဲ့ငြား၊ အထွတ်ထားသည်၊ ဘုရားမုနိ၊ စောဘုန်းယှိုကို၊ မီတိတည်စွာ၊ မြတ်အာသာဖြင့်၊ ပညာမြင်ကျယ်၊ ချီးမွမ်းဘွယ်တို့၊ နှစ်ဆယ်ရှစ်ပါး၊ ဂုဏ်အပြားတွင်၊ မူထားခြင်းရာ၊ သမ္ဘာရင့်နှစ်၊ ကျေးဇူးစစ်၍၊ သျှင်ချစ်လက်အောက်၊ ခုံကြီးမြောက်လျက်၊ ရွှေနောက်မြောက်တောင်၊ ထမ်းရွက်ဆောင်က၊ ချမ်းအောင်စီးပွား၊

---

* မီးဟူသည်- မိမိုင်းဟူသော ပေါရာဏစကားမှပျက်လာသည်၊ အကြီးအမြတ်-ဟူလို။ ။ဖုန်းစက်မိခိုင်းစိုးကြွင်တိုင်းသ၊ စကိုင်းကြီးတောင်။ ။ရတနာဒီမာန်ကျောက်စာမှလာထိုး။

လူ့အများကို၊ သနားမျှော်ရှု၊ သားတူပြုလျက်၊ ကြီးမှုမကျယ်၊ ငယ်မှုပျောက်စေ၊ သာကြည်ထွေ့တိ၊ ကျင့်နေမဘောက်၊ မြီးလှ*စောက်လျက်၊ ကျွန်လျောက်ကုံ့စွာ၊ ကွယ်ကာရန်မြှိတ်၊ ကောင်းသည်စိတ်ဖြင့်၊ အတိတ်နာဂတ်၊ ညီညွတ်တိုင်ပင်၊ ဆင်ခြင်တိုင်းရှည်၊ ကြံစည်လို့လ၊ နေ့ညမကင်း၊ စင်းလျှင်းမကွာ၊ တရံခါနှိုက်၊ အရာရှိမူ၊ မည်သူမခန့်၊ အသက်စွန့်၍၊ ပွားပြန့်ရန်မာန်၊ အရှင့်ဝန်ကို၊ မလှန်နောက်ကြွင်း၊ ငြိမ်းစေလျှင်းဟု၊ တင်းတင်းမရှောင်၊ ကြီးအားထောင်သည်။ ။ ရည်ဆောင်မှန်မချွတ်သတည်း။

၁၇။ အလိုက်အလိုက်၊ သုစရိုက်လည်း၊ ကောင်းထိုက်လျှင်းအောင်၊ နောက်နောင်ရေးခွင့်၊ ကောင်းစွာကျင့်လျက်၊ ကောင်းနှင့်မနား၊ ကိုယ့်စီးပွားနှိုက်၊ တရားတည်လှ၊ မောဟဘယာ၊ ဆန္ဒာဒေါသ၊ စွန်းရမယို၊ သမာဓိနှင့်၊ ဂတိလေးအင်၊ ညီလျက်ပင်တည်၊ မထင်ရမ္မက်၊ မကွက်လောဘ၊ မထမာန်စောင်၊ ချောပစ်ရှောင်၍၊ မင်းခေါင်မင်းဖျား၊ မင်းတရားဝယ်၊ ခစားတတ်ဘိ၊ မင်းရိပ်သိက၊ တရှိမွေးရက်၊ မတ်ဘွားဘက်ကို၊ နှစ်သက်ဝမ်းသာ၊ မေတ္တာဆပွား၊ သနားသဖြင့်၊ ကောင်းစွာကျင့်ဟု၊ ချီးပင့်ရာရာ၊ ကြီးပေပါ၏၊ ရှေးခါမတူ၊ ယခုမူကား၊ ချစ်သူကြင်ဘော်၊ မိယသော်နှင့်၊ နန်းတော်မျှေထီး၊ ပြည်ကြီးကာစ၊ စွန့်ခဲ့ကြ၍၊ သဗ္ဗစကျွ၊ လေးစုသစွာ၊ ပွင့်ကြောင်းရှာသော်၊ မြေချာရောက်ဘိ၊

---

* စောက်ဟူသည်-ပေါရာဏ၊ အကျင့်-ဟူလို။

ညောင်ဗောဓိတွင်၊ မုနိရတနာ၊ မဟာဓမ္မရာဇ်၊ ဘုရားဖြစ်၍၊ ထစ်ထစ်ထင်ထင်၊ မြင်ရလတ်ခြင်း၊ ချစ်သျှင်ရင်းကြောင့်၊ချက်ခြင်းသူငါ၊ကျွတ်ရပါသည်။ ။ဗြဟ္မာလူနှင့် နတ်သတည်း။

၁၈။ အမြိုက်အမြိုက်၊ မြတ်ရာကြိုက်၍၊ ကျွတ်ထိုက်လှစွာ၊ သုံးလူ့ချာဝယ်၊ မကွာမကင်း၊ ငယ်ကရင်း၍၊ သားချင်းနောင်ဆန်၊ မြင်းဖြူကဏ်နှင့်၊ မတ်မွန်ကာဠု၊ တစုသွားဘက်၊ ပါကောင်းလျက်တိ၊ တောထွက်လေရာ၊ ကျွန့်ကိုသာလျှင်၊ သွားခါမသိ၊ ချန်ခဲ့ဘိသော်၊ မချိလွမ်းဆွတ်၊ သည်းအူပြတ်မျှ၊ သိဒ္ဓတ်မည်ထင်၊ ငါ့ချစ်သျှင်ဝယ်၊လူလျှင်လူလျှောက်၊မတ်ကြီးမြောက်၏၊ လွှဲဘောက်ထင်ပေါ်၊ရဟန်းသော်လည်း၊ သဗ္ဗော်သုခ၊နိဗ္ဗာနဟု၊ ဘဝမပြန်၊ နှစ်ဘန်မရှိ၊ ဇာတိဇရာ၊ ကင်းစင်စွာသား၊ စကြာထံအောက်၊ ဘေးမှန်ပျောက်၏၊ ထွန်းတောက်ရှိန်စော်၊ ကျေးဇူးတော်ကား၊ ကျော်သည်နှင်နှင်၊စီးပွားဖြင်၏၊စောလျှင်မျက်မှောက်၊ အကျိုးရောက်၏၊ ကြားလျှောက်နားတော်၊အကြောင်းသော်မူ၊ သုဒ္ဓေါ်ဒိုးမင်း၊ ဖူးချင်ပြင်း၍၊ သနင်းအဖျား၊ တို့ဘုရားကို၊ အမျှားမင်းစေ၊ သောင်းဗိုလ်ခြေတိ၊ပင့်ပေလှာရ၊ထိုကိစ္စကြောင့်၊ နေ့ညမကြာ၊ မနေသာ၍၊ ပုဏ္ဏာထွေပြား၊ အပါးပါးဖြင့်၊ရွှေနားခန့်တန်၊ လျှောက်တောင်းပန်အံ့၊စိတ်သန်ကြည်စွာ၊ ဘ-တကာသို့၊မကြာမတင်၊ ကြွစေချင်သည်။ ။ချစ်သျှင်သုံးလူ့ထွတ်သတည်း။

၁၉။ အမိုက်အမိုက်၊ လူ့စရိုက်နှင့်၊ နှုန်းထိုက်တို့ရွာ၊ ပုံနည်းနာကား၊ လယ်ယာကုန်စယ်၊ ရောင်းဝယ်သွားလာ၊ ကြည်းအားရေကျွမ်း၊ အကြမ်းအနု၊ ပြုသားအိမ်ထောင်၊ ကုန်အောင်ကြွယ်ချင်၊ စီးပွါးမြင်က၊ အကြင်သသူ၊ ချမ်းပူမစစ်၊ လုပ်ဆစ်ကြံခင်း၊ လယ်ကျင်းယာတွင်၊ တွင်းတွင်ရွေပျိုး၊ မျိုး၏ အလျောက်၊ ပင်ပေါက်မြစ်တွန့်၊ အညွန့်အရွက်၊ အခက်အခွံ၊ ချော်ဆံအပွင့်၊ မှည့်ရင့်ရွှမ်းပြင်း၊ သီးတင်းရည်ယူ၊ ဟူဟူရာရာ၊ ကြီးပမ်းစွာလျှက်၊ အာသာယှိုနှိုင်း၊ လိုသောတိုင်းလျှင်၊ အပိုင်းအခြား၊ နေနားမကျန်၊ အပြန်ပြန်တည့်၊ ဘန်တလဲးလဲး၊ ရွေပျိုးမြဲးသို့၊ မကွဲးပမာ၊ တောင်းပန်ထွာသည်။ ။ သဒ္ဓါလှူလှူ ညွတ်သတည်း။

၂၀။ အထိုက်အထိုက်၊ လုံးပုံပိုက်၍၊ အလိုက်သင့်ရာ၊ ရှိညွတ်စွာလျှင်၊ ပမာချိန်ထောက်၊ နားတော်လျှောက်အံ့၊ ကျင့်စောက်စမြို၊ ဘဝဘို့ဝယ်၊ လူတို့အရေး၊ အသက်မွေးသား၊ အဝေးအနီး၊ ကုန်ကြီးကုန်ငယ်၊ ပင်လယ်သမုဒ္ဒရာ၊ ဂင်္ဂါကူးကူး၊ ရွာထူးရွာဘွေ၊ မနေမနား၊ ရင်းပွားရင်းသန်၊ မြတ်သတ်ကျန်က၊ ထားမြန်ယူတို့၊ တလုံလဲးလဲး၊ တိုက်တဲးကျိုကြ၊ ပည်းမျှထွက်ဝင်၊ ပစ္စည်းရှင်ဟု၊ အုတ်အင်ကုံကယ်၊ များစွာကြွယ်လည်း၊ သွတ်လှယ်မည်း၊ လုပ်ကြံရှာမှီး၊ ကုန်သည်ကြီးသို့၊ ကောင်းခြီးအပုံ၊ လျှောက်တုံတုံလျှင်၊ *ကြေးမုံရတနာ၊ သုံးလူ့ချာကို၊ တကာဘာ-အား၊ တောင်းပန်ကြားသည်။ ။တရားနာစိမ့် မှတ်သတည်း။

---

* ကြေးမုံဟူသည်- ပေါရာဏ၊ မှန်-ဟူလို။

၂၁။ အကြိုက်အကြိုက်၊ အခါလိုက်၍၊ တိမ်တိုက်မိုးပြင်၊ ထက်ကောင်းကင်မှ၊ ရောင်ထင်ပြိုးပြက်၊ ချီးချီးချက်လျှင်၊ ပုံ့တက်ကြွားကြွား၊ ယှုဂန်ဖျားက၊ နတ်သားပဉ္စုန်၊ ကခုန်မြူးထူး၊ လတန်းခူးကား၊ ဆောင်းဦးတိုင်အောင်၊ ရေချမ်းဆောင်လျှက်၊ နောက်နှောင်သောခါ၊ မရွာတုံဘဲ၊ စဲသည်မိုးယံဟန်၊ နှစ်လည်ပြန်က၊ ရွာသန်ကြိမ်များ၊ မိုးယံနတ်သားသို့၊ ဘုရားသခင်၊ ငါ့ချစ်သျှင်ကို၊ သို့ပင်တောင်းပန်၊ ကျွန့်ပ်ဝန်ကြောင့်၊ မဆန့်ညွှတ်နူး၊ ကြွပါဦးလော၊ နဖူးထိပ်မှာ၊ ရွှေစကြာကို၊ တကာမျိုးဆွေ၊ ရွက်ကုန်စေအံ့၊ သံခြေချီးမြှောက်၊ နားတော်လျှောက်သည်။ ။ဝမ်းမြှောက်ကြည်စိတ် ပြတ်သတည်း။

၂၂။ **တသိုက်တသိုက်**၊ ပမာဆိုက်၍၊ ဦးနှိုက်ကြာပွင့်၊ ရှိပန်ဆင့်လျက်၊ လျှောက်တင့်အောင်အောင်၊ ထုံးပုံဆောင်အံ့၊ ထွတ်ခေါင်မုနိ၊ ရွှေနားချိလော၊ သတိသမ္မာ၊ ကောင်းစွာဆောက်တည်၊ အလှူသည်တို့၊ စိတ်ကြည်ဖြောင့်လှ၊ ဒါနိစ္စလျှင်၊ ဒါနပတိ၊ အများသိလျက်၊ ကြားဘိတုံပေ၊ သုန္ဓရကို၊ သက်သေထားထား၊ တိုင်မှတ်သားလျက်၊ လေးပါးပစ္စည်း၊ ဖြင်ပည်းပုံစု၊ လှူဝတ္ထုကို၊ ယခုယခု၊ ပေးမှုမကျန်၊ ပေးပြန်တုံတုံ၊ ပေးများကုန်သော်၊ ထက်ဘုံမြင့်စွာ၊ နတ်တို့ရွာနှိုက်၊ ပျော်ရာစည်းစိမ်၊ အကြိမ်ကြိမ်လျှင်၊ ချမ်းငြိမ်သုခ၊ လွှန်ရှင်ပသားစံရအမြဲ၊ မချွတ်လွဲတည့်၊ မကွဲပုံတူ၊ တောင်းပန်သူလည်း၊ အယူအာသာ၊ ကြိုက်ရာရာဖြင့်၊ ကြောင်းချာ

ဝမ်းဝယ်၊ ဆိုဘွယ်ဘွယ်ကို၊ ဘုန်းကြွယ်မြတ်တွင်၊ လျှောက်ရကျင်မှ၊ အကြင်သဗ္ဗဝါ၊ ဆွေတာကာနှင့်၊ ဗြဟ္မာသိကြား၊ နတ်များသူငါ၊ ချမ်းသာသုံးပါး၊ပြန့်စီးပွားသည်။ ။တရားမှန်လှ တတ်သတည်း။

လယ်ယာအတူ အလှူဖြစ်ကြောင်း
လျှောက်တင်ခန်းပြီး၏။

၄-ဘ,မိ နှစ်ဦး ကျေးဇူးကြီးပုံ

လျှောက်တင်ခန်း

(၈) ဝီရော ဟဝေ သတ္တယုဂံ ပုနေတိ၊
ယသ္မိံ ကုလေ ဇာယတိ ဘူရိပညော၊
မညာမဟံ သက္ကတိ ဒေဝဒေဝေါ၊
တယာ ဟိ ဇာတော မုနိ သစ္စနာမော။ ။

(၉) သုဒ္ဓေါဒနော နာမ ပိတာ မဟေသိနော၊
ဗုဒ္ဓဿ မာတာ ပန မာယနာမာ။
ယာ ဗောဓိသတ္တံ ပရိဟရိယ ကုစ္ဆိနာ၊
ကာယဿ ဘေဒါ တိဒိဝမှိ မောဒတိ။ ။

(၁၀) သာ ဂေါတမီ ကာလကတာ ဣတော စုတာ၊
ဒိဗ္ဗေဟိ ကာမေဟိ သမင်္ဂီဘူတာ။
သာ မောဒတိ ကာမဂုဏေဟိ ပဉ္စဟိ၊
ပရိဝါရိတာ ဒေဝဂဏေဟိ တေဟိ။ ။

(၁၁) ဗုဒ္ဓဿ ပုတ္တောမှိ အသယှသာဟိနော၊
အင်္ဂီရသဿ'ပ္ပဋိမဿ တာဒိနော၊
ပိတုပိတာ မယှံ တုဝံသိ သက္က၊
ဓမ္မေန မေ ဂေါတမ အယျကောသီတိ။ ။

၂၃။ **မဟေသီနော်၊** ဘဝဂ်ကျော်၍၊ ဂုဏ်တော်ကိုးပါး၊ အံ့ဘွယ်များလျက်၊ ဘုရားရတနာ၊ မြတ်လှစွာသား၊ သစ္စာလေးမည်၊ ရောင်ခြည်ထွန်းလျှံ၊ ကိုယ်ဟန်ပလင်း၊ ပြောင်ပြောင်ဝင်းမျှ၊ သတင်းအပေါင်း၊ ကျေးဇူးကောင်းတိ၊ တသောင်းလောကဓာတ်၊ လူနတ်ပြိုဟ္ဘွာ၊

သတ္တဝါကို၊ ပြည်သာနိဗ္ဗာန်၊ ခရီးညွှန်လျက်၊ သုံးတန်ဘုံကြီး၊ ရှေ့ကဆီးလည်း၊ လမ်းသီးထုတ်ချင်း၊ စိုးပိုင်နှင်းရှု့၊ သောမင်းဖျော်ကာ၊ မဖြစ်သာသား၊ ခေမာသုခ၊ အမတသို့၊ ရောက်ရကုန်စေ၊ ပို့တတ်ပေသည်၊ မြို့တောတမွတ်၊ သုံးလူ့နတ်….၊ ရှိညွှတ်နိုမန်၊ လျှောက်တောင်းပန်အံ့၊ လျှို့ဝှန်ကြက်သရေ၊ ထွန်းတောက်နေသို့၊ ပရမေဘုန်းပေါင်း၊ ရွှေနားညောင်းလော့၊ အကြောင်းတည်ထွင်၊ ရှိဦးတင်အံ့၊ မျက်မြင်ဘာဝ၊ ဤလောကနိုက်၊ ဖြစ်ကြထူးခြား၊ လူအများတွင်၊ တပါးအယူ၊ အကြင်သူကား၊ ပေးလှူကြမ္မာ၊ သံသရာက၊ ပါပါသောလျှောက်၊ ခုမျက်မှောက်တွင်၊ လောက်သည်ပစ္စည်း၊ ဖြင်ပည်းပုံယင်၊ အုတ်အင်ခမ်းနား၊ သက်ဆက်စားလည်း၊ များသည်အတိုင်၊ ဥစ္စာစိုင်ကို၊ ကုန်နိုင်မစိုး၊ ကြွယ်လှနိုးလျက်၊ ကောင်းကျိုးမရှာ၊ ဆွေတကာနှင့်၊ ဆရာမိဘ၊ မျိုးထိုမျှကို၊ ဝေငှကုသိုလ်၊ **သ**ဂြိုဟ်သဖြင့်၊ ထောက်ပင့်မရှိ၊ ဒိဋ္ဌိအယူ၊ မည်သူမကြွင်၊ ထွက်ဝင်မပြု့၊ မြားမြောင်ကဲ့ဟု၊ ရှုမဲ့တိုရှည်၊ မှီသည်ရေးရာ၊ ပျှဝါရောပြွမ်း၊ သာချမ်းနှုတ်ထွက်၊ လေးနက်ပညာ၊ ကောင်းရာမဆံ၊ ပေကြိတွန့်တို၊ ကိုယ်ဘို့ပိုင်ကာ၊ ပြဿာအနှိုင်း၊ ပန်းတိုင်းအတူ၊ တောကြက်ဆူလျှင်၊ လူလူအပွင်၊ ဆိုင်းဆိုင်းတင့်လည်း၊ မှည့်ရင့်သီးခြောက်၊ သူမကောက်သား၊ ပင့်အောက်ကြွေကာ၊ ထိုပမာသို့၊ အရာမသိ၊ မြွေးဘိမောဟ၊ *ကုံပေါ

---

* ကုံပေါ့သည်-ပေါရောဏ၊ ပြည့်စုံသည်-ဟူလို။ ။ မဟာသီလဝံသ၊ ထေရ်ကုံလျှော်၊ မဆွရှေးစို၊ ကျောင်းနိုင်ဒိုသ။ ။ရတနာဝိမာန်ကျောက်စာမူလထိုး။

သည်၊ မမည်ခဲ့လျှင်း၊ နောင်ကြွင်းသားမြေး၊ ချီးမွမ်း ဝေး၏၊ မပေးအလှူ၊ ကျင့်စိတ်တူသည်။ ။ထိုသူ အကျိုး နည်းစွာတည်း။

၂၄။ မပြတ်မပြတ်၊ ဖြည့်သည်ဝတ်ဖြင့်၊ လျှောက်ပတ်ခြင်းရာ၊ ဗိုလ်တကာတို့၊ မှီရာမှန်လှ၊ ချီပြဇတိ၊ တက်မစွဲးကိုင်၊ မျှော်ရှုနိုင်သား၊ စွမ်းနိုင်ခွန်အား၊ ပွဲသမား သို့၊ ခမ်းနားအုတ်အင်၊ လောက်ငှဖြင်သား၊ မျိုးတွင် ထွန်းပြား၊ လူသိကြားဖူး၊ အများကြီးကျယ်၊ ကောင်းကြွယ် ကုံင၊ မြောက်မြားကလျှင်၊ နိမ့်ကျမျိုးဆွေ၊ ရှိလေ ရာရာ၊ စီးပွားရှာ၍၊ ဆရာဦးထား၊ ဘိုးဘွားသက် ကြီး၊ ဦးရီးဘထွေး၊ ချစ်ရေးကြည်ညို၊ အစ်ကိုနှမ၊ မိဘ အလျဉ်၊ သားစဉ်မြေးဆက်၊ နွယ်ရှက်မဘော်၊ သူစိမ်း သော်လည်း၊ ပေါင်းဘော်ရရ၊ အာမိသဖြင့်၊ ဝေငှ ပစ္စည်း၊ သိမ်းဆည်းကြည့်ရှု၊ သပြိုဟ်ပြုလျှက်၊ အမှု ကြီးငယ်၊ ချမ်းအောင်ကယ်၍၊ ကိုးကွယ်နီးချ၊ ရိပ်ခို ရလျှက်၊ ဧးမြဲပုံ ဝှန်၊ သရက်ခန်လျှင်၊ လေသွန်ညှင် ညှင်း၊ ထိလေလျှင်းက၊ ပင်ချင်းလိုင်ပေ၊ ကြိုင်နံ့ ဝေသို့၊ မိဆွေအမျိုး၊ အရိုးမပျက်၊ ခုနစ်ဆက်ကို၊ ပွားတက် စေကြောင်း၊ တယောက်ကောင်းသော်၊ သိန်းသောင်း ကုဋေ၊ ငြိမ်းကုန်လေသည်။ ။ကျင့်ထွေသူမြတ် လိမ္မာ တည်း။

၂၅။ တလတ်တလတ်၊ ဘာသာချွတ်၍၊ စိတ် မြတ်မမှု၊ ကျင့်လျှစ်လျူလျက်၊ အယူထွေပြား၊ သူ တပါးတုံ၊ သိကြားလိမ္မာ၊ ပေစာကျမ်းဂန်၊ တတ်ပွန်

အလုံး၊ ကျေးဇူးအနှက်၊ နှုတ်လက်အညီ၊ **အစီအလျဉ်၊ အစဉ်အတိုင်း၊** * ထုံးပိုင်းမချွန်၊ မြွန်သန့်သောတိ၊ မိမိဂုဏ်အင်၊ ယှိပါကျွင်လည်း၊ မသင်မကြား၊ အမျိုးသားကို၊ စီးပွါးမရှာ၊ လူတကာအား၊ ပညာမဝှ၊ ဆုံးမမဆို၊ ဝန့်တိုကိတ်နှက်၊ ပိုက်ထားဝှက်မူ၊ ခက်လက်မဖြာ၊ မြင်ဆန်းသာလျှင်၊ ပမာနှိုင်းဆ၊ ရိပ်မျှမကွယ်၊ အုန်းထန်းနွယ်လျှင်၊ မကျွယ်သူအား၊ အယုမှားလျက်၊ တရားမဖြည့်၊ တတ်ပါလှည့်လည်း၊ ဟုတ်တည့်မထင်၊ ကျိုးမမြင်၍၊ ဂုဏ်အင်မပေါ်၊ များမကျော်သည်။ ။ **နောင်သော်မပွါး ပညာတည်း။**

၂၆။ **အတတ်အတတ်၊** တုမဲ့လွတ်၍၊ ကျင့်မြွတ်သည်ကို၊ ဝိနည်းမိုရိဖြင့်၊ မဂ်ဖိုလ်လမ်းကြောင်း၊ ထွင်ပေရှောင်သား၊ ရှစ်သောင်းလေးထောင်၊ နှံ့အောင်ရှာမှီး၊ ပညာကြီးနှင့်၊ ထုံးတီးနည်းနာ၊ ခံရာရာတွင်၊ ဆရာမြောက်လှ၊ အာသဘာဟု၊ ဂုဏာကျယ်လှိုင်း၊ သိမြင်တိုင်းကို၊ ထုံးပိုင်းမချွန်၊ အားလုံးသွန်လျက်၊ တတ်ပွန်စေချင်၊ ပညာရှင်မှု၊ ဝမ်းတွင်မထား၊ တပည့်သားကို၊ သင်ကြားစာပေ၊ အဝှဝေ၍၊ ဆိုတွေနည်းနာ၊ အဖြာဖြာကို၊ ဘာသာခြေငံ၊ အလာခံလျက်၊ ထုံးစံမိပ္ပါယ်၊ အလွယ်အခက်၊ လျှို့ဝှက်မယှိ၊ မိတိတည်စွာ၊ လူတကာကို၊ နိုရာရိပ်ထီး၊ ပညောင်ကြီးလျှင်၊ ခရီးလမ်းစ၊ အချက်မနိုက်၊ မွှမ်းမျှခက်လက်၊ သီးရွက်ပြည့်စုံ၊ ငြိမ်လှ

---

* ထုံးပိုင်မချွန်ဟူသည်— ပေါ်ရောဏ၊ အကျန်အကြွင်းမထား။—ဟူလို။ ။ထုံးပိုင်းမချွန်၊ မေတ္တာသွန်ခဲ့၊ ၉–ခန်းပျို့။

တုံသော်၊ * အပုံသတ္တဝါ၊ မှီတင်းရာသို့၊ မေတ္တာ စိတ်ကြည်၊ ပညာသည်လည်း၊ ကြံစည်မရွေး၊ ငှဝေ ပေးက၊ လွှန်ရှေးနှောင်ဆက်၊ စဉ်မပျက်တည့်၊ပွါးတက် အောင်အောင်၊ ဥဒါန်းဆောင်သည်၊ **၊ထွတ်ခေါင် စီးပွါး ချမ်းသာတည်း။**

၂၇။ အမှတ်အမှတ်၊ လောကဝတ်နှိုက်၊ယုတ်မြတ် ကျိုးကြောင်း၊ ကောင်းမကောင်းဟု၊ အပေါင်းကျေး ဇူး၊ ထူးကြဂုဏ်အင်၊ လူတို့တွင်နှိုက်၊ ပြစ်တင်ချီးမွမ်း၊ နုကြမ်းနှစ်ပါး၊ ထွေပြားပြစ်တိ၊ ဤသို့ယှိရှင့်၊ မုနိ ရတနာ၊ ပညာအထွတ်၊ တုမဲ့လွတ်သား၊ လူနတ်ဆရာ၊ သုံးလူ့ချာလျှင်၊ ဩက္ကာမုခ၊ စသည်နွှယ်ရိုး၊ ဆက်ကာ စိုးလျက်၊ မင်းရိုးမင်းကျော်၊ ဘသုဒ္ဓေါ်နှင့်၊ မယ်တော် ဘုန်းယှိ၊ သီရိမဟာ၊ မေတ္တာမြီးအောင်၊ ချစ်ထုံး နှောင်၍၊ နန်းဆောင်ရိပ်ကျယ်၊ ရွှေဘုံလယ်တွင်၊ မပြယ်ကြင်သက်၊ မြတ်စုံမက်ရှင့်၊ ဝိပါကကြမ္မာ၊ ဖြစ် မြဲရာကြောင့်၊ အချာပရမေ၊ စောသန္ဓေကို၊ မြုတေ မျက်နှာ၊ မြင်ခဲ့ကာလျှင်၊ ဒန္တာဇာတိ၊ လဲ့ကြွတိ၍၊ သီရိဝင်းဝင်း၊ ထွန်းရောင်ဆင်းဖြင့်၊ စိုးမင်းမယ်တော်၊ စံလေပျော်သည်၊ **၊ခြောက်ဘော် မိုးထိပ် နတ်ရွာ တည်း။**

၂၈။ အမြှတ်အမြှတ်၊ မိုးထက်နတ်သို့၊ နေမှတ် မွှမ်းဖြင့်၊ သာကီဝင်တို့၊ စည်ပင်ဌာန၊ ကပိလတွင်၊

---

* အပုံဟူသည်- ပေါရာဏ၊ အများ-ဟူလို။

မွေးဘမင်းကျော်၊ စောသုဒ္ဓေါ်နှင့်၊ မယ်တော်မျိုးရှက်၊ ဆွေစဉ်ဆက်ကို၊ မပျက်စေချင်၊ မဂ်ရေရှင်ဖြင့်၊ သုမ်သင်ညစ်ကြေး၊ စင်ကြယ်ဆေးလျက်၊ သေဘေးလွတ်ရာ၊ မြိုက်ချမ်းသာကို၊ ကယ်ပါဠိမိ၊ ဆွတ်ပါဘိလော၊ ဇာတိရပ်သာ၊ ထိုပြည်မှာလျှင်၊ တကာဆွေမျိုး၊လူအပြားကို၊ တရားထွတ်ခေါင်၊ မြိုက်လက်ဆောင်ဖြင့်၊ဝေအောင်အမျှ၊ ဝေတုံမှတည့်၊အားရလှလှ၊ သဗ္ဗညုကို၊ကာဠုဒါယီ၊ဆောင်ခဲ့ပြီဟု၊ဦးနှိုက်စွင့်စွင့်၊ကြွနှယ်ပွင့်လိမ့်၊ တို့သျှင့်အကြောင်း။ သိချင်ရှောင်းသည်။ ။ရှစ်**သောင်းမင်းဖျား တကာတည်း။**

၂၉။ အထွတ်အထွတ်၊ မြတ်ထက်မြတ်သား၊ လူ့နတ်ကြေးမုံ၊ခပ်သိမ်းစုံကို၊ ဖုံဖုံမကြွင်း၊ မြင်တော်ခြင်းသည်၊သနင်းသုံးလူ့၊ သဗ္ဗညုကား၊စက္ခုဉာဏ၊ သမန္တဟု၊ ဆုံးစတိုင်တိုင်၊ သိနိုင်သား၊ ပည်းလှိုင်ဂုဏ်အင်၊ ကျေးဇူးရှင်ကား၊ အကြွင်မျိုးဆွေ၊လူ့ဗိုလ်ခြေနှင့်၊သဗ္ဗေသတ္တာ၊ သတ္တဝါတို့၊မိစ္ဆာဒိဋ္ဌိ၊ယူမှားယှိုလျက်၊ မှောင်တိဖုံးလွှမ်း၊ မောဟပွမ်းရှုံ့၊ အကြွမ်းခက်ထန်၊ မာန်လည်းမကျိုး၊ ကျင့်ရိုးမညီ၊ မမှီကောင်းရာ၊မသဒ္ဓါသား၊ မညာနည်းလှ၊ လူထိုမျှကို၊ ဆုံးမတတ်နေ၊ ကောင်းယဉ်စေလျက်၊ မြတောအကျော်၊ ဆယ်ပါးသော်ကား၊ ဂုဏ်တော်အလျောက်၊ သေဘေးပျောက်ရှု့၊ အရောက်နိဗ္ဗာန်၊ ခရီးညွှန်လျက်၊ ကဲးလွှန်ဆပွါး၊ လူလေးပါးထက်၊ ထိပ်ဖျားဦးစွန်း၊ တုမဲ့ကျွန်းသား၊ ရောင်ထွန်း

သစ္စာ၊ သမ္ဘိဒါပတ္တ၊ ပညာမျက်စိ၊ မြင်တတ်ဘိသည်၊ မုနိသကျ၊ ဂေါတမလျှင်၊ ကြွလော့ပြည်ပေါင်း၊ ပန်ထွာတောင်းသည်။ ၊အပေါင်းလူနတ် ဆရာတည်း။

ဘ,မိ နှစ်ဦး ကျေးဇူးကြီးပုံ
လျှောက်တင်ခန်းပြီး၏။

၅-တောလမ်းခရီး သစ်သီးမျိုးစုံ သီးကြပုံ

လျှောက်တင်ခန်း

(၁၂) အမ္ဗာ ပနသာ ကပိဋ္ဌာစ၊
ပုပ္ဖပလ္လဝလင်္ကတာ။
ဓုဝပ္ဖလာနိ သဝန္တိ၊
ခုဒ္ဒါမဓုကကူပမာ။
သောဝမာနော ဥဘော ပဿေ၊
ဂန္တုကာလော မဟာယသ။ ။

(၁၃) ဇမ္ဗူ သုမဓုရာ နီပါ၊
မဓုဂဏ္ဍိ ဒိဝပ္ပလာ။
တာ ဥဘောသု ပဇ္ဇောတန္တိ၊
ဂန္တုကာလော မဟာယသ။ ။

(၁၄) တိန္ဒုကာနိ ပိယာလာနိ၊
သောဏ္ဏ ဝဏ္ဏာ မနောရမာ။
ခုဒ္ဒကပ္ပဖလာ နိစ္စံ၊
ဂန္တု ကာလော မဟာယသ။ ။

(၁၅) ကာဒလီ ပဠမောစ္စီစ၊
သုပက္က ဖလာဘူသိတာ။
ဥဘော ပဿေသု လမ္ဗန္တိ၊
ဂန္တုကာလော မဟာယသ။ ။

(၁၆) မဓုပ္ပလခဲရာ နိစ္စံ၊
မောရရုက္ခာ မနောရမာ။

ခုဒ္ဒကပ္ပ ဖလာ နိစ္စံ၊
ဂန္တု ကာလော မဟာယသ။ ။

(၁၇) ဟိန္တာလ တာလပန္တီစ၊
ရဇတက္ခန္ဓောဝ ဇောတရေ။
သုပက္ကဖလ သဉ္ဆန္နာ၊
ခုဒ္ဒကပ္ပါ မဓုဿဝါ။
ဖလာနိတာနိ ခါဒန္တော၊
ဂန္တု ကာလော မဟာယသ။ ။

(၁၈) ဥဒုမ္ဗရာ ရုဏာ ဝဏ္ဏာ၊
သဒါ သု မဓုရပ္ဖလာ။
ဥဘော ပဿေသု လမ္ဗန္တိ၊
ဂန္တု ကာလော မဟာယသ။ ။

(၁၉) ဇဿုမ္ဗုတာ အနေကာ တေ၊
နာနာဖလရသာ ဒုမာ။
ဥဘော ပဿေသု လမ္ဗန္တိ၊
ဂန္တု ကာလော မဟာယသ။ ။

၃၀၊ မဟာယသ၊ မြတ်လှခြံရံ၊ သပ္ပါယ်စံ၍၊မဆံ ပြိုင်တူ၊ကြေးမုံပြူလျက်၊ဗဟုဒေဝါ၊ ဗြဟ္မာသိကြား၊ နတ်အများနှင့်၊တရား အမြိုက်၊ကျွတ်ထိုက်သသူ၊ လူလည်းကုန်အောင်၊ ပွဲကြီးဘောင်နှိက်၊ရွှေတောင်ဂီဝါ၊ရတနာလျှင်၊ ဆည်းဆာနွေကျူး၊ ချုပ်မှူးမှူးဝယ်၊ တိမ်ဦးမိုးရှောက်၊ ဝင်းဝင်းတောက်က၊ ပျောက်လေမှောင်တိ၊ ထွန်းလျှံညီသို့၊ မယှိုပြိုင်ဆွယ်၊ လွန်တင့်တယ်လျက်၊ သုံးဆယ် နှစ်တွေ၊ မြတေ ဆင်းဝါ၊ လက္ခဏာနှင့်၊

ဆယ်ဖြာပါရမီ၊ပြည့်ညီဖြိုးဖြိုး၊ထွတ်ခေါင်စိုးသည်၊ နွယ်မျိုးမြတ်လှ၊ မုနိန္ဒ····၊ကြွလောပြည်တော်၊ ဘသုဓွေါ်သို့၊ ဖူးမြော်ကောင်းစွာ၊ ဤအခါကား၊ ပျော်သာလှမှု၊ မျှော်ကြည့်ရှုသော်၊ ရတုခြောက်ပါး၊ ထိုအပြားတွင်၊ မှတ်သားစကြ၊ ဝသန္တဟု၊ ကာလသရစ်၊ ရောက်သည်ဖြစ်၍၊ ညွန့်သစ်ရွှေရွှေ၊ရွက်လဲ့ကြွေမှု၊ ပင်ခြေခွမ်းမျှ၊ ယော်ရွက်ကျလျက်၊ မြဲမြဲလန်းစင်၊ ပန်းသစ်ပင်တိ၊ သီးချပ်ရဲရဲ၊ ပွင့်မစဲသား၊ နွဲ့ရင်ကာမ်း၊ စင်ပြွမ်းသစ်ရား၊ ကြောင်လျှာသပြက်၊ တိမ်းညက်ချေအင်၊ ပြည့်စင်ခံသီး၊ လုံးကြီးရင်ခတ်၊ သတွတ်ဖဇအောင်း၊ သင်ပေါင်းဖက်အုပ်၊လက်ခုပ်မအူ၊မှန်ကူပိတ်ချင်း၊ အင်ကြင်းဆင်းဝါ၊မာလကာသစ်တက်၊စုံကွမ်းရွက်နှင့်၊ ပျားယက်မတူ၊ ကြို့ဖြူအတီ၊ ပေါက်ဘိပေါ်ယယ်၊ ဆန်းကြယ်သစ်ဆိမ့်၊ ချမ်းငြိမ့်မြေစို၊ ဧးချိုမြမြ၊ ပည်းဖြင်မျှလျှင်၊ ယူကြည့်ဆွတ်ချီး၊ ကနစိုးလည်း၊ ခက်ရိုးသွယ်သွယ်၊ ချစ်ဘွယ်မပြတ်၊ ပင်လုံးကျွတ်လျှင်၊ ရှိညွတ်ကြည်စွာ၊ သုံးလူ့ချာကို၊ သဒ္ဓါဖြစ်ခြင်း၊ သီးကုန်လျှင်းသည်။ ။ခိုင်ချင်းဖြိုကာ ဖြိုကာတည်း။

၃၁။ အစိုင်အစိုင်၊ သီးထုပြိုင်၍၊ ဦးကိုင်ဗဟို၊ ချမ်းရိပ်ခိုသား၊ ပုဏ္ဏိုလိများထွတ်၊ သုံးလူ့နတ်လျှင်၊ နေ့မှတ်ပြည်ဟောင်း၊ ဆွေရှစ်သောင်းသို့၊ စုံခပါင်းဖူးမည်၊ ကြွအံ့သည်ဟု၊ အရည်ပျားထက်၊ ချိုးဧးခြက်သား၊ သရက်ရွှေခဲ၊ သီး၍ဆွဲသို့၊ ပိန္နဲငှက်ပျော၊ ကလောနွယ်ချို၊ သစ်တိုရှမ်းဆီး၊တည်သီးပင်ကာ၊ ပရမသဖန်း၊ လင်းလွန်းသပြေ၊ ခြေသည်တလည်း၊မန်ကျည်း

ထောက်ရှာ၊ ကမ္ဗလာနှင့်၊ မဲပြာမှန်တော့၊ ကစော့မှက်ခတ်၊ သပွတ်လင်းရှော၊ မင်းပေါသစ်နီ၊ သတီသတွတ်၊ ချိုမြတ်သစ်ဆိမ့်၊ ခရမ်းပိမ့်ဓရှဝါ၊ သကာမတာန်၊ ကြို့နှင့်လွှန်လည်း၊ တသွန်ခါနှင့်၊ အကြိုက်သင့်လျက်၊ မှည့်ရင့်ရွှမ်းပြင်း၊ သီးတွေကင်းသည်။ ။ **ခြင်းခြင်းနီကာ နီကာတည်း။**

၄၂။ အပြိုင်အမြိုင်၊ ခက်ချင်းဆိုင်၍၊ ဆွတ်ကိုင်ယူကာ၊ အဖြာဖြာလျှင်၊ ရှုသာမငြီး၊ အစဉ်မှီးလျက်၊ ခရီးအကြား၊ နှစ်ဘက်နားနှိုက်၊ ထွားထွားညွှန့်ရွက်၊ သီးချင်းရှက်သား၊ ပင်ထက်မစဲ၊ အခဲခဲတိ၊ ဥခွံ့ရေမြှုပ်၊ မျောက်လုပ်စောင်းလျား၊ သဖန်းခါးနှင့်၊ သျှိသျှားကြစွေ့၊ အိပ်မွှေ့ကြစု၊ ကက္ကုသစ်အု၊ လျှော်ဖြူမှန်လျှင်း၊ ကံပြင်းကျွေးရှောက်၊ ခပေါက်ရဲးယို၊ ကနစိုခရမ်း၊ စင်ပြွမ်းလဲးလော်၊ သစ်တော်ကျွဲးကော၊ မင်းဘောရွက်ဟုံ၊ ကင်းပုံကျီးအာ၊ သမ္ဘာရာနှင့်၊ နွေခါသရစ်၊ ဥသျှစ်သခွါး၊ စားလည်းမငြီး၊ ထိုသစ်သီးကို၊ ဘုန်းကြီးသုံးလူ့၊ သဗ္ဗညုလျှင်၊ သွားမှုပျော်ကြောင်း၊ ထေရ်နှစ်သောင်းနှင့်၊ လူကောင်းသမ္မာ၊ နောက်တော်ပါသား၊ များစွာဗိုလ်ခြေ၊ သုံးစွဲးစေဟု၊ ဆိုတွေသော့လား၊ တောပြားစုံမြေ၊ ညာရင့်ကြွေလျက်၊ ဖြည်းလေညင်ညင်း၊ သစ်ခပင်းတို့၊ ဖျားရင်းမလွတ်၊ ပင်တိုင်းညွှတ်သည်။ ။ **လှမ်းဆွတ်မိကာမိကာတည်း။**

၄၃။ အဆိုင်အဆိုင်၊ ရိုးတိုင်ခက်ဆင့်၊ နိမ့်မြင့်ကြီးငယ်၊ အုံ့ဘွယ်ဘွယ်လျှင်၊ တောလယ်နှံ့အောင်၊ သိန်းသန်းဆောင်သည့်၊ ရွှေရောင်ပျားရည်၊ သစ်မည်

စည်သို၊ ရေကြည်ခပေါင်း၊ လမ်းမကြောင်းဝယ်၊ စားကောင်းသည်ချည်း၊ တောင်တလည်းနှင့်၊ စရည်းအိမ်ဆီး၊ ကြိမ်သီးပယ်လင့်၊ ဆူးချင့်သင်းတွဲ၊ ရေနဲ့စရို၊ ဇာတိပ္ပိုလ်ခစပ်၊ သနပ်ဂုံခါး၊ သစ်ကြားသစ်အယ်၊ ပေါယယ်ဖြင့်ညီး၊ ပင်တိုင်းသီး၍၊ မြိုင်ကြီးတောခွင်၊ ယှိတိုင်းပင်လျှင်၊ အကြင်ကျေးငှက်၊ တက်သက်ပျံနား၊ စားလည်းမဝံ့၊ လွန်ကြောက်ရှုံ့လျက်၊ အလုံတန်းခိုး၊ သုံးလူမျိုးကို၊ မြတ်နိုးကော်ရော်၊ ပူဇော်ကောင်းကြီး၊ ရည်၍သီးဟု၊ ခရီးအကြား၊ လမ်းစဉ်ပါးနိုက်၊ အပြားပည်းလှိုင်၊ ဆွတ်မနိုင်သည်။ ။**ပင်ခိုင် မိုကာမိုကာတည်း။**

၃၄။ အခိုင်အခိုင်၊ သီးတုလိုင်၍၊ ဆွတ်ကိုင်လွှမ်းမီ၊ အရွှေသီသို့၊ တစီတလျှဉ်၊ တစဉ်တမ၊ ဖြင်ပေါမျှလျက်၊ ကာလမမှတ်၊ ပင်လုံးကျွတ်တိ၊ ခိုင်ပြွတ်ရွှမ်းမှည့်၊ ခက်ချင်းပြည့်မျ၊ ရှုကြည်အံ့မူး၊ ဖြူးမွေ့ရှုးသား၊ ပင်လုး ဟုံဟုံ၊ ဝါးရုံဝါးဖျား၊ သားရေးလျှင်၊ ညွန့်ဖျားကျိုင်းကျိုင်း၊ ဆိုင်းရရှိုင်းသား၊ အင်တိုင်းအင်ပြင်၊ သစ်စေးပင်တိ၊ ကညင်သလူ၊ ဝေဖြူခနုန်း၊ ကွမ်းထန်းအုန်းလည်း၊ ခက်ဆုံးတညီ၊ ငွေပွင့်စီသို့၊ ရွှေဆီတူရှု၊ သွားတော်မူသော်၊ မပြုနေရောင်၊ သာငြိမ်းအောင်တည့်၊ မြူမှောင်မချဉ်း၊ ရှင်းရရင်းတိ၊ လေညင်းဖြည့်ချောက်၊ ရွက်ကြားလျှောက်သည်။ ။**ဝင်ရောက်ညီကာ ညီကာတည်း။**

၃၅။ အလှိုင်အလှိုင်၊ ဖျားရင်းတိုင်၍၊ သီးခိုင်ရွက်ထဲ၊ ရှိုးရှိုးခဲတိ၊ ရွှေခဲအဆင်း၊ တဝင်းဝင်းလျှင်၊ တော

တွင်းဂနိုင်၊ ပြိုင်၏ရတု၊ ပျော်မှုသဘင်၊ အင်တိုင်းမြင်နှင့်၊ မြိုင်ခွင်တလျှောက်၊ စခန်းထောက်က၊ ဝမ်းမြှောက်ကြည့်စွာ၊ နောက်တော်ပါသား၊ သင်္ဃာအပြား၊ လူအများတို့၊ နေနားချမြိုး၊ ပန်းစိမ့်တဲ့ဖြင့်၊ သလဲးဖြူရောင်၊ လမ်းမဘောင်နှိုက်၊ အခေါင်ဘုန်းကြွယ်၊ သွားစဖွယ်က၊ ခြောက်သွယ်ညီးညီး၊ အလျှံစီးမျှ၊ ခရီးမြေပြင်၊ ရွှေရည်ကျင်သို့၊ လူတွင်မြတ်ခြင်း၊ တရားမင်းဟု၊ သည်းတွင်းဆွတ်ဆွတ်၊ ပီတိညွတ်လျက်၊ လူ့နတ်စိတ်ဇော၊ သဒ္ဒါပြောသည်။ ။**ဖြင်ပေါသိကာ သီကာတည်း။**

၃၆။ **အတိုင်အတိုင်**၊ ချမ်းရိပ်မြိုင်ထက်၊ ရွာပြိုင်စပ်ကာ၊ ယူဇနာတိ၊ သင်္ချာခြောက်ဆယ်၊ ဝေးခွင်နှံ့ကျယ်သား၊ သွားဘွယ်မပန်း၊ လူထိပ်စွန်းကို၊ ကြဌန်းမွေးဘာ၊ ဆွမ်းတော်သလျက်၊ ဒိုးစမှန်၍၊ ထွက်သည့်နေ့နှိုက်၊ အလှေ့ဘိတ်ခံ၊ ကျွနုပ်ပုံ၍၊ ကျိုးနွံလုပ်ကျွေး၊ ဘုဦးပေးတင့်ခေါင်၊ သပ္ပါယ်အောင်လျှင်၊ ပြောင်ပြောင်တောက်ပ၊ ရပ်ဌာနသို့၊ ကြွလောဘုရား၊ တပည့်သားနှင့်၊ အများချမ်းသာ၊ စီးပွါးရှာစိမ့်၊ သကျာဝတ၊ မျိုးထိုမျှ၏၊ ပွဲးမရှေ့နှိုက်၊ တိမ်ဖျားဆိုက်သား၊ ယမိုက်မြတ်စွာ၊ ပြာဋိဟာကို၊ အံ့အာတူးကဲး၊ ရောင်ရှိန်ခဲးဖြင့်၊ ရဲးရဲးသွားစံ၊ မိုးစကြာဝယ်၊ ထွန်းလျှံမီးဟန်၊ ဆွေ့မျိုးမာန်အား၊ ပြင်းထန်ဘုန်းဆိပ်၊ ပယ်နှိုင်နှိပ်လျက်၊ ချမ်းရိပ်ဌဝေ၊ ချွတ်ရစေဟု၊ ပရမေဘုန်းတူ၊ ဆန့်တော်မူက၊ တယူဇနာ၊ တခါချက်ရောက်၊ တမိုးသောက်သည်။ ။
ကွန်းထောက်ချီကာ ချီကာတည်း။

[ဥတုသုံးပါးတွင် မြတ်စွာဘုရား ကြွတော်မူသော အခန်းသည်ကား-ဝိမှန္တ ဥတု ဖြစ်သောကြောင့် အစီအလျဉ်ဆိုသောအတိုင်း ပြည့်စုံ၍ကြည်းတွင်ရောက်သော သစ်ပင်တို့သည် ဘုရားသခင်ကို ကြည်ညိုရိုညွတ်စွာ အခါခပ်သိမ်းယက်ကား၍ သီးလင့်ကုန်သော အခန်းတည်း။]

တောလမ်းခရီး သစ်သီးမျိုးစုံ သီးကြပုံ
လျှောက်တင်ခန်း ပြီး၏။

၆-တောလုံးအနှံ့ ပန်းရနံ့ သင်းပျံ့နေပုံ

လျှောက်တင်ခန်း

(၂၀) စမ္ပကာ သလဠာ နာဂါ၊
သုဂန္ဓာ မာလုတေရိတာ။
သုပုပ္ဖိတဂ္ဂါ ဇောတန္တိ၊
သုဂန္ဓေန ဘိပူဇယုံ။
သာဒရာ ပိနဟာ နေဝ၊
ဂန္ဓကြာလော မဟာယသ။ ။

(၂၁) ပုန္နာဂါ ဂိရိပုန္နာဂါ၊
ပုပ္ဖိတာ ဓရဏီရုဟာ။
သုပုပ္ဖိတဂ္ဂါ ဇောတန္တိ၊
သုဂန္ဓေန ဘိပူဇယုံ။
သာဒရာ ပိနတုဂ္ဂဂ္ဂါ၊
ဂန္ဓကြာလော မဟာယသ။ ။

(၂၂) အသောကာ ကောဝိဠာရစ၊
သောမနဿကာရာ ဝရာ။
သုဂန္ဓာ ကဏ္ဏိကာ ဗန္ဓာ၊
ရတ္တဝဏ္ဏေဟိ ဘူသိတာ။
သာဒရာ ပိနတုဂ္ဂဂ္ဂါ၊
သမဏော တေ မဟာယသ။ ။

(၂၃) ကဏ္ဏိကာရာ ဖုလ္လိတာ နိစ္စံ၊
သောဝဏ္ဏရံသိ ဇောတကာ။
ဒိဗ္ဗဂန္ဓာ ပဝါယန္တိ၊

ဣဿာ သဗ္ဗာနိ သောဘာယံ။
သာဒရာ ဝိနတာနေဝ၊
သမယော တေ မဟာယသ။ ။

(၂၄) သုပဏ္ဏာ ဂန္ဓသမ္ပန္နာ၊
ကေတကီ ဓနုကေတကီ။
သုဂန္ဓာ သမ္ပဝါယန္တိ၊
ဣဿာ သဗ္ဗာတိ ဂန္ဓိနော။
သာဒရာ ပူဇယန္တာဝ၊
သမယော တေ မဟာယသ။ ။

(၂၅) မလ္လိကာ ဇာတိသုမနာ၊
သုဂန္ဓာ ဒုဒ္ဓမလ္လိကာ။
ဣဿာ သဗ္ဗာ ပဝါယန္တိ၊
ဥဘော မဂ္ဂေ ပသောဘာယံ။
သာဒရာ တေ ပလမ္ဗန္တိ၊
သမယော တေ မဟာယသ။ ။

(၂၆) သိန္ဒုဝါရာ သီတဂန္ဓာ၊
သုဂန္ဓာ မာလုတေရိတာ။
ဣဿာ သဗ္ဗာဘိပူဇေန္တာ၊
ဥဘော မဂ္ဂေ ပသောဘာယံ။
သာဒရာ ဝိနတုဂ္ဂဂ္ဂါ၊
သမယော တေ မဟာယသ။ ။

၃၇။ ရောက်ရာဗုဒ္ဓဟော၊ ဦးထိပ်ပွေ့နှိုက်၊ လွန်လေရှေးက၊ သုံးလူ့ဘုတ္တိ၊ သဗ္ဗစက္ခု၊ လေးခုသစ္စာ၊ သန္တိဒါဟု၊ ပညာဉာဏ်ရှင်၊ ဗောဓိပင်နှိုက်၊ ပလ္လင်ရတနာ၊

ပေါက်ခြိုးရောတွင်၊ ပညာမိက၊ အားထုတ်လှ၍၊ ဖြည့်ရတွက်ရေ၊ သင်္ချေလေးခါ၊ ကမ္ဘာဆယ်သောင်း၊ ပွင့်ဆုတောင်းမှ၊ ခါကောင်းကြုံလစ်၊ ဘုရားဖြစ်၍၊ မာရ်စစ်အောင်မြင်၊ ဘော်သုံးခွင်ဝယ်၊ ရောင်ထင် ပဝင်း၊ သိန္ဒိ့ချင်းသား၊ ဆွယ်ကင်းတုလွတ်၊ ဘုန်းတော်မြတ်သည့်၊ လူ့နတ်မျက်ရှု၊ သဗ္ဗညု····။ယခုကာလ၊ ဝသန္တနိုက်၊ ဌာနမိုးမြေ၊ ရှစ်သောင်းဆွေသို့၊ ပရမေဘုန်းဌာန့်၊ ရွှေစက်ဆန့်မူ၊ အခန့်သင့်လှ၊ မင်းလမ်းမတွင်၊ဈေးမြို့ပျံ့၊ ပန်းအနံ့တိ၊ အလွှံမခန်း၊ တောထက်ဝန်းတုံ၊ ငုံသွန်းရွှေသား၊ စကားထင်းရှူး၊ ဆိပ်ဖလူးနှင်း၊ တွမ်းဖူးကံ့ကော်၊ စွယ်တော်ပရဇ္ဇါ၊ ရင်းမာဖက်ဆွတ်၊ရင်ခတ်သရဖီ၊ကတ္တရီမြစ်ကိုင်း၊ရွှေနှိုင်းပိတောက်၊ လဲနှင့်ပေါက်လည်း၊ တောက်သည်မီးရောင်၊ ပြောင်ပြောင်သီးသီး၊ပန်းတောင်ကြီးသို့၊ ခရီးတောဝယ်၊ မြိုင်အလယ်နှိုက်၊ အုံ့ဘွယ်သရဲ၊ မဖြစ်ခြဲးတည့်၊ လွန်ကဲဆထက်၊ စောကြိုတက်ကို၊ အသက်ယှိုဟန်၊ ခါမတန်နှင့်၊ခါတန်မွှေးကြူ၊ အတူတူလျှင်၊ လူလူဆိုင်းဆိုင်း၊ အားလုံးလှိုင်း၍၊ ပင်တိုင်းကင်းငုံ၊ ကြိုင်နံ့ထုံသည်၊ ။ **ပင်စုံအပွင့် အပွင့်တည်း။**

၃၈။ တစဉ်တစဉ်၊ ပင်ချင်းယှဉ်၍၊ ကူးလျှဉ်ခက်စိပ်၊မွှမ်းမွှမ်းသိပ်သား၊ မြိုင်ရိပ်ရွက်ကြား၊ ထွားရှားလျှင်၊ ချယားမုလေး၊ ကြိုင်ဧးပုန်းညက်၊ ကြက်တက်ပန်းသုန်း၊ ဂမုန်းကြံစာ၊ မဟာလှေကား၊ ဆပ်သွားအင်ကြင်း၊ လေးညှင်းစံပယ်၊ ဆင်းဝယ်မိုးခွေ၊ သင်းခွေဒိမ်ဒန်း၊ နွယ်ပန်းကြောင်လျှာ၊ ခတ္တာကြက်ရုံး၊

သိဂျှ့ကုံးသို၊ တောလုံးအလွှဲ၊ ပန်းအနံ့တိ၊ ဖို့ဖိုး ကြိုင်ကြိုင်၊ မွှေးမွှေးလှိုင်သည်၊ ။ဂနိုင်ပင်နိမ့် ပင်မြင့် တည်း။

၃၉။ တရှဉ်တရှဉ်၊နတ်ဥယျာဉ်သို၊ လမ်းစဉ်အနီး၊ ပန်းသစ်သီးတိ၊ ခရီးသွားပျော်၊သုံးလူ့ဘော်ကို၊ ကော်ရော်ရှိသေ၊နွံ့ချင်းဝေလျက်၊ နီရွှေကြက်မောက်၊ တောရှောက်ခေါင်ရန်း၊ ရွှေပြည်ပန်းနှင့်၊ အနန်းစလတ္တာ၊ ဦသဝါစလပ်၊ ပွင့်ချပ်ရိုးရဲ၊ ခဝဲခင်ပုပ်၊ လက်ထုပ်ပန်းတိုင်း၊ ထားဝယ်မိုင်းလည်း၊ ဆိုင်းဆိုင်းဝန်းကျင်၊ ဘုရားသျှင်ကို၊ အကြွင်လှူ့နတ်၊ ပရိသတ်တို့၊ ရှိညွှတ်နှမော်၊ သာစုခေါ်လျက်၊ ပုဇော်ကြွေ၊ ဆွတ်သာစေဟု၊ ပင်ခြေမကြွင်း၊ ညွှတ်ကုန်လျှင်းသည်၊ ။ခက်ချင်းအမြင့် အမြင့်တည်း။

၄၀။ တပျဉ်တပျဉ်၊ ထပ်လျက်ယှဉ်သား၊ ရိပ်စဉ်ငြိမ်းငြိမ်း၊ပျောင်းညွှတ်တိမ်းမျှ၊ခပ်သိမ်းပန်းမျိုး၊ဗိတာန်မိုးသို၊ ထမ်းပိုးဆယ်ပြန်၊ တိုင်းထက်လွန်၍၊ အားသွန်သဖြင့်၊ အညီပွင့်သား၊ ခါသင့်ဇေကြူ၊ ပျဉ်းပန်းဖြူတိ၊ ဇမ္ဗူနရီ၊ပဲဇလီပုဏ္ဏာရိက်၊ ရောင်ဘိတ်ငှရွှေ၊ လိပ်သရွှေဘိန်းနွဲ့၊ ပြာလဲ့ကြောင်ပန်း၊ နီမြန်းကာသစ်၊ ဆူးရစ်မလ္လာ၊မိကျောင်းလျှာနှင့်၊ တောင်ကြာကြက်တင်း၊ တန်ဆင်းမအူ၊ဖွေးဖွေးဖြူမျှ၊ နံ့ကြူပျံ့ပျံ့၊ အသောကလည်း၊ လမ်းစခိုက်ဝယ်၊ပန်ချင်ဘွယ်တိ၊ ဘုန်းကြွယ်ထွတ်ခေါင်၊ ငါးမာရ်အောင်ကို၊ ပွဲဘောင်အပြည့်၊ ပူဇော်၏ဟု၊ ဆိုလှည့်သောနှယ်၊ အငယ်အကြီး၊မှိုကာနီးလျက်၊ ခရီး

စဉ်သင့်၊ရောက်ကုန်လင့်လျက်၊ ရွက်ရင့်မတင်၊ ကြွေလွဲ့စင်သော်၊ ညွန့်ရှင် စက်စက်၊ဖူးခေါင်ထွက်၍၊ အခက်ဖြာရုံး၊ သီ၍ ကုံးသို့၊ ပင်လုံးအဝိုင်၊ပွင့်ညှာပြိုင်သည်။ ။ ချပ်ဆိုင်အဆင့် အဆင့်တည်း။

၄၁။ တလျှဉ်တလျှဉ်၊ ချိုချဉ်စားကောင်း၊ လမ်းမကြောင်းတွင်၊အပေါင်းပန်းမျိုး၊ ရွာသည့်မိုဃ်းသို့၊မုရိုးဆူးပန်း၊ ရွက်ချွန်းကွမ်းလင်၊ ကညင်သစ်ကြီး၊ ပွင့်ထီးထင်ရှား၊ နတ်မျှားသဒ္ဒါ၊ ပူဇော်ရာသည်၊ ဖြင်ကာပြိုင်းပြိုင်း၊သွားလေတိုင်းလျှင်၊ လမ်းပိုင်းချထောက်၊မရောက်မခြင်း၊ ငွေပြားခင်းသို့၊ ရှင်းရှင်းပင်ခြေ၊ ရဂုံမြေနိုက်၊ ဖြည်းလေဖြူးဖြူး၊ ပျော်မွေ့မူးမျှ၊ ကျေးဌူးအပုံ၊ ကောင်းကျိုးဟုံသား၊ မျက်စုံမကိုင်၊ မှတ်သမိုက်လျက်၊ ဦးနှိုက်ဆင်ရာ၊ ရတနာဟု၊ ကြည်စွာပြတ်ပြတ်၊သုံးလူ့ထွတ်ကို၊ ညွတ်သည်နှင်နှင်၊ တောသစ်ပင်တို့၊ ရှုချင်အံ့ဘွယ်၊ လွန်တင့်တယ်သည်။ ။ကြီးငယ်ပွင့်နှင့် ပွင့်နှင့်တည်း။

၄၂။အပျှဉ်အပျှဉ်၊ ချိုချဉ်ချိုခြယ်၊ စားဘွယ်မရှား၊ ပြိုင်ဖျားချောက်ကမ်း၊ မှည့်ရွမ်းမပြတ်၊ လှမ်းဆွတ်မကုန်၊ အဟုန်ပည်းလိုင်၊ဂနိုင်ခမိုး၊ သွားမငြီးတည့်၊ သစ်သီးပန်းမာလ်၊ ဆိမ့်ဖန်စပ်ခါး၊ တွေ့ပြားရသာ၊မြိန်ရာရာကို၊ တကာအငှ၊စားကုန်ကြလျက်၊ ရှင်ပျသဲသဲ၊ ပူဇော်ကြီးလျက်၊လက်ဝဲလက်ျာ၊ ရှေ့မှာနောက်တော်၊ သုံးလူ့ဘော်ကို၊ မမြော်စတောင်း၊ ထေရ်နှစ်သောင်းနှင့်၊ လမ်းကြောင်းညီးညီး၊ ရှေ့တောင်ကြီးသို့၊ခရီးတူရူ၊ ဆန့်တော်မူက၊နတ်လူထိပ်တွင်၊ နဖူးပြင်ထက်၊စက်ရှင်နင်းထိ၊ကြွစေဘိဟု၊ပီတိပြောစွာ၊လွန်သဒ္ဒါလျက်၊နံ့သာ

အမျိုး၊ ထိုခိုးလှူလူ၊ ပျံ့ကြွလျှောင်းလျှောင်း၊ ဗိုလ်အပေါင်းတို့၊ဆယ်ချောင်းထပ်ပြီ၊ဖူးလှာညီသည်။ ။**ကိုယ်စိပန့်နှင့် ပန်းနှင့်တည်း။**

၄၃။ တမျဉ်တမျဉ်၊ နိမိတ်ယှဉ်၍၊ စီလျှဉ်ကောင်းခြီး၊သံချိုမိုးလျက်၊ ဆိုသီးချီချ၊သုံးလူ့ဘဟု၊ ဩဇချီးမွမ်း၊ လက်ာပြွမ်း၍၊ ဆန်းလှမ်းပျူငှါ၊ ဖွဲ့ကဗျာတိ၊ နာသာဘွယ်ဘွယ်၊ အသွယ်သွယ်လျှင်၊ လူဝယ်လူလျှောက်၊ ပြိုင်ကြွထောက်၏၊ နတ်လျှောက်နတ်မှာ၊ နတ်ဘာသာဖြင့်၊ ကြိုးလှာပန်းမျိုး၊ မြေနှံ့ခိုးမျှ၊ ပုထိုးရွှေတောင်၊ ထွန်းသောရောင်သို့၊ ပြောင်ပြောင်ဝင်းဝင်း၊ တရားမင်းကို၊ဟာခြင်းသိသိ၊ဦးရှိကော်ရော်၊ပူဇော်ဝမ်းမြောက်၊ ကိုယ်ထင်ရောက်၍၊ ပေါက်ပေါက်ရွှဲ၊ ပုလဲသန္တာ၊ နီလာပတ္တမြား၊ မျက်ကိုးပါးလည်း၊ ဘုရားမြတ်မွန်၊ လာမည်မှန်ဟု၊ စိတ်သန့်သဒ္ဓါ၊ ကိုယ်ကြပ်ပါ၍၊ သမ္မာဒိတိ၊ တည်ကုန်ဘိလျက်၊ခမိုးအကြား၊ လူနတ်များနှင့်၊ သိကြားဗြဟ္မာ၊ ဖူးမြင်လှာအံ့၊ မကြာခဏ၊ ကပိလသို့၊ ကြွလောနက်ဖြန့်၊ လျှောက်တောင်းပန်သည်။ ။**ခါတန်အသင့် အသင့်တည်း။**

[သဗ္ဗညုဘုရားမြတ်စွာ ကပိလဝတ်ပြည်တော်သို့ ကြွတော်မူလာသော အခါနိုက် တောတွင်ရောက်သောပန်းတို့သည် အတိုင်းထက်အလွန် ညီညွတ်စွာ ပွင့်ကုန်သောအခန်းတည်း။]

တောလုံးအန္တံ့ **ပန်းရနံ့** သင်းပျံ့နေပုံ
လျှောက်တင်ခန်းပြီး၏။

၇-သားမျိုးစုံစုဝေး၍ဟစ်ကြွေးနေပုံ

လျှောက်တင်ခန်း

(၂၇) သီဟာ ကေသရသီဟာစ၊
စတုပ္ပဒနိသေဝိတာ။
အဿတ္ထိတာ သုရာပါနေ၊
မိဂရာဇာ ပတာပိနော။ ။

(၂၈) သီဟနာဒေန ပူဇေန္တိ၊
သာဒရာ တေ မိဂါဘိဘူ။
မဂ္ဂမှိ ဥဘတော ဂူဠှာ၊
သမယော တေ မဟာယသ။ ။

(၂၉) ဗျဂ္ဃီ သိန္ဓဝါ နကုလာ၊
သာဝုရူပါ ဘယာနကာ။
အာကာသေ သမ္ပတန္တာဝ၊
နိဒ္ဒိတာ ယေန ကေနစိ။
တေပိ တေ သာဒရာ နတာ၊
သမယော တေ မဟာယသ။ ။

(၃၀) တိမိ ပဘိန္နာ ဆဒ္ဒန္တာ၊
သုရူပါ သုဿရာ သုဘာ။
သတ္တပ္ပတိဋ္ဌိတင်္ဂါ တေ၊
ဥဘော မဂ္ဂေသု ကူဇိနော။
သာဒရာ ဟာသမာနာဝ၊
သမယော တေ မဟာယသ။ ။

(၃၁) မိဂီ ဝရာဟာ ပသဒါ၊
စိတြာသာ ဝယဝါ သုဘာ။
အာရောဟ ပရိဏာဟေန၊
သုရူပါ အင်္ဂသံယုတာ။
ဥဘော မဂ္ဂေ ဂါယမာနာဝ၊
သမယော တေ မဟာယသ။ ။

(၃၂) ဂေါကဏ္ဏာ သရဘာ ရုရူ၊
အာရောဟ ပရိဏာဟိနော။
သုရူပါ အင်္ဂသမ္ပန္နာ၊
ဃောဝမာနာဝ အစ္ဆရုံ။
ဃောဝမာနာ တေဟိ တဒါ၊
သမယော တေ မဟာယသ။ ။

(၃၃) ဒီပိ အစ္ဆာ တရစ္ဆာစ၊
တုဒရာ ဝရုဏာ သဒါ။
တေ ဒါနိ သိက္ခိတာ သဗ္ဗေ၊
မေတ္တာယ တဝ တာဒိနော။
တေ ပဉ္စသေဝကာ အဋ္ဌါ၊
သမယော တေ မဟာယသ။ ။

(၃၄) သသာ သိင်္ဂါလာ နကုလာ၊
ကလန္ဒကာဥကာ ဗဟူ။
ကဏ္ဍုရာ သူရာ ဂန္ဓာ တေ၊
ကေဝလာ ဂါယမာနာဝ။
သမယော တေ မဟာယသ။ ။

၄၄။ ပါရမီမြတ်၊ ဆယ်ပါးဝတ်ကုံ၊ ဖြည့်တတ်ကုန်နိုင်၊ အပြီးတိုင်မှ၊ ကြီးခိုင်ချမ်းသာ၊ တုသိတာဝယ်၊ များစွာခြံရံ၊ စည်းစိမ်ခံလျက်၊ သုခံသိကြား၊ နတ်သားအပေါင်း၊ ပန့်တွာတောင်းမှ၊ မင်းကောင်းသုဒ္ဓေါ်၊ ကျွမ်းချစ်ပျော်သား၊ နှစ်ဘော်စုံဘိ၊ မာယာမိတွင်၊ ပဋိသန္ဓေ၊ စွဲးလှာပေ၍၊ မြူတောရှုပ်သွင်၊ မျက်နှာမြင်သော်၊ ပုံပြင်သရစ်၊ တုမဲ့ဖြစ်၍၊ ခုနစ်ပြည့်ညီ၊ ရွှေစက်ချီလျက်၊နှိုင်းပြီမထင်၊ဘော်သုံးခွင်ဝယ်၊ငါလျှင်အထွတ်၊ မြတ်ထက်မြတ်ဟု၊ နှုတ်လွတ်သံချီ၊ ကြိမ်းပဆိုလျက်၊ မြင့်မိုရ်တူရူ၊ လှမ်းတော်မူက၊ မျိုးဟူသမျှ၊ မွေးချစ်ဘတို့၊ အားရသည်ချည်း၊ ကျွတ်ဆုရည်း၍၊ ကောဏ္ဍည်း အညာ၊ လူသောခါတုံ၊ လက္ခဏာကြန်၊ တတ်ပွန်အများ၊ ဤမင်းသားလျှင်၊ ဘုရားစင်စစ်၊ အမှန်ဖြစ်ဟု၊ တံတစ်ပုံသော၊ ဘတ်လေသောတိုင်း။ ပြည့်လျှိုင်းသိမိ၊ ဘွားဇာတိက၊ ဝီစိဘဝဂ်၊ အောက်ထက်မလွတ်၊ လောက ဓာတ်ပေါင်း၊ တသောင်းစကြဝဠာ၊ အာဏာနှံ့ခြင်း၊ ဘုန်းရှိန်ပြင်းသည်၊ သနင်းပုနိန်၊ မာရဇိန်·····။ကြွရှိန်တန်ပြီ၊ ခါကောင်းညီသား၊ ဉာသီနေ့ဦး၊ ဆန်းသစ်ကျူးမှု၊ ရှိတ်ထူးမြည်ရှင်၊မှိုင်းမင်းလွင်နှင့်၊ကောင်းကင်မိုးယံပေါ်တ်၊ ကျူသေးပြောက်ကာ၊ ထက်အောက်ပတ်လုံ၊ သင်းမြေနံ့တိ၊ ပျံ့ပျံ့လေပြည်၊ ဖြည်းလာတ်သည်နှင့်၊ ရောင်ခြည်ညီးညီး၊ တန်းခိုးကြီးသား ဘုန်းမီးလျှံဝင်း၊ လူ့သနင်းကို၊ ဘမင်းသုဒ္ဓေါ်၊ တကာတော်က၊ ဘိတ်ခေါ်ရှိသော၊ ပင့်ရလေသား၊ မင်းစေတသောင်း၊ တမန်ကောင်းတိ၊ ဆင့်လောင်းဆယ်ဘန်၊ ရောက်ချိန်တန်ဟု၊ စိတ်သန်

ကြည်တွေ၊ သိနှင့်လေ၍၊ အခြေလေးချောင်း၊ ရဂုံအောင်းသား၊ အပေါင်းသတ္တဝါ၊ သားတကာတို့၊ ဖူးလှာရည်စောင်၊ စောထွတ်ခေါင်ကြောင့်၊ ထောင်ထောင်ထားထား၊ ခါတပါးထက်၊ ခွန်အားထုတ်လျှ၊ လွန်ရှင်ပသား၊ သီဟရာဇာ၊ ကေသရာနှင့်၊ ဝလာဟက၊ သိန္ဓောစသား၊ နာဂဆဒ္ဒန်၊ တသွန်သစ်ကျား၊ ကျွဲနွားသမင်၊ ကြံ့ဆင်ဆိုင်ပေါက်၊ နွားနောက် ကုလားအုပ်၊ ခွေးပုပ်တောဝက်၊ ဝံနက်ပြောင်ထီး၊ စပါးကြီးလည်း၊ ခရီးပါးမှာ၊ ဝေးကာလာ၍၊ မဟာမုနိ၊ စောသိဒ္ဓိဝယ်၊ ညွှတ်ဘိမြေနှိုက်၊ ဦးခေါင်းဆိုက်လျက်၊ အလိုက်ချစ်ကြင်၊ သာဝမ်းသွင်သို့၊ ရှင်ရှင်မြူးမြူး၊ မြည်သံကျူးသည်၊ ပျံ့ပျူးသာယောင် သာယာတည်း။

၄၅။ တရွေ့တရွေ့၊ ညီကြလေ၍၊ တဆွေတပေါင်း၊ အခေါင်းတကား၊ စဉ်ခြားမိုးမြေ၊ နေသည်နှံ့အောင်၊ သုံးထောင်တောပြား၊ ဟေဝန်သားလည်း၊ တရားအယူ၊ သိပါမူဟု၊ မြူးသူယှဉ်ပူး၊ အထူးထူးသား၊ ငှေ့ရှူးလင်းဝက်၊ ရှဉ့်ကြွက်သင်ဘား၊ ကိုးပါးကုဋေ၊ ကြည်းနေမကျန်၊ အားသွန်ကော်ရော်၊ ပူဇော်ညွှတ်ခြင်း၊ သစ်ဆင်းခက်လျောက်၊ တောမျောက်တောယုန်၊ မြုံးခုန်ဒရယ်၊ ဦးကျယ်ပွေးဖွတ်၊ တွင်းပတတ်နှင့်၊ ချေဆတ်မည်းပြောက်၊ ချိုဆင့်ရောက်သား၊ ဆီးဆောက်မင်ဘား၊ သမင်ကျားလည်း၊ ဘုရားဟူသည်၊ ဤလူ့ပြည်တွင်၊ ရောင်ခြည်အထောင်၊ ပြောင်ပြောင်ထွန်းပ၊ နေလမတူ၊ မြတ်စွာဟူ၏၊ အယူမှားစွာ၊ တို့တကာလည်း၊ မိစ္ဆာဒိဋ္ဌိ၊ ရှေးကကျင့်မှား၊ ပါယ်လေးပါးဘုံ၊ ဖြစ်ရတုံရှင့်၊

လုံးခြိုစုနှင်း၊ တရားမင်းဝယ်၊ သီတင်းခြတ်ငွေ၊ နည်းများတွေ့မှု၊ စုတေ့စုန်ဆန်၊ ကောင်းပါပြန်အုံ၊ စိတ်သန်ကြည်ဘိ၊ ကိုယ်ရမ်းသိ၍၊ မိမိဘာသာ၊ အောက်မေ့ပါလျက်၊ သဒ္ဒါညွတ်နူး၊ မြည်ကြဖူးသည်၊ ၊အံ့မူးနာ**သောင့် နာသာတည်း။**

၄၆။ အထွေအထွေ၊ ဖျားစုံခြေဝယ်၊ ဘော်ရွှေဖိုမ၊ သာမြူးကြလျက်၊ ပွပွချစ်ဘွယ်၊ ခြိုးသွယ်မင်ဆံ၊ ရွှေရည်ကျံသို့၊ ကောင်းကြံကျင့်မှတ်၊ သက်ထက်ခြတ်ဟု၊ မပြတ်စေရ၊ လွန်ယုယသား၊ မွေးလှစာမရှိ၊ ဩကတိုး၊ သိုးနှင့်သားအောင်း၊ ဝေါင်းလည်းမကျန်၊ ခုန်သန်ရှူးပျံ၊ တောဖျံကြောင်ဘား၊ တိုး,ကျား,ခြွေပါ၊ သွားရှာမြေခွေး၊ စည်းဝေးအတူ၊ ရဂုံသူလည်း၊ အယုပြတ်ပြတ်၊ ဘုရားမြတ်နှိုက်၊ ရှိညွတ်တုံလှာ၊ ဘော်တကာနှင့်၊ သဒ္ဒါကြည်ဘိ၊ လူ့ဇာတိသို့၊ သိမိနောင်တ၊ ရှေးဘဝတွင်၊ ပဥ္စသီတင်း၊ စောင့်ခြင်းမသုံး၊ နှလုံးမယဉ်၊ မယှဉ်ကောင်းရာ၊ မလိမ္မာသား၊ ပညာမယှိ၊ ကြမ်းကြုတ်မိ၍၊ တိရစ္ဆာန်၊ ဘုံဝယ်ကျရှင့်၊ လားကြလတ်သေး၊ တစုဝေးလျက်၊ ဤဘေးဖြစ်လှဲး၊ ဤဆင်းရဲးမှ၊ လွတ်ချင်စွဟု၊ တောင့်တကိုယ်ဘို၊ ရှာမှိုးမြိုသည်၊ **ချင်းတို့ဘာသောင့် ဘာသာတည်း။**

၄၇။ တဆွေတဆွေ၊ပေါင်း၍နေလျက်၊ပရမေ လူးထိပ်၊ ရောင်လျှံချိပ်သား၊ ဘုန်းရိပ်ထွန်းထင်၊ ဘုရားသျှင်ကို၊ မမြင်စဘူး၊ ပြောပြောမူးမျှ၊ နဖူးမြေခိုက်၊ နောက်တော်လိုက်၍၊ စရိုက်ဘာသာ၊ သားတကာတို့၊ လူ့ရှာမသိး၊ အပြိုးပြိုးလျှင်၊မြေကြီးကော်ရော်၊ ပူဇော်

မစဲး၊ရွက်ကာကြီးလျက်၊ရဲရဲတုံ့တုံ့၊ ဝုံ့ဝုံ့စားစား၊ ရှေ့တော်ပါးဝယ်၊ ဦးနှားစွင့်စွင့်၊ ငွါးငွါးမြင့်၍၊ဆင့်ဆင့်တကဲး၊ ဒွိယှဉ်တွဲလျက်၊ မလွှဲးရန်ပင်၊ အစာမြင်လည်း၊ ကြည်လင်နှလုံး၊ သီတင်းသုံးဟု၊ ကောင်းလုံးဝင်ဝင်၊ ဖြစ်ပါချင်သား၊သမင်နှင့်ကျား၊ ဘားနှင့်ကားမြွေ၊ ဝံရှေ့နှင့်ကြို့၊ရန်ဘိုးခဝေး၊ ခွေးနှင့်ကားယုန်၊ ငြိုးဟုန်မပျက်၊ ကြောင်နှင့်ကြွက်တို့၊ ရန်ဘက်ခြေသံ့၊ဆင်ကိုတွေ့လည်း၊ တမြွှေသီလွန်း၊မိတ်ခင်ပွန်းသို့၊ ထိပ်ပုန်းရတနာ၊ သုံးလူ့ချာ၏၊ ကရုဏာလွှမ်းပိတ်၊ မေတ္တာစိတ်ကြောင့်၊ ဆိတ်ဆိတ်မလှုပ်၊ လောဘချုပ်၍၊တအုပ်တဝေ့၊ စည်းဝေးနေသည်။ ။ချစ်ထွေညာတောင့် **ညာတာတည်း။**

၄၈။ တမြေ့တမြေ့ခြားရွှဲ့နေသား၊ ဘော်ရွှေသိန်းသောင်း၊ သားအပေါင်းလျှင်၊ ကောင်းကောင်း ယဉ်ယဉ်၊ စားဘွယ်ကျဉ်လျက်၊ သဗ္ဗညုမှောက်၊ ရှေ့တော်ရောက်က၊ လျှောက်လျှောက် ပတ်ပတ်၊ရိုညွတ်ကြည်လှ၊ စောင့်သီလဖြင့်၊ ဝေဌသီတင်း၊ သုံးဘော်ချင်းဟု၊တောမင်းတကာ၊ မြတ်သမ္မာတည့်၊ ပညာကြွယ်တည်း၊ လွန်စောင့်စည်းလျက်၊ ခမည်းလူ့ဘ၊ မုနိန္ဒကို၊ ဖြားစွဉ်နှိုက်၊ ခရီးကြိုက်၍၊ ဦးတိုက်ဝပ်တွား၊ ကျောင်းတော်ပါးဝယ်၊ မျှက်ဝါးဝဝ၊ မြင်ပါရမူ၊ တွေ့ရခဲးစွာ၊ ရွှေကျောင်းမှာကား၊အရာမဟုတ်၊ ထိုအစုတ်ကို၊ နှင်ထုတ်ပစ်လင့်၊လိုက်ဖြို့လွှင့်အံ့၊ ဖူးခွင့်မသာ၊ ဖြစ်တုံ့ရာခဲ့၊ စေတနာရှိန်း၊ မျှကာချိန်ဝယ်၊ မုနိန်သျှင်တော်၊ သုံးလူ့ဘော်မှောက်၊ ထပ်လျှောက်လူများ၊တို့အသားကို၊ စား

လှာဘိမှု၊အလှူသန့်သန့်၊ တို့သက်စွန့်အံ့၊ အဇ္ဈန့်သတ္တဝါ၊သားတကာတို့၊ သဒ္ဓါတရား၊တည်ကုန်ငြားသည်။ ။ စီးပွါးရှာပေါင်း ရှာပါတည်း။

၄၉။ တနေတနေ၊တပါးတွေ့၍၊မြိုင်ခြေတောဖျား၊ အခြားခြားလျှင်၊ စုံပြားနှံ့အောင်၊ သွေးကြည်ဆောင်၍၊ဘုန်းရောင်တောက်ပ၊ တုမရသည့်၊ လောကဝိဒူ၊ သဗ္ဗညုကို၊ ယခုလက်ငင်း၊ တွေ့ရခြင်းကား၊ ဘော်ချင်းငါတို့၊ တသက်ဘို့ဝယ်၊ ကောင်းမြွတော်စွ၊ ငြားကုန်လှ၏၊ ဤမှတကွဲ၊ဤဖြစ်လွဲမူ၊ ဆင်းရဲကြီးစွာ၊အပါယ်မှာလျှင်၊ သံချာသခြေ၊ ပြောင်းကြွလေလည်း၊ မြူ၊တေတမ်းခွန်၊ ခရီးညွန်သား၊ နိဗ္ဗာန်ပေးတတ်၊ ဘုရားမြတ်နှင့်၊ မျက်မှတ်တပ်တပ်၊ ကိုယ်ကြပ်သည်နှယ်၊ ဖူးရဘွယ်လျှင်၊ တို့ဝယ်မယို၊ ဝေးစွာဘိရှင့်၊ ဇာတိအယုတ်၊ အပိတ်ဟုတ်၍၊ သတ်ပုတ်စရာ၊ လူစားငှါဟု၊ ဗီလာအကြို၊ ထားလှံလေးမြား၊ဘေးထက်သွားသား၊ငုံ့တွားခြေနိုက်၊ နှုတ်သီးဆိုက်လျက်၊ အမိုက်ပီပီ၊ ကောင်းပုပ်ညီကို၊ မြိုက်သီဒါရည်၊ ချမ်းရေကြည်ဖြင့်၊ အရှည်စင်မူ၊ တို့တစုလျှင်၊ ယခုပွဲမြည့်၊ ဖွပ်လျှော်လှည့်ဟု၊ နှိုင်းရှည့်စူးစမ်း၊ မြတ်ရာလှမ်းသည်။ ။ကိုယ်ရမ်းစာနောင့် စာနာတည်း။

၅၀။ တထွေတထွေ၊ ခွဲးစိတ်ဝေ၍၊ သံခြေဦးတင်၊ ဤသို့လျှင်ဟု၊ သဘင်ပွဲ*ချို၊ ဆယ်စုံရှိဖြင့်၊ ဥဒါယိမည်၊ မဟာထေရ်ကား၊ စိတ်ကြည်ရွှင်းရွှင်း၊ သုံးလူ့မင်းကို၊

---

* ချို-ဟူသည်ကား-ပါဠိပျက်၊ အခိလပုဒ်ရင်း၊အားလုံး-ဟူလို။

ကြောင်းခြင်းပြန်ခေါက်၊ နားတော်လျှောက်က၊ ဝမ်းမြောက်ဝမ်းသာ၊ သတ္တဝါတို့၊ ဘွဲ့ရာသမိုင်း၊ ဖြစ်သောတိုင်းလျှင်၊ အလျှိုင်းဖြင်ညီး၊ သစ်သီးပန်းမာလ်၊ မကျန်တောဝယ်၊ စားဘွယ်ဘွယ်တိ၊ သပ္ပါယ်သွားပျော်၊ မြတ်သျှင်တော်ကို၊ သုဒ္ဓါဒနမွေးဘတောင်းပန်၊ စေလိုက်ဝန်ကြောင့်၊ ဘန်တလဲလဲ၊ လွန်ဆကဲလျှက်၊ ရှိုးရှိုးဝိုဝို၊ တိုတိုမရှိ၊ အာမဉ်၍၊ ကျော်လျှိုပညာ၊ ဆန်းပျူဌါဖြင့်၊ လက်ာပြောကျယ်၊ နိဒါန်းသွယ်သည်။ ။ခြောက်ဆယ် ဂါထောင့် ဂါထာတည်း။

[သဗ္ဗညုမြတ်စွာဘုရားသည်ကာဠုဒါယီမထေရ် တောင်းပန်သဖြင့် သုဒ္ဓေါဒနမင်းကြီး အစရှိသော မျိုးတော်သာကီဝင်မင်း ရှစ်သောင်းတို့အား ဖူးမြင်တော်မူအံ့သောငှါရာဇဂြိုဟ်ပြည်ကြီးနှင့်ကပိလဝတ်ပြည်ကြီးနှစ်ပါးအကြား ယူဇနာခြောက်ဆယ် ယိုသောခရီးကို ရဟန္တာမြတ်နှစ်သောင်း ခြံရံလျက် ခြေတော်စက်ဖြင့် သွားတော်မူသောအခါနှိုက် အခြေလေးချောင်းယှိုသော သတ္တဝါတို့သည် သမာဓိဂုဏ်တည်းဟူသော လူသဖွယ်ကဲ့သို့ဖြစ်၍ ဘုရားသျှင်ကို ကြည်ညိုရှိညွတ်စွာလျက် အလုံးစုံဖူးမြင်ကုန်သော အခန်းတည်း]။

သားမျိုးစုံ စုဝေး၍ဟစ်ကြွေးနေပုံ
လျှောက်တင်ခန်း ပြီး၏၊

၈-ငှက်ပေါင်း ဆင့်ဆင့် ကျူးရင့် နေပုံ

လျှောက်တင်ခန်း

(၃၅) မယူရာ နီလဂီဝါ တေ၊
သုသိခါ သုဘပက္ခိကာ။
သုပိဉ္ဆာတေ သုနာဒါစ၊
ဝေဠုရိယ မဏိသန္နိဘာ။
နာဒံ ကရောန္တာ ပူဇေန္တိ၊
ကာလော တေ ပိတုဒဿနေ။ ။

(၃၆) သုဝဏ္ဏစိတြဟံသာစ၊
ဇဝဟံသာ ဝိဟာစရော၊
တေ သဗ္ဗေ အာသယာ ဆုဒ္ဓါ၊
ဇိန ဒဿန ဗျာဝဋာ။
မဓုရဿရေန ကူဇန္တိ၊
ကာလော တေ ပိတုဒဿနေ။ ။

(၃၇) ဟံသာ ကောဉ္စာ သုနာဒါ တေ၊
စက္ကဝါကာ နဒီစရာ။
ဗကာ ဗလာကာ ရုစိရာ၊
ဇလကာကာ သရကုက္ကုဋာ။
သာဒရာ ဘိနာဒိနော ဧတေ၊
ကာလော တေ ပိတုဒဿနေ။ ။

(၃၈) စိတြာ သုရူပါ သုဿရာ၊
သာဠိကာ သုဝတဏ္ဍိကာ။

ရုက္ခဂ္ဂါ သမ္ဘတန္တာ တော၊
ဥဘော မဂ္ဂေသု ကူဇိနော။
တေသု တေသု နိကူဇန္တိ၊
ကာလော တေ ပိတုဒဿနေ။ ။

(၄၉) ကောကိလာ သကလာ စိတြာ၊
သဒါ မဉ္ဇုဿရာ ဝရာ။
ဝိမှာ ပိတာ တေ ဇနတံ၊
သဒ္ဓိမိတ္တာဒိကေ သုရာ။
သရေဟိ ပူဇယန္တာဝ၊
ကာလော တေ ပိတုဒဿနေ။ ။

(၅၀) ဘိင်္ဂါ ကုရရာ သာရာ၊
ပုရိတာ ကာနနေ သဒါ။
နိန္နာဒယန္တာ ပဝနံ၊
အညမည သမဂ္ဂိနော။
ဂါယမာနာ သရေနေဝ၊
ကာလော တေ ပိတုဒဿနေ။ ။

(၅၁) တိတ္တိရာ သုသရာ သာရာ၊
သုသရာ ဝနကုက္ကုဋာ။
မဉ္ဇုဿရာ ရမဏေယျာ၊
ကာလော တေ ပိတုဒဿနေ။ ။

၅၁။ မဟာဝီရ၊ ကြီးလုံ့လဖြင့်၊ မွေ့ရာဇာ၊ သကျာမုနိ၊ တုမယှိသား၊ သိရိမဟာ၊ မာယာမျိုးဘော်၊ သုဒ္ဓေါဒန၊ မင်းလှမျိုးဆက်၊ စဉ်မပျက်သား၊ နန်းတက်မျိုးစဉ်၊ သာကီဝင်တို့၊ ချစ်ကြင်ကြည်ညွတ်၊ ပွါးစေတော်၍၊

ပြတ်သားဟောရှုတ်၊ ချမ်းမြှုက်ဟုတ်သည်၊ လောကုတ္တရာ၊ ရတနာဖြင့်၊ ကာယပါပေလျှင်း၊ ယမမင်းဝယ်၊ လက်ငင်းရှေးလျှင်၊ ထွတ်ဖျားတင်၍၊ မဂ္ဂင်စည်းစိမ်၊ ငြိမ်ဆိမ်ပျော်ကြောင်း၊ ဆွေရှစ်သောင်းနှင့်၊ အပေါင်းလူနတ်၊ ပရိသတ်ကို၊ချွေချွတ်စေချင်၊ လျှောက်ဦးတင်သည်၊ ချစ်သျှင်ဘုရား၊သုံးလူ့ဖျား····။တရားရဘွယ်၊ဤခါဝယ်လျှင်၊ သပ္ပါယ်တင့်မော၊ မြတ်သျှင်စောကို၊ ပြောပြောရှုမူး၊ မွေးသားဦးဟု၊ ပျံ့ပျူးဝမ်းတွင်၊ ပြတ်မျှကြင်၍၊ ဖူးချင်ကြည့်မျှော်၊ ဘသုဒ္ဓေါ်ကာ၊ နားတော်လျှောက်ထွေ၊ ပင့်ရလေသား မင်းစေဘန်များ၊ ထပ်မနားလျှင်၊ဆယ်ပါးအပေါင်း၊ ဆယ်ထောင်လောင်းသား၊ တသောင်းရောက်ညီ၊ လာတန်ပြီဟု၊ ကိုယ်စီကိုယ်ငါ၊ညီကုန်ကြ၍၊ ဖိုမကျွာ၊ ငှက်တကာတို့၊ ဟင်္သာ,ဝမ်းပဲ၊ တွန်သဲးဘောကြက်၊ စက္ကဝက်တို့၊ ကျီးနက်,ဒိုပြာ၊ ငုံး,ခါ,မြစ်တွေး၊ ပဲထွေး,ဗီလုံ့း၊ ပျိုတို့သာမြူး၊ သံကျူးရင့်ချီ၊ ငှက်နို့,ဝရပ၊ သုဝကျေးသား၊ ကုလားတမာ၊ လူ့မျူငှါသို့၊ ရွှေဝါကြက်တော၊ ဘော်နှောတီးတုတ်၊ ဥပုသ်,ငါးဟစ်၊ ယစ်နှင့်,ပိန်ညင်း၊ ခေါက်မြင်း,ပျားဖွတ်၊ တုံးဆွတ်ဥဗျိုင်း၊ တရိုင်းရှိုင်းလျှင်၊ လမ်းတိုင်းဝန်းကျင်၊ မွှမ်းမွှမ်းဖြင်ဖျ၊ သစ်ပင်နားတုံ၊ မြေနားတုံတည်၊ ပျံတိုပျံနား၊ ပျံလွှားနိမ့်မြင့်၊ မျှော်လင့်အညီ၊ ပန်းပွင့်ချီ၍၊ တူပြီတပေါင်း၊ မြိုင်သာအောင်းလျက်၊ ဥဒေါင်းတွန်ရော်၊ ဗို,မ,ခေါ်သည်။ ။သံကျော်ကျူးရင့်ပြီတကား။

၅၂။ တဝေးတဝေး၊အဘော်သွေး၍၊ရေကျေး,ရေကြက်၊ရေဝန်လက်နှင့်၊လင်းဘက်,စင်ရော်၊ ငှက်တော်,

တင်ကျီး၊ နွားမြီးဆွဲးလျှောက်၊ နွေပေါက်ငှက်ခါး၊ ပျံလွှားတောလျှီး၊ ဥချီး, ဝံလို၊ မောက်ညှိမဲ့ပြာ၊ မိုးစာ, ဆက်ရက်၊ လင်းဝက်တသုန်၊ လင်းယုံမကျန်၊ သိန်းစွန်မှလွှတ်၊ တီတီတွတ်နှင့်၊ တတ်သည့်ဘာသာ၊ သာလိကာလည်း၊ သဒ္ဒါမြတ်နိုး၊ သုံးလူ့မျိုးကို၊ ရှိခိုးအင်တက်၊ တောင်နှစ်ဘက်ဖြင့်၊ ရှက်ကာပျံ့ဝဲး၊ မြင်ရခဲးဟု၊ ရဲးရဲး ရောင်ရောင်၊ လူတို့ဘောင်တွင်၊ မရှောင်မလန့်၊ အသက်စွန့်၍၊ ကြည်သန့်ဆွဲဆွဲ၊ လာကုန်ကြလျက်၊ ဗို့, မသွေး **ခေါ်၊ ရှိပူဇော်သည်။ ။ရှင်ပျော်မြူးလင့် ပြီတကား။**

၅၃။ ကျေးသေးကျေးသေး၊ ဆီးတိမြွေး၍၊ ချမ်းဧး ပြင်းထန်၊ ဟေမဝန်မှာ၊ ဂန္ဓမာနှင့်၊ ကေလာသဘာ၊ စိတြဟု၊ သုဒဿန၊ ကာဠတောင်မြတ်၊ နဝတာတ်ကို၊ ရံပတ်ငါးပါး၊ တခြားထိုမှ၊ သုဝဏ္ဏကား၊ သိင်္ဂသတိ၊ ရဲရဲး ညိသား၊ မဏိမယာ၊ စန္ဒာသုရိယ၊ ဥဒကဟု၊ မည်ရထင်စွာ၊ မဟာကာဠ၊ စူဠကမူ၊ ဌာနအစွန်း၊ ခုနစ်တန်လျှင်၊ ယုဂန်သကွယ်၊ ကြီးငယ်နိမ့်မြင့်၊ ဆင့်ရရင့်တိ၊ လှတင့်ဆွယ်ပြိုင်၊ ဆဒ္ဒန်အိုင်တို့၊ ရိပ်မြိုင်ထက်ဝန်း၊ ပင်စည်ထွန်းလျက်၊ နတ်ပန်းသစ်သီး၊ ဖြင့်ညီးရောက်ရာ၊ ပဒေသာသို့၊ ယူဇနာသုံးထောင်၊ သချွာဆောင်သား၊ ထိုတောင် ထိုတော၊ ကျယ်ပြောမိုးမြေ၊ နေသည်ခန့်ကျုံး၊ ငှက်အလုံးကို၊ ရုံးဘိသောနှယ်၊ ဤခါဝယ်လျှင်၊ သုံးဆယ်နှစ်ပါး၊ ဆန်းပြားရှစ်ဆယ်၊ ခြောက်သွယ်လျှံပတ်၊ အတုလွှတ်၍၊ လှနတ်ဗြဟ္မာ၊ မနှိုင်းသာသား၊ ဥတ္တာကရောစ်၊ မင်းတောင်းမြစ်ကို၊ ရှိချစ်မြတ်လေး၊ ကြည်ညိုစိတ်ပြေးလျက်၊ ရေးခရေးတပ်တပ်၊ ဖူးထိုက်အပ်ဟု၊ အကြပ်ကိုယ်စီ၊

မဥ္ဇူရှီ၍၊ ကိန္နရီ, ကိန္နရာ၊ ကြိုးကြာ, သောင်တင်း၊ အောက်ချင်း,ကရဝိက်၊ ချစ်စိတ်အဟုန်၊ ဂဠုန်,ငှက်ဆင်၊ လွမ်းကြွင်ပတီး၊ တုံးကြီးယင်ပေါင်၊ ဝါယောင်မဲအိုး၊ ဇီဝဇိုဝ်းလည်း၊ ဖြိုးဖြိုးမျော်ရှု၊ ပျူငှါမှုဖြင့်၊ သာဓုသာဓု၊ သဗ္ဗညုဟု၊ တစုတရော၊ ဒဘော်ချင်းနှောလျက်၊ဥဩ,ငှက်တော်၊မြည်သံကြော်သည်။ ။**ဇင်ရော်ထူးဆင့် ပြီတကား။**

၅၄။ တမြေးတမြေး၊ ခြင်းရာမေး၍၊ မြည်ကြွေးသဲသဲ၊ ပျံကြွဲလျက်၊ ရဲရဲရင့်ရင့်၊ ကောင်းကျင့်မူယာ၊ ငူလည်းသောင်းသောင်း၊ စာပေါင်းပတီး၊ ဝေးခရီးက၊ ပန်းကြီးခုံမင်၊ အလျင်ဖူးလှာ၊ သဒ္ဒါသဖြင့်၊ မျော်လင့်ပျံတက်၊ လက်ျာငှက်လည်း၊ စိတ်ထက်ပူဇော်၊ လက်ဝဲတော်က၊ ရှုမြော်မြင်စေ၊ တက်လှာလေ၏၊ အောက်မြေသက်သက်၊ လက်ဝဲငှက်မူ၊ တုဘက်လွတ်ကင်း၊တရားမင်းကို၊ မြတ်ခြင်းမင်္ဂလာ၊ချီးမြှောက်ရာဟု၊ သံဝါရင့်ကြော်၊ လက်ျာတော်မှ၊နုမော်သာဓု၊ ကောင်းချီးပြု၍၊တစုမျိုးဆွေ၊ ညီကြလေ၏၊ ကြည်ထွေအာရုံ၊ တောရဂုံဝယ်၊ တိတ္ထုံနိမိတ်၊ လူတို့စိတ်သို့၊ အဟိတ်တိရစ္ဆာ၊ ဖြစ်များစွာလည်း၊ ဝါသနာငွေ့၊ ပါပါရှေ့လျှင်၊ကျင့်လေ့အမိုက်၊ ထိုခါနှိုက်တွင်၊ အလိုက်သိသိ၊ နှလုံးယှဉ်၍၊ ပီတိရွှင်းရွှင်း၊ ဆောက်တည် ခြင်းဖြင့်၊ သီတင်းသုံးဘော်၊ ငှက်သူတော်တို့၊ သွေးခေါ်ဆောင်ကြဉ်း၊မြတ်ရာချဉ်းလျက်၊ ကောင်းစဉ်းသိမြော်၊ ညွတ်ကော်ရော်သည်။ ။**ရွှေတော်ပူးလင့် ပြီတကား။**

၅၅။ အရေးအရေး၊ ကွေးရရွှေးလျှင်၊ လည်မွေးညှိဝါ၊ လွဲလဲ့ပြာ၍၊ နီလာမျက်လုံး၊ လှဆုံးပါးရန်း၊ ရွှေရည်သွန်းသို့၊ဦးစွန်းမြတံ၊ ခါးဆံမြရှက်၊ ချက်ချက်စိမ်းရောင်၊ မြီးတောင်ပြာနု၊ ချစ်ဘွယ်မှုတိ၊ ဘော်စုသောင်းသောင်း၊ ရွှေများပေါင်းလျက်၊ ဥဒေါင်းတွန်ကြော်၊ကျူးရင့်ရော်၍၊ရှေ့တော်ချဉ်းကပ်၊ ဖူးလှာအပ်ဟု၊ညွှတ်ပျပ်ကြည်စွာ၊ ထီးလိုင်ကာနှင့်၊ခေါက်ရှာ, ခင်ထိတ်၊ ကောင်းစိတ်အညီ၊ သပိတ်ရှိလည်း၊ အဆီလန်းခွင်၊မြတ်ချစ်သျှင်ကို၊ မြင်လျှင်ဝမ်းမြောက်၊နှုတ်သီးဆောက်၍၊ ကြုအောက်မေ့တွန်၊ တို့ဖြစ်ဟန်ကား၊ အလွန်များစွာ၊ခရီးသံသာဝယ်၊ပါဏာတိပါတ်၊သက်သတ်မခရှောင်၊ ကြူးအောင်သေစာ၊ အိမ်ရာပြစ်မှား၊ မုသားဒိဋ္ဌာ၊ သုံးစွဲရှာ၍၊ပဉ္စသီလ၊ မမှတည်မှတ်၊ သီတင်းမြတ်မူ၊ ယွင်းချွတ်ခဲ့မိ၊ထိုပြစ်တိကြောင့်၊ ဝိစိထဲးမှာ၊ကျချေပါပြီ၊ မီးဝါကျိုက်ဆူ၊သံရဲပူနှိုက်၊ မပြုစသာ၊ နှစ်များကြာလျက်၊သင်္ချာသချေ၊ မြင့်မြီးလေမူ၊ ခြောက်တွေရောင်ဝင်း၊ တရားမင်းဟု၊ တင်းမျှမကြားနားမျှမသိ၊ ဘယ်နိ့မပေါ၊ ခက်လှော်ပါယ်ရွှာ၊ ခံရရှာချို့၊ ခုခါတမူ၊ ထို့အတူလျှင်၊ ကြိုက်သူနည်းလှ၊ ရှေးကကားလွန်၊ နှောင်းမှကျန်လိမ့်၊ တိရစ္ဆာန်မှာ၊ ဖြစ်ယုတ်စွာလည်း၊ ငြားပါသင့်စွ၊ မုနိန္ဒကို၊ ဖူးရကြိုက်စွာ၊ ဘော်တကာဘို၊ သဒ္ဓါအဟုန်၊ လာလှည့်ကုန်ဟု၊ မြီးခုန်မြီးရှင်၊လမ်းတိုင်းဖြင်လျက်၊ရောက်လျှင်ရှေ့တော်၊ ညွှတ်နှုမော်သည်။ ၊ပူဇော်ဦးဖြင့် ပြီတကား။

၅၆။ မနှေးမနှေး၊ ပျံ့သင်ရေးဖြင့်၊ မဝေးလေခင်၊ ခွန်းခွန်းလျှင်မှ၊ ကောင်းကင်နတ်နေ၊ မြေကလူများ၊ တိုးမအားလျှင်၊ ဘုရားသျှင်တော်၊ ဖူးရသော်လည်း၊ သုဒ္ဓေါဒန၊ မွေးဘမင်းကောင်း၊ ရှစ်သောင်းမျိုးညီ၊ မရောက်မီလျှင်၊ ကပိလဝတ်၊ ပြည်မြတ်သို့စင်၊ မတိုင်ခင်ဝယ်၊ အလျှင်ခဏ၊ တွေ့လိုက်မှတည့်၊ ကြည်လှဖြောင့်ဖြောင့်၊ မျှားမမှောင့်လျှင်၊ ရောင့်ရောင့်ရဲရဲ၊ သဒ္ဒါကဲအံ့၊ အခြိုးမှတ်တည့်၊ လာကုန်လှည့်ဟု၊ ဖြည့်ဖြည့်တင်းတင်း၊ ငှက်တော်ချင်းကို၊ ကြောင်းခြင်းမစစ်၊ အစာဖြစ်လည်း၊ အချစ်ခင်ပွန်း၊ အဆွေမှန်းလျက်၊ အပန်းတကြီး၊ ကျီးနှင့်,ခင်ပုပ်၊ ကြက်အုပ်,စွန်ရဲ၊ မလွဲမသုန်၊ ဂဠုန်,နဂါး၊ မုန်းကားမယှိ၊ ဆောင်ချေညီလျက်၊ တရိလောက၊ အစိုးရသည်၊ အလှဆန်းကြယ်၊ လွန်သပ္ပါယ်သား၊ ခြောက်သွယ်ရောင်ထင်၊ တို့ချစ်သျှင်ကို၊ ရှုချင်ပင့်ဆော်၊ သွေးကြဉ်းခေါ်သည်။ ။

နုမော်နူးခွင့် ပြီတကား။

၅၇။ တမွေးတမွေး၊ တစုဝေး၍၊ ရွှေကျေးချုပ်ရည်၊ ထူးတလည်လျှင်၊ ကိုးမည်မျက်တိ၊ စီချယ်ဘိသို့၊ မြင်မိအံ့ဘွယ်၊ ဆန်းတကြယ်လည်း၊ သံကျယ်ရင့်ကြွေး၊ ရွေးရရွှေးသား၊ လည်ရေးမျက်ရန်း၊ ပါးသန်းတောင်ပံ၊ ခါးဆံမြဝါ၊ သန္တာခြေဖျား၊ ပြယားလိုလို၊ စိမ်းညိုလှမော၊ ဘော်ချင်းနှောလျက်၊ ကြက်တော,ကုလား၊ ဖေါင်းခါး, တမာ၊ လူ့ပျူငှါသို့၊ သဒ္ဒါစိတ်ပြေး၊ ဟောဝန့်ကျေးလည်း၊ ပျံ့မွေးကိုယ်စီ၊ ပန်းခက်ချီ၍၊ တူပြိုမကွာ၊ ကိန္နရာတုံ၊ သာစွာဒေးဒေး၊ အောင်းကလေးနှင့်၊ ချေးချေးသံချီ၊ အချင်း

ဆိုလျက်၊ အဖို့ကတီး၊ မစံသီးမှု၊ ညီးညီးပြောင်ပြောင်၊ မျက်မှောင်သေးသေး၊ ရေးသည်အတူ၊ နတ်ဟူမယွင်း၊ ရောင်ဆင်းတင့်လွန်း၊ ရွှေရည်သွန်းသို့၊ လှရှန်းရှပ်သွင်၊ ရွှေတော်ပြင်ဝယ်၊ မျှော်လျှင်ရှုဘိ၊ ကလျက်သိ၏၊ ဖွးမိခန့်လှ၊ ရောက်ခဲ့စွာသား၊ မကွာချစ်စိတ်၊ ကရဝိက်လည်း၊ ထိတ်ထိတ်ညောင်းညောင်း၊ မိမိစောင်းသို့၊ ကောင်းကောင်းကြိမ်းဝါး၊ ခါတပါးထက်၊ ဘုရားထွတ်ခေါင်၊ ကြားတည့်အောင်ဟု၊ ရည်စောင်သံရှင်၊ ညင်းညင်းပင်တိ၊ ကြောခြင်စိမ့်မျှ၊ ငြိမ့်ငြိမ့်မြသား၊ ဖို့မမြည်သိ၊ သာလှညီ၏၊ တစီတလျှဉ်၊ ပေါင်းယှဉ်မျိုးဆွေ၊ ကြည်းတွင်နေသား၊ ကုဋေကိုးပါး၊ အခြားခြားလျှင်၊ တောသားတောငှက်၊ မြတ်စုံမက်၍၊ လမ်းဆက်တဘော်၊ ရှုလင့်မျှော်သည်။ ။ပြည်တော်ကူးတင့်ပြီတကား။

[သဗ္ဗညုတ ဘုရားမြတ်စွာ ကြွတော်မူသော အခါနိုက် သဒ္ဒါတရားထူးယှိသော သူမြတ်တို့ကဲ့သို့ ဖြစ်၍ အတောင်ယှိသော ငှက်အပေါင်းတို့သည် ကြည်ညိုရှိညွတ်စွာ ပူဇော်လင့်ကုန်သော အခန်းတည်း။]

ငှက်ပေါင်းဆင့်ဆင့် ကျူးရင့်နေပုံ
ပြောက်တင်ခန်းပြီး၏။

၉-ရေကန်သာလှ အေးမြနေပုံ

လျှောက်တင်ခန်း

(၄၂) သေတဝါလုကသဉ္ဆန္နာ၊
သုပတိတ္ထာ မနောရမာ။
မဓုရောဒကသမ္ပုဏ္ဏာ၊
သရာ ဇောတန္တိ တေ သဒါ။
တတ္ထ နှတွာ ပိဝိတွာစ၊
သမယော တေ ဉာတိဒဿနေ။ ။

(၄၃) ကုမ္ဘီရာ မကရာ ကိဏ္ဏာ၊
ဝလယာ မုဉ္ဇရောဟိတာ။
မစ္ဆကစ္ဆပဗျာဝိဒ္ဓါ၊
သရာ သီတောဒကာ သုဘာ။
တတ္ထ နှတွာ ပိဝိတွာစ၊
သမယော တေ ဉာတိဒဿနေ။ ။

(၄၄) နီလုပ္ပလသမာကိဏ္ဏာ၊
တထာ ရတ္တုပ္ပလေဟိစ။
ကုမုဒုပ္ပလ သံကိဏ္ဏာ၊
သရာ သောဘန္တိ နေကဓာ။
တတ္ထ သီတလကာ တောယာ၊
သမယော တေ ဉာတိဒဿနေ။

(၄၅) ပုဏ္ဍရီကေဟိ သဉ္ဆန္နာ၊
ပဒုမေဟိ သမောဟတာ။

ဥဘော မဂ္ဂေသု သောဘန္တိ၊
ပေါက္ခရညော တဟိံ တဟိံ။
တတ္တောဒကာနိ န္ဟာယန္တိ၊
သမယော တေ ဉာတိဒဿနေ။

(၄၆) သေတပုလိန သံကိဏ္ဏာ၊
သုပတိတ္ထာ မနောရမာ။
သီတောဒကာ မဟောဃေဟိ၊
သမ္ပုဏ္ဏာ တာ နဒီ သုဘာ။
ဥဘော မဂ္ဂဟိ သန္ဒန္တိ၊
သမယော တေ ပိတုဒဿနေ။ ။

၅၈။ ဘဂဝန္တံ၊ ဘုန်းမီးလျှံ့ရှိ၊ အရဟံဗုဒ္ဓေါ၊ တုမဲ့ကျော်သား၊မမြော်နှိုင်ကာင်း၊ ပုဂ္ဂိုလ်ချင်းတွင်၊ မြတ်ခြင်းလွန်ကျူး၊ ဘော်သုံးဦး၏၊ နဖူးထိပ်ပန်း၊ မကိုဋ်မှန်းလျက်၊ ရောင်ထွန်းရတနာ၊ ဆောင်းတန်ဆာဟု၊ အချာလူ့နတ်၊ မှတ်သမိုက်သည်၊ ပြိုင်ထိုက်မဲ့ လျှင်း၊ တရားမင်း·····။သတင်းရှိန်စော်၊ ကျေးဇူးတော်ကြောင့်၊ အနော်တဏ္ဍ၊ ကုဏာလတွို၊ ကဏ္ဏမုဏ္ဍ၊ ရထကာဟု၊ သီဟပပါ၊ မန္ဒာကိနိ၊ မည်ယှိဆဒ္ဒန်၊ တသွန်ကြီးခိုင်၊ ခုနစ်အိုင်တွင်၊ ရိပ်မြိုင်သာမြတ်၊ နဝတတ်မူ၊ သုံးပတ်လကျ်ာ၊စီးဖြာဓလေ့၊ ခြင်္သေ့,ဆင်,မြင်း၊ နွားခံတွင်းမှ၊ ထွက်ခြင်းလဟာ၊ လေးမျက်နှာဝယ်၊ ဝေါနာမုခ၊ ပြွန်နှုတ်ဝလျှင်၊ တောင်မှစူးစူး၊ ရေဦးရှင်ရှင်၊ ပြေးလတ်ကျင်၍၊ တိယက်ဥ၊ ကန်မည်ရသား၊ ကဏ္ဏမည်သာ၊ ထက်မှာသွန်ကျ၊ အာကာသတုံ၊ ငုပ်ထမြေတွင်၊ ဥမင်

ဂင်္ဂါ၊ သဒ်ျာချင့်ညီ၊ခြောက်ဆယ်စီတိ၊ နဒီထဲးက၊တိုးကျဖေါက်ထွင်း၊ အဝှန့်ကျင်းသား၊ ယဉ်ပြင်းသည်စွာ၊တိယင်္ဂါဟု၊ ကျောက်ဖျာခံမိ၊ ငါးပါးယှိသော်၊ ချမ်းဘိကြည်စွာ၊ ယမုနာနှင့်၊ ဂင်္ဂါ,အစိရဝတီ၊ မဟီ,သရဘူ၊ ဟူသားငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ထိုမှကွာသော်၊ မဟာသမုဒ်၊ ကျယ်ဝုတ်လေးစင်း၊ အဆင်းမြဟန်၊ သတ္တဘာန်တွင်၊ သဏ္ဍာန်ဝန်းရစ်၊ သီဒါမြစ်လည်း၊ မဖြစ်စတောင်း၊ လှိုက်ခနောင်းတိ၊ လမ်းကြောင်းတူရှု၊ တံပိုးဖြူမျှ၊ သုံးလူဆရာ၊အချာပရမေ၊ လူ့နတ်ဒေွကို၊ သောက်ရေသုံးတော်၊ ခေါ်စိမ့်တပါး၊ ဘုရားချီးတန်၊ ဆိပ်သာမွန်လည်း၊ သမန္တလ၊ ညီညွတ်လှလျက်၊ဆွဆွဖြူစွာ၊ ပြင်ထွန်းကာလျှင်၊ ပမာမယွင်း၊ ငွေပြားခင်းသို့၊ သန့်ရှင်းကြီ့ကြီ့၊အပြီးနှံ့၍။ ။သဲးညံ့ဖုံးလှာ ကုန်၏.တည်း။

၅၉။ ညံ့ညံ့နူးနူး၊ ငွေမှုန့်ဖြူးသို့၊ ကျေးဇူးလွန်ပြင်း၊ မြစ်ခပင်းတို့၊ ဒိုင်,အင်း,ဆည်,ကန်၊ တသွန်ချောင်းမြောင်း၊ အပေါင်းရေနေ၊ ကြည်ထွေကြည်းကြည်း၊အံ့ဘွယ်ချည်းလျှင်၊ ညွှန့်နည်းမြူနည်၊ နောက်သည်မယှိ၊ ငြိမ်းလှဘိလျက်၊ ခရီးအဆိ၊ ပြည်ကပီနှင့်၊ အပြီဖျဖျ၊ လာကြလူဗိုလ်၊ ရာဇဂြိုဟ်ကြား၊ ခြောက်ဆယ်သွားကို၊ ဘုရားချစ်သျှင်၊ ရွှေစက်ရှင်ဖြင့်၊ မြေတွင်နှင်းချ၊ သန့်လတ်ကြဟု၊ မြစ်မငါးသွယ်၊ မြစ်ငယ်ငါးရာ၊ သီဒါမကြွင်း၊ဒိုင်,အင်း,ဆန်းကြယ်၊ နက်ကျယ်ရေထု၊ ခုနစ်ခုလျှင်၊ ကောင်းမှုစိတ်သန်၊ လူ့အဟန်သို့၊ စီးဝှန်ပြည့်ကျမ်း၊ရစ်ပြင်လျှမ်းလျက်၊လျှမ်းသားကမ်းထိပ်၊သာသည့်

ဆိပ်တည့်၊ ချမ်းရိပ်ငြိမ်းငြိမ်း၊ လူခပ်သိမ်းကို၊ ချီးလိမ်း စိမ့်ငှါ၊ကောင်းရာရာတီ၊ သဲးသာဖြူးချိုညိဖွာညို့၍။ ။ **အိုင်တီထုံးလှာ ကုန်၏့တည်း။**

၆၀။ ကြွံကြွံနူးနူးပျော်မွေ့မူးမျှ၊ ကျေးဇူးလွန်ကဲး၊ ခြွစ်ခပဲးနှင့်၊နက်ထဲးယဉ့်တွေ၊ ရေတွင်နေသား၊ ကုဋေ ဆယ်ပါး၊များသားမကျန်၊ တိရစ္ဆာန်တို့၊ အလွန်တရာ၊ ဝမ်းသာလန်းလန်း၊ ဖူးချင်ပန်းတီ၊ မကာခုံး,ငါးဆင်၊ ယဉ့်ရှင်ဘော်ရိုင်၊ လပိုင်,လိပ်,ငါး၊ နဂါးရေလျှိုး၊ တရိုးရေသူ၊ ကြည်စိတ်ဖြူလျက်၊သုံးလူတမ်းခွန်၊ ရွှေမွန် ထွတ်ဖူး၊သဗ္ဗညုကို၊ ရှုစပါလျှာ၊မြော်ခဲးဖွာဟု၊ တကာ မျိုးဆွေ၊ဆယ်ကုဋေတီ၊ ညီတွေရုံးစု၊ သဒ္ဒါမှုဖြင့်၊ သံသု မာရ၊ တွင်ထမည်ကောင်း၊ ရွှေမျှား ပေါင်းလျက်၊ မိကျောင်းရေမင်း၊ ကြည်းမှာကျင်း၍။ ။**သီတင်းသုံး လှာ ကုန်၏့တည်း။**

၆၁။ ရှိုံရှိုံယူးယူး၊ ကြည်စိတ်နူးလျှက်၊ ကျေးဇူး အလှိုင်း၊ အုံ့မနှိုင်းလည်း၊ အတိုင်းမသိ၊ ထွတ်ခေါင် ထိသား၊ မုနိဟူသည်၊ နားရိပ်ချည်မျှ၊ ကြားမည်ခဲးလှ၊ စာရိတ္တာဖြင့်၊ ဘာဝယုတ်မာ၊ လူစာစင်စစ်၊ ငါတို့ဖြစ်ခဲ့၊ ကျင့်ညစ်ကြမ်းစွာ၊ သံသရာဝယ်၊ ပညာကျေးဇူး၊ အထူး လျှောက်ပတ်၊ သူတော်မြတ်နှင့်၊ ပူးပွတ်ကျိုးနွံ၊ ဆိုးမ ခံလျက်၊ ကောင်းကြသီတင်း၊ စောင့်ခြင်းမယှိ၊ မှားချေ မိ၍ ဒိဋ္ဌိအယူ၊ မည်သူမသင်၊ ပွဲပြင်မဆို၊ အလိုလိုလျှင်၊ ကိုယ်ကိုတတ်တည့်၊ မှတ်ရှာလှည့်လျက်၊အမြည့်မိစ္ဆာ၊ ကျိုးမဲ့ပါတည့်၊ ခန္ဓာဖေါက်လှဲး၊ ရေယဉ့်ထဲးဝယ်၊

မြင့်မြီးကာလ၊ လောကန္တသို့၊ ဖြစ်ရဘိလျှင်း၊ ရှေးကယွင်း၍၊ ဖြစ်ခြင်းလိပ်,ငါး၊ များသားရေနေ ဆယ်ကုဋေတိ၊ စိတ်စေတနာ၊ သုံးလူ့ချာကို၊ သဒ္ဒါချက်ချက်၊ မြတ်စုံမက်၍။ ။ရွှေစက်အုံးလှာ ကုန်၏တည်း။

၆၂။ ပျံ့ပျံ့ပျူးပျူး၊ လှိုင်နံ့မြူးလျက်၊ သုံးဦးလူ့ဗိုလ်၊ ချမ်းရိပ်ခိုသား၊ ပုဂ္ဂိုလ်များမင်း၊ မြတ်သျှင်ရှင်းကို၊ အချင်းသိလျှောက်၊ ရေတွင်ပေါက်သား၊ ရေရောက်ရေပန်း၊ လန်းရရှန်းတိ၊ ပျံ့မွှန်းနံ့သာ၊ ငါးမည်ကြာတို့၊ ငုံအာစွင့်စွင့်၊ ရေထက်မြင့်၍၊ လှတင့်ပွပွ၊ ကုမုဒဟု၊ လွလွဘိတ်ဘိတ်၊ ပုဏ္ဍရိက်နှင့်၊ ကောင်းစိတ်ချွင်စွာ၊ ပဒုမာတို့၊ သဏ္ဌာန်နှင်းပန်း၊ ဖွေးဖွေးစွန်းသား၊ ရောင်ထွန်းရွှေဝါ၊ နီသည့်ကြာမူ၊ များစွာချပ်ဆင့်၊ လှိုင်တွေ့ပွင့်၏၊ မြနှင်ရိုးဆို၊ ပန်းကြာညိုလည်း၊ နေကို့မင့်၊ ပွင့်လင်းအံ့ဟု၊ ပျံ့ပျံ့နံ့မြီး၊ ရေပေါ်မိုး၍၊ ဖြိုးဖြိုးဝတ်ဆံ၊ ကြွေ့ကြွေ့ရံလျက်၊ ဖြိုးတံသွယ်သွယ်၊ သီကုံးချယ်သို့၊ ချစ်ဖွယ်ဖွံ့ဖွံ့၊ ဒိုင်တိုင်းနံ့၍၊ ။ကြိုင်နံ့ရုံးလှာ ကုန်၏တည်း။

၆၃။ နုံ့နုံ့နူးနူး၊ လှိုင်နံ့မြူးလျက်၊ ကျေးဇူးအံ့ဘွယ်၊ ဘဝဂ်ကယ်မျှ၊ ခြောက်သွယ်ပြောင်ပြောင်၊ ကိုယ်တော်ရောင်တိ၊ မိုးခေါင်ပထွက်၊ ရုံးမှူးတက်သည်၊ မွှန်းချက်နေဟန်၊ တန်ခိုးထန်သား၊ နိဗ္ဗာန်ပေးပိုင်၊ စောဘုန်းခိုင်ကို၊ ကြိုင်ကြိုင်မခန်း၊ ရေတွင်ထွန်းသည်၊ ရေပန်းစုံစွာ၊ မွှေးထုံလှာသား၊ အပြာကန်တောက်၊ ကြက်မောက်, ခေါင်ရန်း၊ မှော်ရှက်ဝန်းနှင့်၊ ကန်စွန်းမြညို၊ ရေကို

ဖုံးလွှမ်း၊ဟင်းရမ်းရွှေရည်၊ တော်ပြည့်ကညို့၊ထွားထွား ပျိုမျှ၊ လူတို့သခင်၊ ဘုရားသျှင်ဟု၊ ကြည်လင်သဒ္ဓါ၊ ရေမျက်နှာထက်၊ နှံ့သာလှောင်းလှောင်း၊ ပုံ့လေ ကြောင်းဖြင့်၊ အပေါင်းချပ်စီ၊ ပွင့်ချင်းပြို၍။ ။ အညီကုံးလှာ ကုန်၏တည်း။

၆၄။ အုံ့အုံ့မှုံးမှုံး၊ ဆက်လွှန်ကျူး၍၊ မြင်ဘူးမဲ့ တောင်း၊ ကြိုင်နံ့လှောင်းသား၊ ရေကြောင်းတသွန်၊ နတ်အဟန်သို့၊ ဗိမာန်ပြောစည်၊နဂါးပြည်နှိုက်၊ ယှိုသည် များစွာ၊မာလာဂန္ဓ၊ပန်းထိုမျှလည်း၊လူ့ဘဝတွတ်ခေါင်၊ စောမာရ်အောင်ကို၊ ရည်စောင်ပွင့်ခြွေး၊ နေနတ်သား လျှင်၊ နှစ်ပါးညီညို၊ သွေးကြဉ်းဘီလျက်၊ ခရိုးအတိုင်၊ မွှေးမွှေးလှိုင်မျှ၊ ပုံ့ကြိုင်ရှင်းရှင်း၊ နံ့ထုံသင်းဖြင့်၊ ညှင်းညင်းဖြည်းဖြည်း၊ငြိမ့်ကာတည်းလျှင်၊မသည်းစေရ၊ ဝတ်ဆံမ၍၊ ဖြည်းချလေနတ်၊ ညှာကြွေဆွတ်မှ၊ လတ်လတ်မံစီ၊ ရွှေတော်ဆီဝယ်၊ တညီရွှမ်း၊ ပွင့်ဝတ် လဲလျက်၊ ဖဲးလေနွှမ်းယောင်း၊ တပါးပြောင်း၍။ ။ ပန်းဟောင်းကျူးလှာ ကုန်၏တည်း။

[သဗ္ဗညု မြတ်စွာဘုရားသည် ဗောဓိပင်ရင်းနှိုက် သစ္စာလေးပါးကို ပွင့်တော်မူ၍ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးလျှင် ဝါဆိုလဆန်း ၁၄-ရက် ကသည် ဝါဆိုလပြည့်တိုင်ရုံကြွတော်မူခဲ့မှ မိဂဒါဝုန်သို့သွားတော်မူလေ၏၊ ကောဏ္ဍညအစရှိသော မဟာထေရ်ငါးပါးတို့ကို ဓမ္မစကြာတရား ဟော တော်မူ၍ ကျွတ်စေလျှင် လက်ဦးစွာဝါဆိုတော် မူခဲ့ပြီးမှ ဥရုဝေဠတောသို့ကြွတော်မူလေ၏၊ ဥရု

ဝေလကဿပသျှင်ညီနောင်သုံးပါးနှင့်တကွ တပည့်သားတထောင်တို့ကို ရဟန္တာချည်းဖြစ်လျှင် နောက်တော်ပါစေလျက် ရာဇဂြိုဟ်ပြည်သို့ သွားတော်မူ၍ ဗိမ္ဗိသာရမင်းကြီးအား ဖူးမြင်စေလျက် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ သာရိပုတ္တရာ,မောဂ္ဂလာန်,မဟာကဿပဟူသောသူမြတ်သုံးပါးတို့လည်း ရဟန္တာချည်းဖြစ်နှင့်ပြီးမှ ခမည်းတော် သုဒ္ဓေါဒနမင်းက ထပ်မနားပင့်လှာရသော် ဆယ်ကြိမ်မြောက် တသောင်းမျှလောက်သော မင်းစေတွင် နှောင်းဆုံးပင့်လှာရသော ကာဠုဒါယီအမတ်က တပေါင်းလဆန်း သီတင်းနေ့ရောက်၍ ရဟန္တာချည်းဖြစ်လျှင် ရက်လည်ရုံကြာမှ ဥပုသ်အပြည့်နေ့၌ ရွှေတော်ပြင်ဝယ်ရပ်၍ လက်အုပ်ချီလျက် ဤဂါထာ ခြောက်ဆယ်ဖြင့် ဘုရားသျှင်ကို ချီးမွမ်းလျက် တောင်းပန်၍ လဆုတ်တရက်နေ့၌ ခမည်းတော်မင်းကြီးအား ဖူးမြင်တော်မူအံ့သောငှါ ရာဇဂြိုဟ်ပြည်ကသည် ကပိလဝတ်ပြည်သို့ကြွတော်မူသော အခါ၌ ဇမ္ဗူဒိပ်ကျွန်းတွင်ယိုသော ရေအပေါင်းတို့သည်၎င်း, ဆယ်ကုဋေမျှလောက်သော ရေတွင်နေသော တိရစ္ဆာန် အပေါင်းတို့သည်၎င်း, ရေတွင်နေသော ရေပန်းအပေါင်းတို့သည်၎င်း- ရတနာသုံးပါးကို ကြည်ညိုရိုညွတ်စွာသော သူမြတ်စိတ်ကဲ့သို့ဖြစ်၍ ပူဇော်လင့်ကုန်သောအခန်းတည်း။]

ရေကန်သာလှ အေးမြနေပုံ
လျှောက်တင်ခန်းပြီး၏။

၁၀။ အများလူမိုလ် ကြည်ညိုကြဖို့
လျှောက်တင်ခန်း

(၄၇) မဂ္ဂသ ဥဘတော ပဿေ၊
ဂါမ, နိဂမ, သမာကုလာ။
သဒ္ဒါ ပသန္နာ ဇနတာ၊
ရတနတ္တယမာမကာ။
တေသံ သဒ္ဓုပ္ပတ္တိသက်ပ္ပေါ၊
သမယော တေ ဉာတိဒဿနေ။

၆၅။ သာဓုသမ္မတော၊ ပရမေကိတ္တိ၊ ကြီးဘိကျော်သောင်း၊ သူတော်ပေါင်းတို့၊ ကောင်း၏ဟူသည်၊ နှုတ်ရည်ပြဇာ၊ ရတနာဖြင့်၊ မင်္ဂလာပွဲးခြီး၊ ပူဇော်ပြီးသော်၊ ဘုန်းမီးလျှံဝင်း၊ တို့သျှင်ရှင်းကား၊ လူမင်းသောခါ၊ ရာဟုလာကို၊ မျက်နှာမြင်၍၊ ဘွားသည်နေ့နှိက်၊ ပျော်မွေ့ရွှင်ပါး၊ ဥယျာဉ်သွားရှင့်၊ လေးပါးမှတ်ထင်၊ နိမိတ်မြင်မှ၊ ရွှေစင်ရောင်ထွန်း၊ ဗိမာန်နန်းသို့၊ ညခန်းချမ်းသာ၊ ပြန်လတ်ရာဝယ်၊ ကိသာတွင်ညီ၊ ဂေါတမီလျှင်၊ ပွက်ရှီစတောင်း၊ စနည်းကောင်းတိ၊ အပေါင်းလူ့နတ်၊ ယောက်ျားမြတ်၏၊ ရုပ်ဓါတ်ဆင်းဝါ၊ လက္ခဏာကား၊ အင်္ဂါခပ်သိမ်း၊ ရှုရာငြိမ်းဟု၊ ညွတ်တိမ်းကြည်စွာ၊ နိဗ္ဗုတာဖြင့်၊ ပျူငှါရွှင်ဝမ်း၊ ဖွဲ့ချီးမွမ်းလျက်၊ ပြည်တမ်းထိုက်မြီးဖိုးရခဲ့သား၊ ပုလဲးရတနာ၊ အချာပြောက်ဆန်း၊ တုမဲ့ကျွန်း၍၊ လျှံထွန်းသရစ်၊ မုတ်စီနစ်သား၊ သွယ်ပြစ်ဆုတော်၊ ပေးသရော်လည်း၊ နှိုင်းလျော်မတန်၊ ကဲးဆလွန်လျက်၊ ပြည့်ဇွန်ကြက်သရေ၊ မြတေသတိ၊

လှမောဘိသည်၊ သီရိမဟာ၊ မာယာချစ်သား၊ ရွှေဘုရား·····၊ပေါ်ပြူးဆန်းထူး၊ကမ္ဘာဦးက၊ ငုံဖူးရဲရဲ၊ ပွင့်ချပ်ထဲဝယ်၊ ဖြစ်ခဲ့တုံစွာ၊ ငါးဆူပါက၊ ဗြဟ္မာသိုထား၊ လူ့စီးပွါးဟူ၊ ဘုရားရှေ့နိုက်၊ စဉ်တစိုက်လျှင်၊ ကပ်လိုက်သည်ချည်း၊တိုသျှင်နည်းနှင့်၊ မိတည်းအရန်၊ နှစ်ဘိုကျန်သော်၊ ယမန်တခါ၊ ပြည်ကိုဌါ၍၊ မဟာမုနိ၊ တောထွက်ပြီးလျှင်၊ ဃဋိကာရ၊ သက်လှာကျ၍၊ မြစ်စစ်းချေ၊ ကပ်နှင့်ပေးသား၊ နီရှေ့ခေါင်ရန်း၊ ကြွာသင်္ကန်းနှင့်၊ နေဝန်းစက်ရောင်၊ ခြည်အထောင်သို၊ ပြောင်ပြောင်ညီညီ၊ တင့်လွန်းဘိသား၊ မျက်စိအသရေ၊ လှမြတ်တော်ကို၊ ကျွတ်လေပါကောင်း၊ မင်းရှစ်သောင်းနှင့်၊ စောလောင်းသုဒ္ဓေါ်၊ ယသော်ဓရာ၊ ပဇာပတိ၊ ကလျာဏီ့တို့၊ နန်းညီ့သားချင်း၊ မောင်မင်းရာဟု၊ မျိုးတစုကို၊ မျှော်ရှုစေချင်၊ ဆယ်စုံတင်လျက်၊ သဘင်ပွဲဟို၊တောင်းပန်ဆိုရှင့်၊ ရာဇဂြိုဟ်ပြည်၊ ရောက်သည်အစ၊ကြားလကာလျှင်၊ တောင့်တလျက်ပင်၊ သာကီဝင်တို့၊တိုင်းခွင်လွှန့်ကျူး၊ မြေခြားကူး၍၊ရှိဦးပူဇော်၊ သုံးလူ့ဘော်ကို၊ ဆွေတော်သီးသီး၊ ဖူးပန်းကြီးသည်။ ။ ခရီးကြိုညီ ကြိုကြတည်း။

၆၆။ တပေါင်းတပေါင်း၊ဆွေတော်ကောင်းတွင်၊ အကြောင်းတင်မေး၊လွှမ်းတာဝေးသား၊ မိထွေးအရင်း၊ မယ်တော်မင်း၏၊သားချင်းညီမ၊ မွေးဘတူပြီ၊ ဂေါတမီတုံ၊ပွက်ချီညြဇ၊မြင်ချင်ကတိ၊အစ်မဘုန်းယှိ၊သီရိမဟာ၊ ဘွားခဲ့ကာလျှင်၊နှုတ်ရွှာကြွလေ၊စောသန္ဓေမူ၊ မကြွေရှေချက်၊ ခုနစ်ရက်ကို၊စုံမက်မြတ်နိုး၊ပန်းနှယ်ပျိုး၍၊ ချီပိုး

မအပ်၊ ကိုယ်တိုင်ကြပ်လျက်၊ ဆယ်ထပ်စောင့်ဘန်၊ သက်ထက်လွန်မျှ၊မင်းနန်းအဆွေး၊ငေါ့ရင်သွေးကို၊ လုပ်ကျွေးတပါး၊ ထိန်းယထား၍၊သီးခြားအထူး၊ ပိုက်လွှားကျူးရှင့်၊ ကျေးဇူးအပဟိုဒ်ပါလို၍၊ ပုဂ္ဂိုလ်များခေါင်၊ ကြီးမြင်းအောင်လျှင်၊ မစောင်ရင်နို့၊ ငါသာစို့၍၊ မွေးတို့ရကျိုး၊ ပြည့်အင်ပြိုးမျှ၊ ထမ်းပိုးကြင်ဆ၊သားချစ်ဘကို၊ လောကသုံးပါး၊အထွတ်ထားသာ၍ဘုရားဖြစ်ပြီး၊ မြော်ချင်ဘိခဲ့၊အရှိမြင့်မိုရ်၊ ချမ်းရိပ်ခိုသား၊ *ခဲ့အိုယှဉ်ဘော်၊ သုဒ္ဓေါဒနမင်း၊ ဆွေသည်းရင်းနှင့်၊ ချက်ချင်းယခု၊ သဗ္ဗညုတွင်၊ တစုတူပင်၊ ကျွတ်ကြချင်ဟု၊ ရည်ထင်သံမြဲ၊မှာလိုက်လှ၏၊ ထိုမှတပါး၊ ဆွေတော်များလည်း၊ တရားမဂ်ဖိုလ်၊ရပါလို၍၊ ကုသိုလ်ဆယ်ပါး၊ ရည်၍ထားသည်။ ။**မင်းများကိုယ်စီ ကိုယ်ငှတည်း။**

၆၇။ အကြောင်းအကြောင်း၊ ပြန့်လိုက်ရှောင်းသည်၊ ချစ်ဟောင်းပွက်ရှိ၊ ဆိုသွေးသီသော်၊ ဒေဝီယသော်၊ မိသူတော်တို့၊ မပျော်နှလုံး၊ မိဋ္ဌာန်သုံးလျက်၊ ပုံထုံးနည်းဆောင်၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်မယား၊ သူတပါးကား၊ မြောက်သားမတော်၊ မျိုးဘော်

---

* ခဲ့အိုယှဉ်ဘော် ဟူသည်ကား- မဟာပဇာပတိဂေါတမီကိုဆိုသည်၊အကြောင်းကား-ဘုရားသျှင်မယ်တော် သီရိမဟာမာယာက အစ်မကြီးဖြစ်၍ သုဒ္ဓေါဒနမင်းကို ခဲ့အိုတော်၏၊ တဘန်ပဇာပတိဂေါတမီကို မိဘုရားမြှောက်ပြန်သောကြောင့် သုဒ္ဓေါဒနမင်းကြီး၊ (ယှဉ်ဘော်) လည်းဖြစ်ပြန်၏၊ ထို့ကြောင့် (ခဲ့အိုယှဉ်ဘော်)ဟု ရေးသည်၊

မထပ်၊ ကြမ္မာစပ်လည်း၊ ချစ်အပ်၍ သာ၊ မေတ္တာမတင့်၊ ကွာသည်မြင့်ဟု၊ လွမ်းခွင့်ဖြေတိမ်၊ ဆည်းတားငြိမ်၍၊ စိုးရိမ်ဗျာပါ၊ ဖြေတတ်ရာ၏၊ ဥက္ကာမုခ၊ မင်းလှဖြစ်ခြင်း၊ မခြားလျှင်းတိ၊ သနင်းကြင်ဖက်၊ ငါ့ထိပ်ထက်ဝယ်၊ ဘွားဘက်တရှိ၊ တဇာတိဖြင့်၊ သီရိမဟာ၊ မာယာသားချင်း၊ မွေးဘမင်းတူ၊ တအူတကြီး၊ နွယ်ရိုးမယွင်း၊ မယ်မင်းမောင်ကြီး၊ ဦးရီးမင်းကျော်၊ သုဒ္ဓေါဒါရင်နှစ်၊ ဓမ္မရာဇ်လျှင်၊ အဖြစ်ထူးဆန်း၊ ရွှေသက်နန်းနှင့်၊ ဦးခွန်းဖြတ်ဖြတ်၊ ဆွမ်းဝတ်ခံဓံ၊ သူ့နိုင်ငံတွင်၊ မကြာစတင့်၊ မကျင့်စတောင်း၊ ရွှေမင်းဟောင်းနှင့်၊ အကြောင်းမူယူ၊ မတူလေဘဲ၊ မှတ်တွေ့ကွဲး၍၊ ဆင်းရဲတရေးတို့ ဘိုး, ဘေးလည်း၊ ရပ်ဝေးတပါး၊ ခြေကျင်သွားဟု၊ မကြားစဖူး၊ အံ့ကာမူးခွဲ၊ ကျေးဇူးများရှင်၊ ငါ့သခင်ကို၊ မောင်ပင်သူမြတ်၊ ကာဋုမြတ်လျှင်၊ ညွတ်ပြတ်ရှိသော၊ မြန်ပါလေဟု၊ သံချေမှာသီး၊ ခြင်းရာမှီးသည်။ ။ပန်းကြီးဆို၍ ဆိုချတည်း။

၆၈။ **မပြောင်းမပြောင်း။** ရှေးဖြစ်ဟောင်းက၊ စုံပေါင်းမကွာ၊ ဆက်ရှည်စွာတို့၊ ယှဉ်းရာမဲ့ဘဲ၊ ဘဝလှဲးလည်း၊ မကွဲးတူနေ၊ ကြာနှင့်ရေသို့၊ သချေ်လေးဘန်၊ သောင်းဆယ်ပြန်တိ၊ အားသွန်လုံ့လ၊ ဂုဏ်ဉာဏ်ထောင်စစဉ်ဝေး၊ သံသာရေးနိုက်၊ ကံကျေးဒါန၊ ရင်းချာလှ၏၊ ထပ်ဆကာကာ၊ ဝါသနာကြောင့်၊ မဟာဒေဝီ၊ ကြိုလိုညီးငယ်၊ သနားဘွယ်တိ၊ နှိုင်းဆွယ်မခြော်၊ မြောက်သားတော်လျှင်၊ ရှင်ပျော်ခိုင်ဆုန်း၊ ရွယ်စုံတုန်းက၊ ရှေးဘုန်းပညာ၊ သဗ္ဗဒါဖြင့်၊ သစ္စာမုံကြီး၊ ရင့်လှ

ပြီးသော်၊ မြင်းထီးဖြူကာ၊ နောင်ဆန်နှင့်သာ၊ ညွှန်ခြင်းခွါ၍၊ ကောသာဆံရှင်၊ကောင်းကင်လွှတ်လွှတ်၊ ပစ္စုပ္ပတ်လျက်၊ မိုးလွှတ်ပြဲဟွာ၊ မြစ်နော်မာတွင်၊ ကပ်လှာသက်နှုန်းရဟန်းဖြစ်ပြီး၊ ကျင့်ကြီးဒုက္ကရစရိယာ၊ အစာဆင်ခြင်၊ ခြောက်နှစ်စင်ဟု၊ သို့ပင်ခေါင်းပါး၊ မေးတင်းကြားမူ၊ ဆီးတားမတုံ၊ စိုးလွှင့်ပျံ့လျက်၊ ဆယ်ရံ့ရံခါ၊ရှာဟုလာကို၊ ဖျော်ရာမျက်ရှု၊ ကြေးမုံပြလည်း၊အတုန္နိင်းလွှတ်၊ဦးထိပ်မှတ်သား၊ သိဒ္ဓတ်ကုမာ၊ ရက်လှစွာ၍၊ချစ်ပါမင့်၊တောထွက်ခဲ့ကာ၊ချွဲနွဲ့ဆွတ်ဆွတ်၊ သည်းအုပြတ်မျှ၊ ကိန်းညွှတ်ကြွင်သက်၊မျှော်လှည့်လျက်လျှင်၊ ဘွားဘက်တော်သည်၊ ကွာမြင့်ရှည်သော်၊ ရွှေပြည်ဇွန်ဇွမ်း၊ တ,မျှားလွှမ်းသည်။ ။ပြိုက်ရွှမ်းယို့ပြိ ယိုကျတည်း။

၆၉။ တချောင်းတချောင်း၊ သက်ထက်ပေါင်း၍၊ ပွင့်ညောင်းသစ္စာ၊ ရှေးသံသာက၊ မေတ္တာမြဲကိတ်၊ ချစ်သည်စိတ်ကြောင့်၊ ဆွေမိတ်ချစ်ခြင်း၊ မိစိုးမင်းလျှင်၊ သီတင်းရှစ်မည်၊ တရားတည်လျက်၊ ဆံချည်ဆယ်ခြမ်း၊ ရှင်သည့်ဝမ်းဖြင့်၊ ပြောက်သမ်းမထင်၊ သို့စင်တောင်တာ၊ ရှည်မြင့်ကြာလည်း၊ ကြင်နာကဲ့ဆ၊ ကျွတ်ထိုက်လှ၏၊ ဒီပင်္ကျန်းတွင်း၊ ပြည့်တောင်ချင်းကို၊ သံညှင်းမိန့်ချေ၊ သုဝဏ်ပေနှင့်၊ ရွှေ့,ငွေလက်ဆောင်၊ သိန်း,သန်းမအောင်တီ၊ ခြားခြောင်စုကျင်း၊ ကိုယ်လုံးနှင့်၍၊ ထံရင်းလူ ထိပ်၊ ပွက်လှာရိပ်က၊ တံဆိပ်ပုံတူ၊ ထိုမျှလူအား၊ စိတ်ဖြူမတန်း၊ မတပ်စွန်းတည့်၊ ထူးဆန်းကျင့်နေ၊ မြတ်လွှတ်ပေ၍၊ခြုံတော်ကုဏ၊ ကျွတ်

ထိုက်လှ၏၊ သီလမယွင်း၊စောင့်စည်းပြင်းလျက်၊ ပြိန်းဖျင်းမြိန်လှ၊ မျိုးခြားသူနှယ်၊ မယှမစပ်၊နှိုင်းရာလပ်၍၊ လှူ့ရပ်ဝယ်ထား၊ ခြောက်ပါးနတ်ပြည်၊ ရှာဖွေနှည်လည်း၊ တူသည်မယှိ၊ရာဟုမိကား၊ တရှိဘွားဘက်၊ ဖြစ်ခေါက် ရက်လျှင်၊ ရွှေစက်အထံ၊ အသက်နှံ၍၊ ကောင်းကြီးရည်မျှော်၊ နိုးမွမ်းတော်ကို၊ သုံးဘော်ပွဲတွင်၊ဦးထိပ်ပြင်ထက်၊ ကြည်လင်ရှိသေ၊ ရွက်ရစေဟု၊ ညီပေပဲးပ၊မှတ်ထိုက်လှ၏၊ ဤမျှပျော်ခင်း၊သခင်မင်းနှင့်၊ဝင်းဝင်းရိပ်ငြိမ်၊နန်းရွှေအိမ်ထက်၊ စည်းစိမ်တူကွ၊ မစံရလည်း၊ သုခသမ္မော်၊ ပြည်မြတ်ကျော်မှ၊ နောက်တော်မကွာ၊လိုက်ချင်စွာဟု၊ ဗြဟ္မာစိုရ၊ဖြူဆွစိတ်ကြည်၊ ဖြောင့်ကြီးစည်လျက်၊ ဖန်ရည်ဝတ်မှန်း၊ ထုံးကျစ်စွန်းတိ၊ ပြည့်ဝန်းသော်တာ၊ စန္ဒရာသို့၊ ကလျာငါးထွေ၊ ထွားညက်ချေလျှင်၊ မပြေထုံးပိုင်း၊ ချုပ်ရိမှိုင်းတ၊ နေ့တိုင်းပူဇော်၊ လွှမ်းစိုက်ခေါ်သည်၊ ၊**ရိပ်တော် ခိုမှီ ခိုကြတည်း။**

၇၀။ **တခေါင်းတခေါင်း**၊ညှိစည်းပေါင်း၍၊ကျင့်ကောင်းသမာ၊လှူတကာတို့၊လှုပ်ခါပွဲးပြီး၊ မှည့်ရွှမ်းသီးသား၊ ကောက်ကြီး ကောက်လျှင်၊ ကျီ, ကြဲဝင်လျက်၊ အကြင်အကြင်၊ ထက်ဝန်းကျင်မှ၊ ဖူးချင်သည်ချည်း၊ တောတောင်ကြည်းမျှ၊ နရည်းခရာ၊ သံသာခွက်ခွင်း၊ ခရုသင်းတိ၊ ဗုံမင်းသံလေး၊ မြူပေးကုန်းရ၊ သိ, က, မှုတ်,တီး၊စည်ကြီးသံထင်၊ ပဉ္စင်တူရိယာ၊ မဟာဒါန၊ ဝေငှအလှူ၊ပစ္စုရုလျှား၊ပိတ်ပါးကျည်းဖြစ်၊ဦးရစ်ပေါင်းဖျင်၊ ဒုယင်ဆေးစွန်း၊ သင်္ကန်းသပိတ်၊ ပရိက္ခရာ၊

စုံစွာရှစ်ပါး၊ကရေား,ပွဲခွပ်၊ ဘိနပ်,တောင်ဝေး၊ ကံကျေး အသစ်၊ရေစစ်ကရိုဏ်၊ ဖိထိုင်သလွန်၊ ဗိတာန်ကောင်း ယဉ်၊ အင်းပျဉ်ညောင်စောင်း၊ ကိန်းအောင်းမွေ့ရာ၊ ကမ္ဗလာလည်း၊ သဒ္ဒါလျှုဘို့၊ ပါကုန်မြှို့လျက်၊ ထိုသို့ တပါး၊သူတို့အားကား၊ဆေးဝါးစုဖက်၊ အညက်ထော် လီ၊ နယ်ဆီစုရ၊ ဒေးမြို့ငြိမ်စွာ၊ ယမကာဖြင့်၊ မြိတာရေ ချမ်း၊ကျောင်းတော်လမ်းသို့၊ သယ်ကမ်းရှက်ပို၊ အချို့ သသျှ၊အကြွင်လျှမ့်၊ ထီးဖြူရွှေချက်၊ သျှောင်ရှက်ရွှေစင်၊ သံရှင်ရွှေချူ၊လှလှပန်းပွါး၊ ဖွဲ့လျှားတမ်းခွန်၊ ဗိတာန် ကာမိုး၊ ပုဆိုးငွေစောင်၊ သောင်းထောင် ရောင်ဝန်း၊ ကာဖြန့်သန်း၍၊ ဘွမ်းပန်းရသာ၊ သုဒ္ဓါဘုတ်ကောင်း၊ နှံ့ပေါင်းကျစ်ကြော်၊ ဆီပေါ်ကင်ဖုတ်၊ သားပြုတ်စမဲး၊ တင်လဲးသကာ၊ ဃနာပျားရည်၊ ပွက်ကျည်ထောပတ်၊ နှမ်းဆွတ်နို့ခမ်း၊စားဘွမ်းကြိုင်မွှေး၊ ဘုဉ်းပေးလောက် အောင်၊လှူ့တွတ်ခေါင်ကို၊ ရည်စောင်ဗိုလ်ပါ၊အုပ်အာ သီးသီး၊နိဗ္ဗာန်မှီးသည်။ ။ဆုကြီးလိုညီ လိုလှတည်း။

၇၁။ အသောင်း အသောင်း၊စည်ပင်ဟောင်းတိ၊ မပြောင်းအိမ်ခြေ၊ ရွာနေနဂိုရ်၊ထိုထိုနိုင်ငံ၊လုပ်ကြံဖွဲ့ငြီး၊ သူကြီးသူလတ်၊ မှူးမတ်,သေဌေး၊ ပုဏ္ဏား,ပုဏ္ဏား၊ လေးပါးမျိုးနွယ်၊ ကုန်သွယ်လယ်တွန်၊ ရောင်းဝယ် ဖေါက်စား၊ ရပ်တိုင်းကားလည်း၊ ခွန်အားကိစ္စ၊ လွှန် ကုံဝ၍၊ ဂေါစရဂံ၊ ဘွမ်းတော်ခံ၍၊ ကျိုးနွံရှောင်း ရှောင်း၊စလောင်းရောင်ထင်၊ ရွှေစင်ယောက်ခွက်၊ပွတ် ချောလျက်တည်၊ နှံ့သက်မွှေးမွှေး၊ သလေးသီတာ၊ သုဒ္ဓါလှိုင်ကြူ၊ လျှင်ဆောလှူလျက်၊ ဗိုလ်လှုထိတ်ထိတ်၊

ကြည်သည့်စိတ်တိ၊ သပိတ်လက်ဝယ်၊ အလှယ်လှယ်လျှင်၊ သပ္ပါယ်ဖြိုးဖြိုး၊အကျိုးငါးစု၊ အာယု,ဝဏ္ဏ၊သုခ,ဗလော်၊ ပညာကျော်သား၊ မျက်မြော်, သံသာ၊ ပွါးတတ်စွာဟု၊ မြေမှာဆိုက်ဆိုက်၊ နဖူးတိုက်၍၊ အမှိုက်ပုပ္ပေါင်း၊ဆူးယောင်းတံရှယ်၊ ပစ်ပယ်သစ်ငုတ်၊ခလုတ်ကန်သင်း၊ကုန်းကျင်းညီစိမ့်၊ အနိမ့်ဖို့ဆင့်၊အမြင့်ပေါက်နိမ့်၊ မွှေသိမ့်ထွားထွား၊ ရွှေဖဝါးဖြင့်၊ တရားရာဇာ၊ မဟာမုနိ၊ ကြွပါဘိလော၊ ပီတိပြောစွာ၊ လျှောက်ပန့်ထွာလျက်၊သဒ္ဒါနှလုံး၊ လူ့ခန္ဓကျုံးကို၊ပခုံးခေါင်းထက်၊ သွယ်ရွက်ခုတ်ထွင်၊ သုမ်သင်ရှင်းရှင်း၊ ခရီးခင်းကို၊ တူးရှင်း,အိမ်ထား၊ သံပြားစိတ်ဖြာ၊ တူးငှါထမ်းဆောင်၊ သွားသာအောင်လျှင်၊ ဖေါင်ဖေါင်ထွင်လျှ၊ နတ်လမ်းမဒ္ဓိ၊ ပုညခေတ္တံ၊ ထေရ်ပုံနှစ်သောင်း၊ သျှင်အပေါင်းနှင့်၊ လူကောင်းသမ္ဘာ၊ နောက်တော်ပါသား၊ မြတ်စွာအတွတ်၊ နတ်ထက်နတ်၏၊ စက်မြတ်မြုတော၊နင်းထိုက်စေဟု၊ ဖုတ်ငွေချောမျှ၊ ညီညွတ်ကြသည်။ ။**တူးဆွဖြိုညီ ဖြိုစွတည်း။**

၇၂။ **မနှောင်းမနှောင်း**၊ သူတော်ကောင်းကား၊ လျှင်ကြောင်းလားနှင့်၊ ဖူးရှိန်သင့်၍၊ ရွှေဖြင့်တန်ဆောင်၊ ပြောင်ပြောင်ရှန်းရှန်း၊ ညီးလင်းထွန်းလျက်၊ မီးပန်းချယား၊စကားငုံဖူး၊ ဆိတ်ဖလူးနှင့်၊မီးရှူးရဟတ်၊ သရက်ပြွတ်၏၊ ရုပ်ဓာတ်အလျှံ၊ မီးပုံစိန်ပွင့်၊ ငြမ်းဆင့်မြင့်မိုရ်၊ မီးညို,မီးဖြူ၊ ကြည့်သူမငြီး၊ မီးသင်ကျီးနှင့်၊ တသီးဆန်းလျက်၊ မီးကြွက်ကျည်းပါ၊ ထွေလာမီးဖါး၊ အပြားပြားတိ၊ထွန်းငြားဝါခြင်း၊ ဝိုးဝိုးဝင်းမျှ၊လင်းလင်း

ရှိန်မပြေး၊မှောင်ရိပ်ဝေး၏၊တင်မေးတင်နှာ၊ ရောက်ကုန်လှာသား၊ပျူငှါပြေပြစ်၊လူကျစ်လျစ်မှု၊ပန်းစစ်အကျော်၊ ရွှေလျှော်လေးချိန်၊ ဖုံးမသိန့်,ကတိုး၊ တုံရှုံးစုံစွာ၊ စမ္ပါ, ကရမက်၊ ပန်းလျှက်,အန်ဖတ်၊ မျော်နှင့်ခတ်၍၊လွှံပတ်အနံ့၊ ပျံ့ပျံ့ဒါရု၊ မွှေးကြူရည်ပျောင်း၊ ကြိုင်နံ့ကောင်းသား၊ ဖေါ်ပေါင်းသင်ပုတ်၊ နံ့ပရုတ်လည်း၊ ရွှေကြုတ်ရွှေအိုးနံ့သာမျိုးတိ၊ ဖြိုးဖြိုးကြွေးဖျန်း၊ လမ်းတိုင်းသွန်း၍၊မတန်းပြုမြှေး၊ ကြိုင်နံ့ဧ၏၊ မွှေးခမွှးကြူကြူ၊တချို့သူကား၊ ပန်းဖြူ,ပန်းနီ၊ ချယ်စီပန်းထိုး၊ ပန်းကြိုးအခြောင်း၊ပန်းထောင်လှဆုံး၊ပန်းကုံးဗိတာန်၊တမ်းခွန်ပြောက်ကျား၊ မုခလေးပွါးနှင့်၊ ယမားနေကာ၊ လှုအိုပါလျက်၊သဒ္ဓါစိတ်ဖေး၊ကြည်စိတ်ပြေး၏၊စဉ်ရှေးသံသာ၊ ယာဉ်စကြာဝယ်၊ ခန္ဓာငါးပါး၊ လွှဲးဖေါက်များ၏၊ တရားနမ်ရှုပ်၊ တလုပ်လုပ်လျှင်၊ မချုပ်လေတတ်၊ ဒုက္ခဝဋ်မှ၊ အထွတ်ချမ်းသာ၊ အရိယာတို့၊ ငြိမ်းရာစတော၊ နိဗ္ဗာန်မြေသို့၊မသေမအို၊ဖြစ်တုံလိုဟု၊ကုသိုလ်များမြွတ်၊ ဖြင့်ညီးခတ်မျှ၊ လူ့,နတ်ခန့်ချူး၊ ဖူးလှာရှုံးသည်။ ။ **အားလုံးဟိုညီ ဟိုကြတည်း။**

၇၃။ **အကောင်း အကောင်း၊** ညှိကြ ပေါင်း၍၊ ဆယ်ချောင်းစုံလျက်၊ ဦးထိပ်ထက်လျှင်၊ တုဘက်လွှတ်ကင်း၊တရားမင်းဝယ်၊ဟောခြင်းမဂ်ဖိုလ်၊ကျွတ်ပါလို၏၊ ကုသိုလ်အရာ၊ ရတနာတိ၊ ပါဘီအများ၊ပတ္တမြားနှင့်၊ ဥဿဘယား၊ပြယားနီလာ၊ သန္တာစိန်ကြောင်၊ ဖြူရောင်ပုလဲး၊ မြခဲးဂေါမိတ်၊လျှံဖိတ်ရည်ရှင်၊ ပုဇော်ရင်လျက်၊ သဘင်ကျူင်းကျင်း၊ ပွဲးကြီးခင်း၍၊ မင်းလည်းခန့်ချူး၊

အားလုံးမကျန်၊ဖူးလှာပန်ရှင့်၊နက်ဖြန်ညဥ့်က၊ရွှေစက်ကြွလော့၊ လောကဗန္ဓု၊ သဗ္ဗညုလျှင်၊ ဥဇုမဂ္ဂ၊သျှင်များရံလျက်၊ထွန်းလျှံညီးညီး၊ရွှေရည်စီးသို့၊မင်းကြီးသုဒ္ဓေါ၊နေတော်ဌာန၊ကပိလနှင့်၊ရာဇဂြိုဟ်မည်၊ဤပြည်အခြား၊ခရီးကြားဝယ်၊ အများပရိသတ်၊ ရှိဿတ်စည်းပေါင်း၊ကြိုကုန်ရှောင်း၍၊ တဲကျောင်းသာစွာ၊ပြုနှင့်လာသည်၊သချာချင့်တွက်၊ ခြောက်ဆယ်ရက်ကို၊ ပန်းသက်မယှ၊မည်သူမကျန်၊ အချိန်တန်ဖြင့်၊ မလွန်မစောင်း၊ ထေရ်နှစ်သောင်းတိ၊ လူကောင်းသမာ၊ နောက်တော်ပါသား၊အခါခပ်သိမ်း၊ သာချမ်းငြိမ်းလျက်၊ ပန်းစိမ်းမိုးကာ၊ရိပ်သာဆိုင်းဆိုင်း၊ပြိုင်းရရှိုင်းလျှင်၊ကွန့်တိုင်းစက်တော်၊ချထောက်ရော်၍၊ သွားပျော်မငြီး၊စီရင်ပြီးသည်။ ။

ဝေးနီးပိုလ်မှီ ပိုလ်မျှတည်း။

၇၄။ တခြားတခြား၊ ရပ်ရှစ်ပါးမှ၊ တိုင်းကားနိုင်ငံ၊ဂရုခံဖြင့်၊ ကောင်းကြိုဖြောင့်ဖြောင့်၊ တရားစောင့်သား၊ ရှစ်သောင့်းလေးထောင်၊မင်းကုန်အောင်လည်း၊လက်ဆောင်များစွာ၊ ပဏ္ဏာကာရ၊ ရှုဘွယ်စသား၊ဒါနဝတ္ထု၊ ပြုအံ့ပန်းကြီး၊ အဖြိုးဖြိုးလျှင်၊ ခရီးကြိုလင့်၊ရေကြောင်းသင့်မူ၊ ရေဖြင့်စုံသွား၊ မင်းတို့အားကား၊လှော်ကားအိမ်ဆောင်၊ရွှေဘောင်ရွှေလောင်း၊ပဲ့ပေါင်းပြောက်မွှမ်း၊ တမ်းခွန်ရောင်ထင်၊ သံရှင်ခတ်တီး၊ ညီးရရှီးတိ၊ လှေကြီးလှေလျှင်၊ မြစ်ခွင်စုန်ဆန်၊ သံဂှန်ကျိုက်ကျိုက်၊ ဦးစီဆိုက်၍၊ကြည်းနှိုက်အုပ်ဖွေ၊တောင်ခြေအခင်း၊ အကြင်မင်းတို့၊ဆင်,မြင်းရထား၊ လေးပါးစစ်အင်၊ကျင်းလျက်ပင်တည်၊မွှမ်းဖြင်ပရိသတ်၊ရုံမှူးမတ်

နှင့်၊ ဆွတ်ဆွတ်သဒ္ဒါ၊ စေတနာကြောင့်၊ လျင်စွာစိုက်စိုက်၊ ဖူးနှင့်လိုက်၍၊ အမြိုက်ဝေဠ၊ မုန်နှလျှင်၊ ပွင့်စဆဲဆဲ၊ ကျော်ဆင့်ကဲလျက်၊ ရဲရဲသစ္စာ၊ ဗြဟ္မာသန္တာန်၊ မုဋ္ဌာန်ရှုရှု၊ မာဂဓဖြင့်၊ လျင်လျှပြွတ်ပြွတ်၊ မုက္ခပါဠိတိ၊ တွတ်တွတ်ညှင်းညှင်း၊ သာခြင်းချေးချေး၊ ပျံ့မွှေးအကျော်၊ တရားတော်ကို၊ ကြားသော်သဒ္ဒါ၊ ဘာသာစရိုက်၊ လှုဗိုလ်လိုက်ဖြင့်၊ နားနှိက်ဝင်နေ၊ သိကုန်လေသော်၊ စိတ်စေတနာ၊ ကုမုဒါဟု၊ တရာအထပ်၊ ကြိုင်နံ့စပ်မျှ၊ သုံးရပ်နတ်လူ၊ ပိတုန်းဟူသား၊ အုအုသောင်းသောင်း၊ များအပေါင်းတို့၊ ပျံ့လှောင်းမူးမြွက်၊ ရွှေကြာရက်ကို၊ စုံမက်ဝမ်းတွင်၊ သောက်ကြချင်သော်၊ အရှင်သူကြီး၊ ယိုရာဗိုး၍၊ ခရီးသွားဆက်၊ မျှော်လင့်လျက်သည်။ ။ဦးထက်ကြာခံ့ကြာခံ့တည်း။

၉၅။ (*တရားတပါး၊ အမျိုးပြားသား၊ ပုဏ္ဏားမြန်မာ၊ ဗျာပါစင်းကြန်၊ ကြန်တန်ပျော့ကျွမ်း၊ ကမ်းယံကြိုမြို့၊ သထုံတလိုင်း၊ စဉ့်တိုင်းသက်သား၊ ကုလားပန်းသေး၊ ရပ်ဝေးကျည်းလို၊ သိန်းယိုဋ္ဌဗာလိ၊ ဗေဒပင်ကာ၊ ဘာသာသင်းတွဲ၊ ရပ်လှဲတထူး၊ ကန်တူးနားဘက်၊ တရက်သူလို၊ ဓာလီအဘက်၊ အိပ်ပက်စဏ္ဍား၊

---

* ဗွယ်စုံကျော်ထင် အဖြေကျမ်း ဒုတိယအုပ် ပုဏ္ဏာနံ့ပါတ် ၁၁၁၄-ဗိသဋ္ဌနာနှင့် (ဤပျို့)သုမျိုး အရေးအတွက်မတူ။ ။ပိုဒ်ရေ ၇၄-တွင် တခြားတခြားဟူ၍ငင်း, ပိုဒ် ၇၆-တွင် အများအများဟူ၍ငင်း-စပ်သည့်အတိုင်း ဤပိုဒ်၌လည်း တရာ့တပါးဟု ယိုသင့်လျက် တရားတပါးဟု ကာရန်ကိုင်၍စပ်ဆိုသည်။

ယိုးဒယားနှင့်၊ တခြားသင့်ထောင်၊ ပလောင်လဝ၊သုဏ္ဍာ ထူးဆန်း၊ရှမ်းယွန်းဦးပြည်း၊မျက်နှာမည်းနှင့်၊ကသည်း ကရင်၊ စုံအင်ချင်း,လင်း၊ တနင်္သာရီ၊ ဇော်ဂီသိပ္ပ၊ ကုလားနှဟု၊ တရုတ်တပါး၊ ပြားသားအထွေ၊ ဇမ္ဗူမြေ တွင်၊ နေသားခန့်ချုံး၊ လူ့အလုံးလည်း၊ ရှေကိုးရတနာ၊ ကြည်စွာပြတ်ပြတ်၊ ပီတိညွှတ်လျက်၊ မျက်မှတ် ကြေးမုံ၊ ရှုတုံတုံလျှင်၊ စုံစုံမက်မက်၊ ကြားခက်လျက် သည်။ ။ကျူးရက်ချာရ့် ချာရ့်တည်း။

၇၆။ အများအများ၊ ထပ်လတ်ပွားရှု့၊ မအား ခြွေချ၊ တိုးကြဦးစီ၊ ကိုယ်ချင်းမှီလျက်၊ ပည်းသိ ထက် ဝန်း၊ သိန်း,သန်းသချ်ာ၊ ရောက်လှာပြောထူ၊ အကြင် လူတို့၊ အယူဝမ်းတွင်၊ ကိုယ်စီပင်လျှင်၊ ဖူးချင်ထပ်ယှိ၊ ကြည့်ဘိစတုံ၊ ဖြစ်ပုံပရိသတ်၊ရှိညွှတ်ဝမ်းမြောက်၊မျှစင် လောက်ဝယ်၊ တယောက် ငါမှ၊ ငါ့ဘို့သာတည့်၊ မဟာဗိနော်၊ သုံးလူ့ဘော်ကား၊ သံတော်မြွရည်၊ဟော ပေသည်ဟု၊ ဆောက်တည်ကြကုန်၊ ပြင်းဟုန်သဒ္ဓါ၊ ဥပမာမူ၊ သော်တာစန္ဒ၊ ကောင်းကင်ဝဝယ်၊ ဆွဆွ ငြိမ်ဝါ၊လူတကာတို့၊မျက်နှာအဆီ၊ထွန်းပြီတည့်တည့်၊ ပဘာလှည့်သို့၊ လပြည့်သဖွယ်၊ ဆန်းတကြယ်လျှင်၊

---

* စွယ်စုံကျော်ထင် အဖြေကျမ်းဒုတိယအုပ်၊ ပုစ္ဆာ နံပါတ် ၁၁၁၄-ဝိသဇ္ဇနာနှင့်(ဤပိုဒ်)လူမျိုးအရေအတွက် မတူ။ ။ပိုဒ်ရေ ၇၄-တွင်တခြားတခြား-ဟူ၍ဖွင်း,ပိုဒ်၇၆- တွင် အများအများ-ဟူ၍ဖွင်းစပ်သည့်အတိုင်းဤပိုဒ်၌လည်း တရုတ်တပါးဟုယှိသင့်လျက် တရားတပါးဟု ကာရန်ကို ငဲ့၍ စပ်ဆိုသည်။

ခြောက်သွယ်ရောင်ထု၊ သဗ္ဗညုတ်၊ အတုမယှိ၊ ပြောင်ပြောင်ညီမျှ၊ သတ္တိပဋ္ဌာန်၊ ကျေးဇူးမွန်တိ၊ ကျွတ်တန်သသူ၊ ကျွတ်စိမ့်ဟူ၍၊ ဇမ္ဗူဒီပါ၊ ကျွန်းမျက်နှာထက်၊ သစ္စာလေးပါး၊ ပွင့်လတ်ဖြိုးကာ၊ တရားဓမ္မ၊ ဘဝဂ်လုံမျှ၊ ကျော်သံမဆုံး၊ ပန်းနှယ်ကုံး၍၊ အားလုံးအားထား၊ တွေ့ကြွေးပြီးမြောက်၊ ပြည်ရွာရောက်လည်း၊ တခေါက်ထင်ထင်၊ မြင်ချင်ရှုပြန်၊ အဘန်ဘန်လျှင်၊ မလွန့်ခဲ့ရက်၊ မြတ်စုံမက်သည်။ ။ဖူးလျက် လာတဲ့ထာတုံ့တည်း။

[သဗ္ဗညုမြတ်စွာဘုရားကို ခမည်းတော်သုဒ္ဓေါဒနမင်း,မိထွေးတော်ဂေါတမီ, မြောက်သားတော်ယသော်ဓရာ မှာလိုက်သော အခြင်းအရာနှင့် ဇမ္ဗူဒိပ်ကျွန်းသူအားလုံးတို့သည် ဖူးမြင်ကုန်သောအခန်းတည်း။]

အများလူခိုလ် ကြည်ညိုကြမို့
လျှောက်တင်ခန်းပြီး၏။

၁၁-မျှားစွာနတ်လူ ပူဇော်ကြပုံ

လျှောက်တင်ခန်း

(၄၇) တေသု တေသု ပဒေသေသု၊
ဒေဝါမာနုသကာ ဥဘော။
ဂန္ဓမာလာဒီ ပူဇေန္တိ၊
သမယော တေ ဉာတိဒဿနေ။

၄၄။ ဗုဒ္ဓသေဋ္ဌော်၊ ကြီးနှုတော်ဖြင့်၊ မမြော်စဘူး၊ ကျေးငှူးဆန်းကြယ်၊ ပျိုနုရွယ်ကား၊အံ့ဘွယ်များလှ၊ဒေဝီလလျှင်၊ ဘွားစဖူးလှာ၊ လက်ျာတောကို၊ ရှုပါလှည့်ချေ၊ ညွှတ်ရှိသေဟု၊ ကပ်ခြေလှည့်မှား၊ ဦးစွန်းဖျားထက်၊ ဖဝါးရွှေစက်၊ နင်းလျှက်အရောင်၊ ပြောင်ပြောင်ဝင်းဝါ၊ မြင်သောခါလျှင်၊ သစ္စာလေးမည်၊ ပွင့်အံ့သည်ဟု၊ ရွှေပြည်အုပ်စိုး၊ ဘ ရှိခိုး၏၊ ကျော်ဟိုးပြင်းထန်၊ ထိုပြီးလွန်တုံ၊ လယ်ထွန်မင်္ဂလာ၊ ပြုသောခါနှိုက်၊ နေဝါကွယ်စိပ်၊ သပြေရိပ်တွင်၊ စက်အိပ်ပျော်ကြောင်း၊ ထိန်းယကောင်းနှင့်၊ မတ်ပေါင်းရုံခြံ၊ ရံစေတုံရှင့်၊ ပူရှိုညံ့စဲ၊ မွန်းတည့်လဲလျက်၊ ငြိမ်းမြိုးကာဆီး၊ အုပ်သည့်ထီးသို့၊ ပင်ကြီးဇမ္ဗူ၊ ချစ်သူဆွပ္ပါး၊ ခြည်ရှိန်တားတာ၊ ထိပ်ဖျားဆယ်စုံ၊ ရှက်မြှန်တုံ၍၊ ကြေးမုံအတု၊ သက်မှတ်ရှုလျက်၊ ကျွတ်ဆုထင်ရည်း၊ အငယ်တည်းကာ၊ ခမည်းမင်းကျော်၊ သုဒ္ဓေါဒန၊ ကဲးဆမြွတ်ကြွင်၊ နှစ်ကြိမ်စင်တည့်၊ဦးတင်ကော်ရော်၊ ရှိပူဇော်သည်၊ လှူးဘော်တမှတ်၊ ဘုရားမြတ်····းဘုံထွတ်မြတ်စွာ၊ ဆကာမာန္တိက်၊ သဒ္ဓါကြည်ယုံ၊ နတ်တို့ဘုံလည်း၊အဟုံ့ဖြင့်ညီး၊

လမ်းစဉ်မှီး၍၊ ခရီးထက်ခွင်၊ ပွဲသဘင်ဖြင့်၊ မိုးပြင်ပိတ်မျှ၊ လာကုန်ကြသား၊ ဘုမ္မစြိုး၊ ရုက္ခမျိုးတိ၊ တန်းခိုးကြီးစွာ၊ ဂန္ဓဗ္ဗာတို့၊ ညီညာပေါင်းညှိ၊ သန္တုသိတာ၊ သုယာမစသား၊ ပဥ္စမာလီ၊ အညီဇုန္ဒ၊ အက်ုံရန္ဒ၊ ဟေမဝတာ၊ သာတာဂိရိ၊ မာတလိဟု၊ မည်ယှိထင်ရှား၊နတ်မင်းများလည်း၊ ဘုရားမြတ်ကို၊ ဖူးလင့်ဆိုလျက်၊ မဂ်ဖိုလ်ကုန်စယ်၊ရကောင်းဘွယ်လျှင်၊လှယ်ပယ်ရင်းထုတ်၊ ကြီးကုတ်လုံ့လ၊ ဇွဲပျိုးမှတည်၊လောဘမြွေးရိ၊ ဝိဇ္ဇာပြီသား၊ဒိဋ္ဌိဝါဒ၊မိုက်မောဟကြောင့်၊ ဩဃမြစ်ယဉ်၊ သံယောဇဉ်ကို၊ဖဲကြဉ်လွတ်နိုင်၊ကူးခတ်ပိုင်၍၊ မငြိုင်ရန်သူ၊ သေမင်းဟူလည်း၊ မပြုလှာလျှင်း၊ ဘေးမှကင်းသား၊ သာချင်းပြည်မွန်၊ မြိုက်နိဗ္ဗာန်သို့၊ မကျန်သွေးသောင်၊ ရောက်လျှင်းအောင်ဟု၊ တိမ်တောင်မြင့်ဖျား၊ တိမ်ကြားရပ်မှ၊ကိုယ်ထင်ပြ၍၊ နေ့လနတ်သား၊ နတ်အများနှင့်၊ သိကြားရှေ့တည်၊ ရှိဦးရည်လျက်၊ ခြောက်ပြည်ရပ်ထင်၊ ဖူးလှာကျင်သည်။ ။ကောင်းကင်အနှံ့ အစပ်တည်း။

၇၈။ အသီးအသီး၊ကုသိုလ်ကြီး၍၊ ထိုပြီးတရပ်၊ နေမှတ်အပ်သား၊အကွပ်စိုးမှူး၊ ဘီလူးကုမ္ဘဏ်၊ ယုဂန်ထိပ်ဖျား၊ နတ်လေးပါးနှင့်၊ သိကြားယုံကျူ၊ ဝိသကြိုလည်း၊ ပဇ္ဇုန်ဖျန်းဆွတ်၊ သူရသတော၊ မဟောသရ၊ ဇဝနှဟု၊ သောမယာမာ၊ မဟာဂိရိ၊ မဏိမေခလာ၊ ဂင်္ဂါရေစိုး၊ နတ်မျိုးဖုတ်ပြိတ်၊ ပရမိတ်ဘုဘ၊ ကာဝါလမိုင်း၊နေ့တိုင်းမချာ၊ ရောက်နှင့်လှာလျက်၊ သဒ္ဒါရွှင်းရွှင်း၊တရားမင်းဝယ်၊သီတင်းအားထုတ်၊ဥပုသ်ရှစ်မည်၊ ဆောက်တည်ချင်လွန်း၊ ပီတိမွန်းလျက်၊ နတ်ပန်းဖျော်

ဖျော်၊ ပူဇော်အားရမ်း၊မလွှာပန်းဖြင့်၊ ရှင်ဝမ်းမြောက်မြောက်၊ ကျူးသံထောက်လျက်၊ တခေါက်မလွှတ်၊ရှိညွတ်ကိုယ်စီ၊လက်အုပ်ချီ၍၊ပန်းသီပန်းကုံး၊လှဆုံးပန်းခိုင်၊စွဲလျက်ကိုင်၍၊ ပည်းလိုင်ဂုဏာ၊သုံးလူ့ဘကို၊မျှော်ကြည်မြောမြော၊ ရှုမိန်းမောလျက်၊ စိတ်ဇောကြည်လင်၊ဦးထိပ်တင်သည်။ ။သောင်းခွင်အလှံ့ အထပ်တည်း။

၇၉။ အဖြိုးအဖြိုး၊ရှုမငြီးသား၊ ခရီးဦးကြို၊ ဖူးလင့်ဆိုလျက်၊ မြင့်မိုရ်အလိပ်၊ သာချင်းရိပ်ဖြင့်၊ သုံးကျိပ်သုံးပါး၊ကစားပျော်ရွှာန်၊ နန္ဒဝန်သို့၊ တသွန်စပ်ကြ၊မွေ့လျော်လှသား၊ စိတ္တလတာ၊ဥယျာဉ်သာဝယ်(ကလျာမဉ္ဇူ၊ ဇမ္ဗူနဒီ၊ဆွတ်ခဲ့သီ၍၊ တူညီလေးမည်၊ မျိုးဆွေသည်နှင့်၊ချစ်ကြည်စံပ၊ မေတ္တာဌ၍၊မာဃလုလင်၊စီရင်တတ်ပွန်၊ ဧရာဝဏ်ထက်၊ ဝေဘာန်မျှော်ရှု၊အမှူးပြု၍၊ကောင်းမှုဆောက်တည်၊ရှေ့ပြည်သိကြား၊ရှေးဦးသွားမူ၊အများခြေရွေ၊ သုံးကုဋေနှင့်၊ မြတ်ထွေခြောက်သန်း၊ရံပတ်ဝန်းလျက်၊ ပျံ့မွှန်းကြိုင်စွာ၊ မြိန်သုဓါတိ၊ နန္ဒာကန်ရေ၊ ယှဉ်ပေလေ၍၊ မြူတေဖဝါး၊ ခြေတော်ဖျားကို၊ညွတ်တွားသပ်ဖျန်း၊ ချမ်းရေသွန်းလျက်၊ နတ်ပန်းပွင့်ထီး၊သီကုံးကြီးဖြင့်၊ခရီးလမ်းခွင်၊ပူဇော်ကျင်သည်။ ။ကြောင်းလျှင်မဆုံ့ မလပ်တည်း။)

၈၀။ အဆီးအဆီး၊ လမ်းခရီးနိုက်၊ ဖြင်ကြီးခပ်မျှ၊စိုးကုန်ကြသား၊ ရုက္ခသစ်ပင်၊ မြေပြင်ကုန်းကျင်း၊အိုင်,အင်းချောက်မြောင်၊ တောတောင်လယ်ယာ၊ အိမ်မှာမှောင့်ရောင့်၊ စောင့်သည့်ရွာပြည်၊ နေသည်မကျန်၊

ထိုမှလွန်သား၊ ယုဂန္ဓရ၊ဣသိန္ဓဟု၊ ကရဝိက၊ နေမိန္ဓနှင့်၊ သုဒဿန၊ ဝိနတက၊ အဿကဏ္ဏ၊ ဂင်္ဂါပေါ်ရန်း၊ ခြားဆီးမှန်းလျက်၊ နေဝန်းစက်ရောင်၊ သုံးကျွန်းဆောင်၍၊ညဥ့်မှောင်ထက်ဝန်း၊ ပတ်လည်ထွန်းလျက်၊ ရံသန်းဌာန၊မြင့်ဖြူးလှသား၊စကြဝဠာ၊သင်္ချာကျယ်မြတ်၊ တံတိုင်းထွတ်ထက်၊ နေမှတ်တသွန်၊ ဘုံဗိမာန်တွင်နတ်မွန်အပေါင်း၊ နတ်သူကောင်းလည်း၊ လမ်းကြောင်းအဆီ၊ လက်အုပ်ချီ၍၊ အင်္ဂီရသ၊ဗုဒ္ဓဝီရော်၊ဘက်မဲ့ကျော်သား၊သုဒ္ဓေါဒန၊ မင်းလှချစ်သား၊မြတ်ဘုရား၏၊ တရားမြတ်လွန်း၊ နိဗ္ဗာန်ပန်းကို၊ ဝန်းဝန်းကုံးပြီး၊ ယဂင်ကြီးဖြင့်၊သီးသီးရောင်ထင်၊ ဦးနှိုက်ဆင်လျက်၊အကြင်နတ်လူ၊ အတူတူလျှင်၊ စင်ဖြူသစ်ကြေး၊ ဇာတိဝေးလျက်၊ သေဘေးမထိ၊ မယိုဇရာ၊ ရောဂါဘယ၊ သောကပယ်နိုင်၊ ထွတ်ဖျားတိုင်သား၊ ပြည်ခိုင်နဂိုရ်၊ ငြိမ်းမဂ်ဖိုလ်သို့၊ ရောက်လိုသောအား၊ လွန်ကြီးစားလျက်၊တရားနာချင်၊ လာကုန်ကျင်သည်။ ။ဆောလျှင်မင့်မရပ်တည်း။

၈၁။ အကြီးအကြီး၊ ခံမြောက်ပြီးမှ၊ အသီးစိုးပိုင်၊ ကျွပ်ညှပ်နိုင်သား၊ လက်ခိုင်ယက္ခ၊ ပုဏ္ဏကနှင့်၊ ဝဿဝဏ်ရော၊ တာနောယက္ခ၊ အဿမုခိ၊ ဒဿရိတို့၊စန္ဒီကျော်ရှိန်၊ သုရိန်တကွ၊ ဒေဝိန္ဒဟု၊ အာဠဝက၊ ကုသမင်းစိုး၊ ဓိဿနိုးနှင့်၊ တန်းခိုးပြင်းထန်၊ ဝေဿဝဏ်လည်း၊ စိတ်သန်ကြည်လင်၊ မြတ်ချစ်သျှင်ကို၊ ဦးတင်ညွတ်တိမ်း၊ သဒ္ဒါရှိမ်းလျက်၊ နတ်စိမ်းမိစ္ဆာ၊ ဖဲလေခွါဟု၊ သံဝါမွန်းမွန်း၊ နှင့်လိုက်တွန်း၍၊ ဆန်းသားကျေးငှား၊ ဘော်သုံးဦး၏၊ မီးရှူးတန်ဆောင်၊ စောဘုန်းခေါင်ကို၊ လွှဲး

ရွှောင်နှင့်တွေ့၊ ပုန်းကွယ်လေဟု၊ ဆိုပေဖြန်းဖြန်း၊ မြိမ်းလျက်မန်းက၊ ရှုံလွန်းခန့်ငြား၊ ကျွန်းတပါးသို့၊ပြေးသွားရှောင်ခွါ၊ နတ်မိတ္တာတို့၊ သံသာရှေးဖြစ်၊ ကျင့်ခြင်းညစ်၍၊ သျှင်ချစ်ဘုရား၊ သုံးလူ့ဖျား၏၊ တရားရသာ၊ မကြားပါသော်၊ မိတ္တာအလို၊ နောင်တဆိုလျက်၊ထိုထိုရပ်မှ၊ ဖဲလေရ၍၊ အားကျမာန်ခွံ၊ လွန်ကြောက်ရွံသည်။ **။စိမ်းဆွံမဝံ့မကပ်တည်း။**

၈၂။ အပြီအပြီ၊ ထုံးသွေးသီ၍၊ ညီညီညွတ်ညွတ်၊ သမာနတ်တို့၊သိတတ်ကိုယ်ရမ်း၊ ရှာဇူးစမ်းသော်၊ပေါ်လွှမ်းစကာ၊ နတ်တို့ရှာမူ၊ သာသာပျော်ပျော်၊မွှေလျော်စလို၊ ကုသိုလ်မပွါး၊ တရားမရ၊ အနိစ္စနှင့်၊ ဒုက္ခဘန်များ၊ အနတ္တာဟူ၊ စက်သွားအသွင်၊ စောင့်လျက်ပင်ကို၊ မထင်မြေကျွန်၊ ဘုံဗိမာန်နိုက်၊ လွန်သည်နေ့ရက်၊ နတ်တည်သက်ဖြင့်၊ ချင့်တွက်သွေးသုန်၊ ကြမ္မာကုန်က၊ မျှောစုန်သောယောင်၊ သင်းဘောဘောင်လျှင်၊ ခနောင်ဝဲးစပ်၊ တံပိုးကပ်၍၊ ကူးခပ်မသာ၊ ပါယ်လေးရွာနိုက်၊ တကျွာနှောင်ချည်၊ မြစ်ရင်းစည်ခဲ့၊ လူ့ပြည်တမူ၊ ဇမ္ဗူဒီပါ၊ ကျွန်းမြတ်စွာထက်၊ ဥက္ကာမုခ၊ မင်းလှမျိုးစစ်၊ ဘုရားဖြစ်၍၊ ကျော်လှစ်အဂ္ဂနို၊ ပွါးပြန့်ခြင်းရာ၊ ထိုနတ်မှာထက်၊ သစ်ထူးတက်အံ့၊ ရမ္မက်ဒေါသာ၊ထောင့်ငါးရာနှင့်၊ ဇရာ,သောက၊ ဖျာမိစသား၊ ချစ်ကြကွာခြင်း၊ ဘေးတိကင်းလျက်၊ သေမင်းယမက၊ လက်ခြေချသား၊ ပြည်မရွှေမြို့၊ ချမ်းရိပ်သို့လျှင်၊ လူတို့နိဗ္ဗာန်၊ ရကုန်မှန်လိမ့်၊ ဆော်ဖန်ညီညွတ်၊ ဖူးလှာလတ်ဟု၊ မည်မှတ်

စကား၊ ဆိုကြငြားသည်၊ **။နတ်များဦးတိုင် ပွဲလှည့်တည်း။**

၈၃။ တညီတညီ၊ ကုံး၍စီမှ၊ (သီသီကက၊ နတ်မိန်းမတို့၊ ရွှေကစံသွား၊ နတ်ယောကျ်ားမူ၊ ပန်းပွါးလှပ်လှပ်၊ ဖြည်းလေယပ်လျက်၊ ကျူးရင်တသီး၊ဗြဟ္မာကြီးလည်း ရွှေထီးနေတား၊ နတ်သိကြားကား၊ ငါးပါးဝန္ဒနာ၊ ကြည်စွာရွှင်းရွှင်း၊ ခရုသင်းကို၊ မှုတ်ခြင်းမြမြ၊ ဂန္ဓဗ္ဗကား၊ ဇော်တအအုံ၊ လွှမ်းခြုံပြယား၊ ထွတ်ဖျားသန္တာ၊ နီလာအငေါက်၊ လက်ထောက်ချစ်ဘွယ်၊ အနွယ်ပတ္တမြား၊ညို့များမြရည်၊ သာသည်ညင်းညင်း၊ မြည်ခြင်းလေးထွေ၊ လက်သံခြေဖြင့်၊ မြူတေဂုဏ်တော်၊ ပတ်လှုံ့ကျော်သည်၊ သုဒ္ဓေါ်စောလောင်း၊ မင်းကောင်းချစ်သား၊ ဘုရားငါ့သျှင်၊ နာစေချင်ဟု) ညို့ခွင်မလျှော့၊ မလျော့မတင်း၊ အခြင်းခြားနား၊ သုံးလူ့ဖျား၏၊ ထိပ်ပါးနှိုက်တွင်၊ စောင့်လှာကျင်လျက်၊ နတ်ရှင်သိကြား၊ ပျော်ပါးစိမ့်မည်၊ နာသည်မငြီး၊ သာစွာတီး၍၊ ခရီးစဉ်စိုက်၊ နောက်တော်လိုက်လျက်၊ ရထိုက်ရာရာ၊ သကဒါနှင့်၊ သောတာပန္နာ၊ နာဂါမိစသား၊ မဟာတ္တမဂ်ဖိုလ်၊ နဂိုရ်ရွှေအိမ်၊ မြိုက်စည်းစိမ်ကို၊ ပျော်ငြိမ်ရကြောင်း။ ဆုတောင်းနတ်များ၊ သဒ္ဒါပွားသည်။ **။တတ်အားမူးမှိုင် မဲ့၏တည်း။**

၈၄။ ဤသို့ဝန်းဝိုက်၊ ဂါထာပိုဒ်ဖြင့်၊ မကိုဋ်, သရဖူ၊ သုံးပါးလူ၏၊ မှန်ကူတန်ဆာ၊လောကနာကို၊ ဥဒါယိထေရ်၊ မှတ်ကြံစည်တိ၊ နှုတ်ရည်ကောင်းမွန်၊ အားလုံးသွန်လျက်၊ လျှောက်ပြန်အကြောင်း၊ ပန်ထွာ

တောင်းသွား၊ တပေါင်းပုသိတွက်၊ ခါသင့်ရက်နှိုက်၊ နံ့နက်သဉ်ကာ၊ ကပိလသို့၊ ပါဒနက်သန်၊ ဝေဠုဝန်မှ၊ နက်ဖြန်ကြွပြောင်း၊ ရံ့နှစ်သောင်းနှင့်၊ လမ်းကြောင်းရှေ့ရှု၊ ချီတော်မူကာ၊ ဟူသည်အတိုင်း၊ ထုံးပိုင်းမချန်၊ မြန်သန်မယွင်း၊ ပြည့်စုံလျှင်းသည်။ ။**မှန်ကင်းစိုက်သည့် သဘွယ်တည်း။**

များစွာနတ်လူ ပူဇော်ကြပုံ
လျှောက်တင်ခန်းပြီး၏။

နိဂုံးလင်္ကာ

(က) မှတ်လော့နေခင်လာ၊ သိစိမ့်ငှါဟု၊ ပညာပဋိဘာန်၊ ကျေးဇူးမွန်သား၊ နိဗ္ဗာန်ပစ္စယော၊ သမ္ဗောသုခမ်း၊ နိဗ္ဗိတမ်းဖြင့်၊ ချီးမွမ်းသာရ၊ ဗုဒ္ဓဂုဏော၊ ဘုရားဆွေကို၊ ရှာဖွေနည်းနာ၊ ကြိုးပမ်းစွာ၍၊ ဤစာမဋ္ဌူဖွင့်သည်မှုကား၊ ဇမ္ဗူလင်္ကာ၊ ကျွန်းမျက်နှာထက်၊ တရာထီးစင်း၊ ဤမြမင်းတွင်၊ နိုင်းကင်းသန့်လျက်၊ အောင်ချက်ကျွန်းစည်၊ ဝရှေမြည်ကို၊ အရှည်စံဦး၊ လူ့ ထိပ်မိုးသား၊ သတိုးထွတ်ဖျား၊ စောတရား၏၊ မခြားမြေးမြစ်၊ ကောရဇ်တိ၊ ဖြစ်သည့်မပျက်၊ ခြောက်ဆက်ဘုန်းယှိ၊ မြောက်လပြို့တွင်၊ သီရိသုဓမ္မရာဇာ၊ အချာအထွတ်၊ သားတော်လတ်လျှင်၊ တမွတ်ရွှေတောင်၊ အုပ်စိုးဆောင်က၊ အခေါ်မြွတော၊ ကောင်းကင်နေသို့၊ သခွေသီရိ၊ ရဲရဲညီမျှ၊ နှုရပတိရာဇာ၊ မဟာခတ္တိယ၊ ပေါ်စထွန်းလစ်၊ မွေရာဇ်ဟု၊ စင်စစ်မင်းကောင်း၊ ပေါင်ညောင်းလျှင်၊ ဘေးလောင်းမည်စံ၊ မုနေဘံက၊ နိုင်ငံတိုင်းကား၊ ဝန်းလျှားကျယ်စွာ၊ လူတကာကို၊ မေတ္တာဖျန်းဆွတ်၊ ချမ်းစေတတ်သား၊ မင်းမြတ်လက်ထက်သုံးပုံနက်ဝယ်၊ သိခက်ခဲလှ၊ မာဂဓကို၊ မြန်မာ့ဘာသာ၊ ပျို့ လင်္ကာဖြင့်၊ ဆိုပါစတုံ၊ လျှောက်ပတ်ရှုလျှင်၊ မွမ်းထုံစံမွှာ၊ ဒေသနာသည်၊ ။ဂါထာခြောက်ဆယ်ပြီး၏တည်း။

ပဌမကမ္ဗည်း

(၁) * ဖူးရားမြတ်စွာ၊ ကုသိနာနိုက်၊ ချမ်းသာ
မြိုက်မွန်၊ နိဗ္ဗာန်ဝင်စ၊ ထိုကာလနှင့်၊ ပြီးထဈ်စာ၊
သာသနာမူ၊ ကြာသည်မြင့်လစ်၊ နှစ်ထောင်နှစ်ဖြင့်၊
ပွားသစ်ခြောက်ဆယ်၊ တနှစ်ဝယ်လျှင်၊ အကျယ်
သက္ကရာဇ်၊ ရှစ်နှင့်သတ္တ၊ ကာလကိန်းခန်း၊ အစွန်းကိုးခု၊ ၈၇၉
ဥတုသရစ်၊ နှစ်ကား † ဇေယ၊ ကဆုန်လလျှင်၊ ပြည့်ဝ
ပုဏ္ဏာ၊ သောကြာဆန်းတက်၊ ညဲ့ ငါးရက်ဝယ်၊
လဂ်ကားကရကဋ်၊ ကြံ့လတ်တစု၊ ဂြိုဟ်ရာဟုနှင့်၊
ဂုရုအတူ၊ စန်းမူသိဟ်မှာ၊ အင်္ဂါမေထုန်၊ တသုန်နေဘီ၊
ရဝိဗုဒ္ဓ၊ မိဿအခွင်၊ မိန်တွင်သောကြာ၊ သောရာမနေ၊
ဤသို့စုရှဲ့၊ ကျမ်းပြုဆရာ၊ နှီးမွှမ်းစွာလျက်၊ ဓာတ်မှာ
ဆန်းစ၊ အမြိတ္တနိုက်၊ လုံ့လရှာမှီး၊ ဤစာပြီး၏၊
ကောင်းခြီးနှုမော်၊ သာဓုခေါ်လျက်၊ ဂုဏ်တော်တရား၊
နှုတ်ဝယ်ထားက၊ လေးပါးပါယ်ရှာ၊ လွန်နိုင်စွာ၍၊
ချမ်းသာသုံးတန်၊ စံစားလွန်မှ၊ ပြည်တန်ဆုကြီး၊ နိဗ္ဗာန်

---

* ပုဂံကျောက်စာဟောင်းများတွင် ဘုရားကို ဗုရဟာ-ပုရှာ-ဗုရဟား-ဗုရှာဟု ရေးထိုးကြသည်၊ ထို့ကြောင့် ပူဇာရဟာ-ပါဠိမှ ဦ,ဒီဃကို ဥ,ရဿသို့ ပ,ကိုဗသို့ ဇ,ကို ဘ,သို့ပြောင်း၍ ဇာ,နှင့်ဟာ ကျေ၊ရ-တွင် အာဒီဃရောက်၊ ဝိသဇ္ဇနီးခွေးဘော်ပေါက်နှင့် ဘုရားဟု-နောက်မှ ဖြစ်လာသည်ဟုယူရန်ယှိသည်။

† အဆိုပါသက္ကရာဇ် ၈၇၉-ခုကိုတည် နှစ်ခုနုတ် ၁၂-စား၊ တခုကြွင်းဖြစ်၍ ဇေယနှစ်ဟူ၏။

နှိုး၍၊ မျိုးသီးလေးခြား၊ သူတော်များတို့၊ တရားဆီမီး၊ အောင်စည်ကြီးကို၊ ညီးညီးပြောင်ပြောင်၊ ခါငါးထောင်နှိုက်၊ ရှက်ဆောင်လေ့က၊ ဓါရဏာဖြင့်၊ မုခဒွါရ၊ အရသာဟု၊ ပညာစိတ်ဖြား၊ နိဗ္ဗာန်ကြားသည်။ ။ ကျိုးများရှိရာ ဖွေသတည်း။

၂။ ဦးထားညွှတ်စွာ၊ မုဒိတာနှိုက်၊ ကြည်သာဝမ်းမြောက်၊ သဒ္ဓါပေါက်၍၊ ချိန်ထောက်ကုသိုလ်၊ ပွါးစေလို၍၊ မဂ်ဖိုလ်အညွန့်၊ ကြီးဖြန့်ပညာ၊ ဤသည့်စာမူ၊ နှောင်လာမှတ်ညီ၊ ဘုရားမှီသား၊ လောကီဈာန်မြတ်၊ သမာပတ်ဖြင့်၊ ပုံတတ်ဘုန်းယှိ၊ သုရှုစ်လျှင်၊ ကဝိပျို၄ါ၊ လေးဂါထာဖြင့်၊ တွေ့သာဂုဏာ၊ သုံးလူ့ဘကို၊ သံမြှုပ်ပျူး၊ ချီးမွမ်းဘူးသော်၊ ကျေးဇူးပင်ကိုယ်၊ မြင့်မိုရ်သမုဒြာ၊ သင်္ချာမြေထု၊ ဉာဏ်အစုနှင့်၊ ပြိုင်မှုအတူ၊ ကြီးသောဟူရှင့်၊ ဖြောင့်ယူမြတ်စွာ၊ ထိုပမာလျှင်ပညာပွါးလို၊ ငါတို့ကိုယ်တို၊ မဂ်ဖိုလ်အကြောင်း၊ ရှေးသူဟောင်းတို့၊ ဆုတောင်းတန်ခိုး၊ ပါရမီကို၊ ပွက်ချိုဒြေ၊ ဂေါတမကို၊ တောင့်တလှည့်ကာ၊ မတွေ့သာလည်း၊ ဂါထာချောက်ဆယ်၊ နိဒါန်းကျယ်ဖြင့်၊ ဆိုဘွယ်ချီးမွမ်း၊ သုံးပုံကျမ်းကို၊ ရူးစမ်းရှာမူး၊ အသင့်ခူး၍၊ ကျေးဇူးရှေ့ခါ၊ ဝါသနာကြောင့်၊ စိတ်ဖြာကြောင်းလျှား၊ ဘိတ်သွန်ကြားသည်။ ၊ယိုးယွားချိပါ ပေသတည်း။)

၃။ ရူးစားမြတ်စွာ၊ ပုံပြီးရာနှိုက်၊ ပညာထိုးထွင်း၊ သဒ္ဓါခြင်းဖြင့်၊ ပြီးလျှင်းအောင်အောင်၊ လို့လဆောင်လျက်၊ ငါးမြွှာင်ဘာယက်၊ လည်ဝယ်ပက်လျှင်၊ သုံးခက်မဥ္ဇူ၊ ပန်းတမူကား၊ ရှေ့ရှုထိပ်ပြင်၊ ဦးနှိုက်ဆင်မှာ၊

သဘင်သည်နှိုင်း၊ ပမာခိုင်း၍၊ နေ့တိုင်းကြည်ညို၊ ပွါးကုသိုလ်တိ၊ ကိုယ်ကိုနှိုးဆော်၊ အာရုံတော်လျက်၊ ရှေးသော်ကာလ၊ သုံးလူ့ဘဝယ်၊ စိတ္တသုကြွယ်၊ လူဆန်းကြယ်ကို၊ ဝမ်းဝယ်မြတ်နိုး၊ ပုံစံဒိုး၍၊ ကောင်းကျိုးငှဝေ၊ ကြိုးရှာဖွေလျက် မြတ်စေတနာ၊ သတ္တဝါအား၊ ချမ်းသာသုံးပါး၊ ဤမှာကားဟု၊ တရားတမ်းခွန်၊ ဟောဝေညွှန်၍၊ နိဗ္ဗာန်ရှေ့ရှု၊ ကူးမှတ်မူသား၊ ဇမ္ဗူဒီပါ၊ ဆိပ်သာအခင်း၊ ဗေဒမိရင်းနိုက်၊ လေးစင်ဦးတိုက်၊ သင်းဘောဆိုက်လည်း၊ ဘုန်းမြိုက်မြတ်မွန်၊ လွင့်ညဲ့ဟန်ဖြင့်၊ တတန်နှောင်လာ၊ ရတနာလျှင်၊ အုံပါများလှ၊ အနန္တတိ၊ ဘဝလေ့လောင်း၊ ဘော်သုံးကြောင်းနိုက်၊ ခနောင်းဝဲလယ်၊ တင်ပေကာယ်ပိမ့်၊ ပေါ်ယာယ်ကိုင်၊ မဇ္ဈေယျတွင်၊ ခဏသူငါ၊ နှီးရင်းရှာလျက်၊ ဥစ္စာအပြား၊ ခုနစ်ပါးကို၊ သိထားမြဲအောင်၊ ကံကျွေးဆောင်လျက်၊ တတ်ခေါင်ကြီးစည်၊ ဖူးအုံရည်သား၊ ရွှေမြည်သွားဘော်၊ ဂုဏ်ဖြင့်ဆော်၍၊ သူတော်တို့အား၊ စိတ်သန့်ပွါးသည် ။ကြိုးကြားညိုပါပေသတည်း။

၄။ ထူးခြားတတ်ပါ၊ ခုဉ္စါနိုက်၊ ချမ်းသာအရ၊ မေတ္တာငှလျက်၊ ဘဝသုံးထပ်၊ လူတို့ရပ်ကား၊ နေဝပ်မကျ၊ တကြွကြွလျှင်၊ သုခမမြဲ၊ ရောရာလွဲ့လျက်၊ ဆင်းရဲချမ်းသာ၊ ပြောင်းပြန်ကာလျှင်၊ ကမ္ဘာရှေ့ရည်၊ ဉာဏ်ခြောက်စည်ဖြင့်၊ ရှစ်မည်ကြီးစင်း၊ ထောင်ညွှတ်ကွင်းကို၊ ရှင်းရှင်းပယ်ချွတ်၊ မဂ်ဖြင့်သတ်၍၊ ချွေချွတ်ပါကြောင်း၊ ဆုမွန်တောင်းလျက်၊ ဖြစ်ဟောင်းလွန်ကာ၊ သံဝေရ၍၊ လောဘနိုင်ငံ၊ များမဆံဏညှိ၊ ပုံစံတူလျော်၊

နှိုးဆော်၊ မျိုးသီးလေးခြား၊ သူတော်များတို့၊ တရားသိမ်း၊
အောင်စည်ကြီးကို၊ ညီးညီးပြောင်ပြောင်၊ ခါငါးထောင်
နှိုက်၊ ရွက်ဆောင်လေ့က၊ ဓါရဏာဖြင့်၊ မုခသြဇာ၊
အရသာဟု၊ ပညာစိတ်ပြား၊ နိဗ္ဗာန်ကြားသည်။ ။
ကျိုးများရှိရာ ဖွေသတည်း။

၂။ ဦးထားညွှတ်စွာ၊ မုဒိတာနှိုက်၊ ကြည်သာဝမ်း
မြောက်၊ သဒ္ဓါပေါက်၍၊ ချိန်ထောက်ကုသိုလ်၊ ပွါးစေ
လို၍၊ မဂ်ဖိုလ်အညွှန်း၊ ကြိုးဖြန့်ပညာ၊ ဤသည့်စာမူ၊
နှောင်လာမှတ်ညီ၊ ဘုရားမိသား၊ လောကီဈာန်မြတ်၊
သမာပတ်ဖြင့်၊ ပုံတတ်ဘုန်းယှိ၊ သုရစ်လျှင်၊ ကဝိပျို
ငှါ၊ လေးဂါထာဖြင့်၊ ထွေသာဂုဏာ၊ သုံးလူ့ဘကို၊
သံမြုံ့ပျူး၊ ချီးမွမ်းဘူးသော်၊ ကျေးဇူးပင်ကိုယ်၊ မြင့်
မိုရ်သမုဒြာ၊ သင်္ချာမြေထု၊ ညာဏ်အစုနှင့်၊ ပြိုင်မှုအတူ၊
ကြီးသောဟူရှင့်၊ ဖြောင့်ယူမြတ်စွာ၊ ထိုပမာလျှင်(ပညာ
ပွါးလို၊ ငါတို့ကိုယ်တုံ၊ မဂ်ဖိုလ်အကြောင်း၊ ရေးသူ
ဟောင်းတို့၊ ဆုတောင်းတန္တိ၊ ပါရမီကို၊ ပွက်ချီသြဇာ၊
ဝေါ်တမကို၊ တောင့်တလှည့်ကာ၊ မတွေ့သာလည်း၊
ဂါထာခြောက်ဆယ်၊ နိဒါန်းကျယ်ဖြင့်၊ ဆိုဘွယ်ချီးမွမ်း၊
သုံးပုံကျမ်းကို၊ စူးစမ်းရှာမူး၊ အသင့်ခုနှ၍၊ ကျေးဇူး
ရှေ့ဒါ၊ ဝါသနာကြောင့်၊ စိတ်ဖြာကြောင်းလျား၊အိတ်
သွန်ကြားသည်။ ၊ယိုးယားချိပါ ပေသတည်း။)

၃။ စူးစားမြတ်စွာ၊ပြုပြီးရာနှိုက်၊ ပညာထိုးထွင်း၊
သဒ္ဓါခြင်းဖြင့်၊ ပြီးလျှင်းအောင်အောင်၊ လို့လဆောင်
လျက်၊ ငါးမြှောင်ဘယက်၊လည်ဝယ်ပက်လျှင်၊ သုံးခက်
မဥ္ဇူ၊ ပန်းတမူကား၊ ရှေ့ရှုထိပ်ပြင်၊ ဦးနှိုက်ဆင်မှာ၊

သဘင်သည်နှိုင်း၊ ပမာခိုင်း၍၊ နေ့တိုင်းကြည်ညို၊ ပွါး ကုသိုလ်တိ၊ ကိုယ်ကိုနှိုးဆော်၊ အာရုံတော်လျက်၊ ရှေးသော်ကာလ၊ သုံးလူ့ဘဝယ်၊ စိတ္တသူကြွယ်၊ လူဆန်းကြယ်ကို၊ ဝမ်းဝယ်မြတ်နိုး၊ ပုံစံမိုး၍၊ ကောင်းကျိုးငှဝေ၊ ကြီးရှာဖွေလျက် မြတ်စေတနာ၊ သတ္တဝါအား၊ ချမ်းသာသုံးပါး၊ ဤမှာကားဟု၊ တရားတမ်းခွန်၊ ဟောဝေညွှန့်ရှဲ့၊ နိဗ္ဗာန်ရှေ့ရှု၊ ကူးမှတ်မူသား၊ ဇမ္ဗူဒီပါ၊ ဆိပ်သာအခင်း၊ ဗောဓိရင်းနှိုက်၊ လေးစင်းဦးတိုက်၊ သင်းဘောဆိုက်လည်း၊ ဘုန်းမြိုက်မြတ်မွန်၊ လွှင့်ခဲ့ဟန်ဖြင့်၊ တတန်နှောင်လာ၊ ရတနာလျှင်၊ အုံ့ပါများလှ၊ အနန္တတိ၊ ဘဝလှေလှော်၊ ဘော်သုံးကြောင်းနှိုက်၊ ခနှောင်းဝဲလယ်၊ တင်ပေကယ်ဖိမ့်၊ ပေါယယ်ကိုင်၊ မေတ္တေယျတွင်၊ ခဏာသူငါ၊ နှိုးရင်းရှာလျက်၊ ဥစ္စာအပြား၊ ခုနစ်ပါးကို၊ သိုထားမြဲအောင်၊ ကံကျွေးဆောင်လျက်၊ တတ်ခေါင်ကြံစည်၊ ဖူးအံ့ရည်သား၊ ရွှေပြည်သွားဘော်၊ ဂုဏ်ဖြင့်ဆော်၍၊ သူတော်တို့အား၊ စိတ်သန့်ပွါးသည် ။ ကြိုးကြားညို့ပါပေသတည်း။

၄။ ထူးခြားတတ်ပါ၊ ခုဉ်ခါနှိုက်၊ ချမ်းသာအရ၊ မေတ္တာငှလျက်၊ ဘဝသုံးထပ်၊ လူတို့ရပ်ကား၊ နေဝပ်မကျ၊ တကြွကြွလျှင်၊ သုခမမြဲ၊ ရှေးရှုလှဲ့လျက်၊ ဆင်းရဲချမ်းသာ၊ ပြောင်းပြန်ကာလျှင်၊ ကြမ္မာရှေ့ရည်၊ ဉာဏ်ခြောက်စည်ဖြင့်၊ ရှစ်မည်ကြီးစင်း၊ ထောင်ညွှတ်ကွင်းကို၊ ရှင်းရှင်းပယ်ချွတ်၊ မဂ်ဖြင့်သတ်၍၊ ချေချွတ်ပါကြောင်း၊ ဆုမွန်တောင်းလျက်၊ ဖြစ်ပေါင်းလွန်ကာ၊ သံဝေရ၍၊ လောဘနိုင်ငံ၊ များမဆံတည်၊ ပုံစံတူလျော်၊

ငါသို့သော်မူ၊ မဟော်သဓော၊ ပညာနှိုင်းဆ၊ ဗိဒုရသို့ဖြူဆွနှလုံး၊ စင်ကြယ်သုံးလျက်၊ ကျင့်ထုံးမှတ်ပိုက်၊ ချမ်းသာမြိုက်ကို၊ စိုက်စိုက်ရှေ့ရှု၊ အရချူ၍၊ ဖြောင့်ယူသဒ္ဒါ၊ သံသရာလည်း၊ မြတ်ရာရကြောင်း၊ ကုသိုလ်လောင်းလျက်၊ လှူပေါင်းပစ္စည်း၊ တဖြည်းဖြည်းလျှင်၊ မိတည်းသျှင်ကျော်၊ ပွင့်လတ်တော်မူ၊ ရှေးသော်အခါ၊ သုမေဓာလျှင်၊ အင်္ဂါရှစ်ပါး၊ ဈာန်တရားနှင့်၊ ဘုရားဖြစ်၍၊ ကြိမ်လတ်တွေ့သို့၊ အောက်မေ့ဒိုလျက်၊ နှုတ်မပွက်တည်၍၊ ရေစက်သွန်းပေ၊ သုန္ဒရေကို၊ သက်သေမှတ်လျက်၊ ဘဝဂ်ဝိစီ၊ နှံ့သိတိုင်ကြွာ၊ မိဋ္ဌာန်ထားသည်။ ။မိုးဖျား ထိပါစေသတည်း။

၅။ထူးခြားနတ်ရွာ၊တုသိတာနှိုက်၊သစ္စာရင့်ညောင်း၊ မိတည်းလောင်းလျှင်၊ တသောင်းမြေထက်၊ လူ့ပြည်သက်၍၊ ရေစက်သွန်းရာ၊ ကြိမ်များစွာလျှင်၊ ဆယ်ဖြာပါရမီ၊ ဖြည့်တိုင်းညီ၍၊ ဘော်မှိုရှိုင်းပင်း၊ ခုက,ရင်းမူ၊ ပင်မင်းကဲ့ကော်၊ ပွင့်လတ်သော်လျှင်၊ သူတော်တို့အား၊ အင်ရှစ်ပါးနှင့်၊ ဘုရားမြတ်နှိုက်၊ ဖူးရန်ကြိုက်က၊ ရထိုက်ဆက်ဆက်၊ ဗျာဒိတ်စက်နှင့်၊ စုံမက်ရည်ငံ၊ တည်မတ်သံရှင့်၊ ပုဂံ,မြင်စိုင်း၊ စစ်ကိုင်း,ပင်းယ၊ အင်းဝဟူသည်၊ ဘုံနန်းတည်က၊ ရဲ့စည်အမျိုးတို့ဘေး,ဘိုးကား၊ မတ်ရှိုးမင်းစည်၊ ကောင်းဆက်ရှည်၍၊ ဤသည်ပညာ၊ ဝါသနာကြောင့်၊ ဆိုပါသည်မူ၊ အကြင်သူအား၊ ကြည်ဖြူကုသိုလ်၊ ပွါးစေလို၍၊ ထိုထိုမျှကျမ်း၊ မသင်ကျွမ်းလည်း၊ စူးစမ်းရှေ့နောက်၊ သဘောထောက်လျက်၊ လျှောက်လျှောက်ပတ်ပတ်၊ လောကဝတ်တွင်၊ အတတ်

သင့်ရုံ၊ ပိုက်အာဂုံတိ၊ ညွှန်းတုံတရား၊ နိဗ္ဗာန်ကြား သည်။ ။ဝိုးဝါးသိပါစေသတည်း။

ရတုပိုဒ်စုံ

၁။ အပ္ပမာဏော်၊ အဟော်ဗုဒ္ဓိ၊ တုမယှိသား၊ ဇုတိပိသော၊ နက်ကျယ်ပြော့လျက်၊ သျှင်စောလူး ထွတ်၊ ဂုဏ်တော်မြတ်နှင့်၊ မခွတ်မပြား၊ ဤတရားကို၊ မျိုးခြားလေးတန်၊ သူတော်မွန်တို့၊ ဗုဒ္ဓါန်ကရိုဏ်း၊ ဆို သောတိုင်းလျှင်၊ အားလှိုင်းလုံ့လ၊ ဓဒရဏဖြင့်၊ မုခ တန်ဆာ၊ ရတနာဟု၊ ဣရိယာပိုထ်၊ လေးပါးကြိုက် လျက်၊ ကိုယ်နှိုက်မကွာ၊ ဆောင်ရွက်ပါမူ၊ ရောဂါဒုက္ခ၊ သောကမျှမြွေး၊ ကင်းစင်ဝေးလျက်၊ ဘေးအန္တရာယ်၊ လွှဲဖယ်ကြဉ်ဖဲ၊ စည်းစိမ်ခြီးလျက်၊ ကြွခဲတုံစွာ၊ သာ သနာတွင်၊ ခန္ဓာတည်လျက်၊ စီးပွါးတက်၍။ ။အ သက်ရှည်စေ ကုန်သတည်း။

၂။ နရနာထော်၊ သုံးလူ့ ခေါ်တို့၊ ပူဇော် ခံထိုက်၊ ဦးထိပ်နှိုက်လျှင်၊ မကိုဋ်သရဖူ၊ ဆောင်းမှတ် မူလျက်၊ မဥ္ဇူသိရိ၊ ပုံ့ညိုကြိုဋ်ကြိုင်၊ ဘဝဂ်တိုင်သား၊ ကြီးခိုင်နဘော်၊ သမ္ဗုဒ္ဓေါ်၏၊ ထွေငေါ်ဖြစ်လား၊ ဂုဏ်တော်များကို၊ တတ်အားသမျှ၊ ကုသိုလ်ငှာ၍၊ ထက်မှကာမ၊ ခြောက်ထပ်ရွာနှင့်၊ ဗြဟ္မာနှစ်ဆယ်၊ အပါယ်လေးပါး၊ တခြားလူ့ပြည်၊ ကျင်လည်ကြစွာ၊ သတ္တဝါတို့၊ ချမ်းသာသုံးသီး၊ စံစားပြီးမှ၊ မြို့ကြီးသုခ၊ နိဗ္ဗာနသို့၊ ရောက်ရသောတိ၊ ဖြစ်ကုန်ဘိလျက်၊ မယှိ

နို့သမ်း၊ ပျော်ငြိမ်းချမ်း၍၊ သုတ်ချမ်းမွှေးတွင်း၊ ကြောင့်ကြကင်းလျက်၊ အခြင်းမွေ့သိမ်၊ ဗျာပါငြိမ်၍။ ။ စည်းစိမ်တည်စေကုန်သတည်း။

၃။ ဝယခါကျော်၊ ကြိမ်ငြားတော်တိ၊ လော်ကဗန္ဓု၊ သတ္တသုကို၊ မျက်ရှုဦးတိုက်၊ မဒိလိုက်လည်း၊ မကြိုက်ပါသည်၊ တမည်ဘိုသာ၊ သာသနာနှင့်၊ သဃ်ာ, ဓမ္မ၊ မွေ့တော်စသား၊ ဒါနလှုရေး၊ စေပျိုးပေးမှ၊ လိုရှိရ၏၊ ကဲးဆသီးလေ၊ မြူတောနက်ကိ၊ ကျိုးများယှိ၏၊ နှောင်းပြို့သော်လည်း၊ မြတ်သည်ချည်းလျှင်၊ မိတည်းသျှင်တော်၊ ပွင့်လတ်သော်တုံ၊ ဖူးမြော်စေချင်၊ အကြွင်သူ့အား၊ စီးပွါးလိုလှ၊ ချမ်းသာငှလျက်၊ (မေ့ဒါနံ၊ ကျော်သံမွှန်ကြား၊ ဤတရားကို၊ ဘုရားဟောတူ၊ နာမှတ်မူဖြင့်၊ ဖြောင်ယုသဒ္ဓါ၊ သူတော်စွာတို၊ မိတ္တာဝန်တို၊ ဦးလျှိုငြိတွယ်၊ ပစ်ပယ်ရန်ငြိတ်၊ ဖျောက်တိမ်ဖိတ်၍။ ။ကောင်းစိတ်ကြည်စေကုန်သတည်း။)

ဂါထာခြောက်ဆယ်ပျို့ ပြီးပြီ။

* * *